ကြေးမုံ
The Mirror
Established in 1957
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
၁၃၇၇ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၇ ရက်၊ တနင်္လာနေ့၊ (5-10-2015) (၈၃၄၄)


a t;ap jrap arwma&

- Ep&mwp&m q u q&m arwmv&i;o;
- rwaqci;om ayi;oi;&m arwmtjrwq;
- a t;apjrap arwma& o;av &y&mo;
- arwmpw"mw vejrijrw vewtcpq;
- arwm&e ulivi E oi;ye , rq;
- arwmye;ci u , pui zulyiow½;
- wp0;arwm wp0;rm &nlum&rre;
- w&m;aymuu , arwmjy , u;i , trm;re;
- arwmewye; yeqijre; &ive;pwEv;/

စံကင်းဆရာတော်

# မြန်မာ့ပညာရေး နိုင်ငံတကာအဆင့်မီ တိုးတက်မြင့်မားလာရေး အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ အဂ္ဂမဟာသရေစည်သူ အဂ္ဂမဟာသီရိသုဓမ္မ ဦးသိန်းစိန်ထံမှ ပေးပို့သော သဝဏ်လွှာ

**ဆရာ၊ဆရာမအပေါင်းတို့ခင်ဗျား-**

၂၀၁၅ ခုနှစ် အောက်တိုဘာလ ၅ ရက်နေ့တွင် ကျရောက်သည့် ကမ္ဘာ့ဆရာများနေ့အခါသမယတွင် မြန်မာနိုင်ငံတစ်ဝန်းလုံးရှိ ဆရာ၊ ဆရာမများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာရွှင်လန်းပါစေကြောင်း ဦးစွာ ဆုတောင်းမေတ္တာပို့သလိုက်ပါသည်။

ကမ္ဘာ့ဆရာများနေ့တွင် ဆရာ၊ ဆရာမများ၏ အရေးပါမှုနှင့် ဂုဏ်ကျေးဇူးကိုဖော်ကျူးသည့် အခမ်းအနားများကို ကမ္ဘာတစ်ဝန်း၌ ကျင်းပကြပါသည်။ မြန်မာလူ့အဖွဲ့အစည်းတွင် ရှေးယခင်ကတည်းက ဆရာ၊ ဆရာမများကို အနန္တဂိုဏ်းဝင် ကျေးဇူးရှင်များအဖြစ် လည်းကောင်း၊ လေးစားအတုယူထိုက်သည့်ပုဂ္ဂိုလ်များအဖြစ် လည်းကောင်း ရှေ့တန်းတင် ဂုဏ်ပြုချီးမြှောက်သည့် အစဉ်အလာရှိပြီး ဖြစ်ပါသည်။

မျက်မှောက်ကာလသည် ပညာခေတ်ကို ဖော်ဆောင်လျက်ရှိသော ရာစုနှစ်ဖြစ်သည်နှင့်အညီ ပညာရည်ပြည့်ဝသော လူ့အဖွဲ့အစည်းကို တည်ဆောက်ရန် လိုအပ်ပေသည်။ ထိုသို့ တည်ဆောက်ရာတွင် အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်များမွေးထုတ်ရေးသည် အဓိကပဓာနဖြစ်ပြီး အရည်အချင်းပြည့်ဝသော ဆရာများကသာ စွမ်းဆောင်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်ပေသည်။

**စာမျက်နှာ ၃ ကော်လံ ၁ သို့**

# ဆန္ဒမဲလက်မှတ်များ အချိန်မီပြီးစီးရေး စီစဉ်ဆောင်ရွက်နေ

**အမေး အရေး - မြင့်မောင်စိုး**
**ဓာတ်ပုံ - ကျော်သူဝင်း၊ ရာမည**

လာမည့် နိုဝင်ဘာ ၈ ရက်တွင် တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကြီး ကျင်းပပေတော့မည်။

ဒီတစ်ခါ ရွေးကောက်ပွဲကြီးသည် ယခင့်ယခင် ရွေးကောက်ပွဲများနှင့် မတူဘဲ ရွေးကောက်ပွဲအတွေ့အကြုံများအရ စည်းကမ်းစနစ်ကျနမှုရှိပြီး တရားမျှတမှုအရှိဆုံးနှင့် လွတ်လပ်မှုအရှိဆုံးဖြစ်အောင် ရွေးကောက်ပွဲတာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် စီစဉ်ဆောင်ရွက်လျက်ရှိသည်။

ထို့ကြောင့်လည်း မြန်မာ့ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေး ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပရန် ကြိုးပမ်းနေမှုများကို ပြည်တွင်း လေ့လာစောင့်ကြည့်သူများသာမက နိုင်ငံတကာအသိုင်းအဝိုင်းကပါ အထူးအလေးထားစိတ်ဝင်စားလျက်ရှိသည်။

ဒီတစ်ခါ ရွေးကောက်ပွဲကြီးသည် မြန်မာ့ရွေးကောက်ပွဲ သမိုင်းတွင် ကောင်းမွန်သော မှတ်ကျောက်အတင်ခံရသည့် ရွေးကောက်ပွဲကြီးအဖြစ် ကျန်ရစ်နေစေရန် ရွေးကောက်ပွဲတာဝန်ရှိသူအသီးသီးက ကြိုးပမ်းအားထုတ်လျက်ရှိကြသည်။

ဤသို့ ရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေး ကဏ္ဍအလိုက်

**စာမျက်နှာ ၈ ကော်လံ ၁ သို့ ❖**




နေပြည်တော်တွင် ဆန္ဒမဲလက်မှတ်များအား ပုံနှိပ်စက်ကြီးများဖြင့် ရိုက်နှိပ်နေသည်ကို တွေ့ရစဉ်။




ကြေးမုံစာတည်းရှုထောင့် ၅-၁၀-၂၀၁၅၊ တနင်္လာနေ့

# အနန္တဂိုဏ်းဝင်မြတ်ဆရာ

လူမှုဘဝနယ်ပယ်တွင် ရယူခြင်းနှင့်ပေးဆပ်ခြင်းဟူ၍ရှိသည်။ အချို့က ရယူခြင်းသက်သက်သာရှိသည်။ အချို့က ပေးဆပ်ခြင်းသက်သက်သာပြုသည်။ အချို့က ရယူခြင်းနှင့်ပေးဆပ်ခြင်းကို မျှဝေဆောင်ရွက်တတ်သည်။ ထိုသုံးမျိုးတွင် ပေးဆပ်ခြင်းသက်သက်မှာ အမြတ်ဆုံးဖြစ်သည်။ ထိုပေးဆပ်ခြင်းကို အနန္တဂိုဏ်းဝင် ကျေးဇူးရှင်တို့သာ ဆောင်ရွက်တတ်သည်။

ထိုကျေးဇူးရှင်များတွင် မြတ်ဆရာလည်းပါဝင်သည်။ ထိုသို့ပေးဆပ်ရသဖြင့် ဆရာများအား "တပည့်မရှား၊ တစ်ပြားမရှိ ပီတိကိုစား၊ အားရှိပါ၏" ဟု အများက ဆိုကြသည်။ ဆရာသည် မိမိတို့၏တပည့်များအား အသိပညာ၊ အတတ်ပညာများ ပေးဝေရုံသက်သက်သာ ဆန္ဒရှိသည်။ မိမိအတွက် တပည့်များထံမှ တစ်ဖန် ပြန်လည်၍ ရယူလိုခြင်းအလျှင်းမရှိချေ။ ထို့ကြောင့် ပီတိကိုသာစားပါ၏ ဟုဆိုခြင်းဖြစ်သည်။

ဆရာသည် စေတနာဆရာ၊ မြတ်ဆရာသာဖြစ်သည်။ အမှန်တွင် ကျောင်းသင်ဆရာတို့သည် မိဘ၏စောင့်ရှောက်မှု၊ မိဘ၏အုပ်ထိန်းမှု၊ မိဘ၏အသိပညာပေးဝေမှုတို့ထက် ပိုကဲသာလွန်သည်ဟု ဆိုနိုင်ပါသည်။ ကျောင်းနေအရွယ်များတွင် မိဘတို့မှာ ညချမ်းအချိန်အခါတွင်သာ ထဲထဲဝင်ဝင် ရှိတတ်ပြီး ကျန်အချိန် နေ့ပိုင်းတစ်ချိန်လုံး ကျောင်းတွင် ဆရာများနှင့်သာ ထိတွေ့နေရသောကြောင့် မိဘထက် ဆရာများက ပိုသည်ဟု ဆိုခြင်းဖြစ်သည်။

ဆရာသည် မိမိ၏တပည့်များအပေါ်တွင် အဆင့်အတန်းမခွဲခြားဘဲ ကြီးမားသော မေတ္တာ၊ ကရုဏာ၊ စေတနာ၊ ဝါသနာ တို့ကိုအရင်းပြုကာ ဆရာများ တတ်ကျွမ်းသမျှ အတတ်ပညာ၊ အသိပညာသာမက အသိအမြင်ဗဟုသုတများကိုပါ အကုန်အစင် အိတ်သွန်ဖာမှောက် ပေးဝေကြသူများဖြစ်သည်။ မိမိတို့တပည့်များအား လိမ္မာရေးခြားရှိပြီး လူတော်လူကောင်းဖြစ်အောင်၊ ထူးချွန်ထက်မြက်သူများဖြစ်အောင်၊ နိုင်ငံ့သားကောင်းများဖြစ်အောင် လေ့ကျင့်ပြုစုပျိုးထောင်ပေးကြသူများဖြစ်သည်။

မိမိတို့၏တပည့်များ ထူးချွန်ထက်မြက်ပြီး အောင်မြင်ကြီးပွားတိုးတက်သည်ဟု ကြားသိရလျှင် ဝမ်းသာပီတိဖြစ်ကြရပြီး မိမိတို့တပည့်များ အောင်မြင်တိုးတက်မှုမရှိ လိမ္မာရေးခြားမရှိလျှင်လည်း ကရုဏာသက်ကာ ဖြေသိမ့်ကြသည်။ ခွင့်လွှတ်နားလည်ပေးကြသည်။ တော်တည့်ဖြောင့်မတ်အောင် လမ်းမှန်ညွှန်ပြပေးချင်ကြသည်။ ဆရာများ၏ မေတ္တာ၊ စေတနာမှာ ကြီးမားလှပါသည်။

ဆရာများ၏ သွန်သင်ပြသမှုကြောင့် ကြီးပွားတိုးတက်ကြသောတပည့်များ၊ ခေါင်းဆောင်များ၊ ထင်ရှားသူများရှိကြသော်လည်း ထိုတပည့်တို့အား ငါ၏တပည့်ဟု ကြွားဝါခြင်းလည်းအလျှင်းမရှိချေ။ ထိုတပည့်တို့ကိုလည်း မျှော်လင့်ခြင်းလည်းမရှိကြချေ။ ထိုတပည့်တို့ ကြီးပွားတိုးတက် အောင်မြင်ခြင်းအတွက် ဝမ်းသာပီတိဖြစ်ခြင်းနှင့်သာ ကျေနပ်နေတတ်သည်။ တပည့်များက ဆရာအား ပြန်လည်ကြည့်ရှုဂါရဝပြုမှု နည်းပါးလှသည်။

မျက်မှောက်ကာလတွင် ဆရာတို့အား တပည့်များက ပြန်လည်အသိအမှတ်ပြု ဂါရဝပြုကြသည့် အလေ့အထများဖြစ်ထွန်းလာသည်ကို မြင်တွေ့ရသဖြင့် ကျေးဇူးသိတတ်သော တပည့်များအဖြစ် ဝမ်းမြောက်မိပါသည်။ အာစရိယပူဇော်ပွဲ၊ ဆရာကန်တော့ပွဲများကို အမြို့မြို့အနယ်နယ်ရှိ ကျောင်းထွက်တပည့်ဟောင်းများက အခမ်းအနားများပြုလုပ်၍ ဂုဏ်ပြုပူဇော်ကြသည်ကို မြင်တွေ့ရသည်မှာ ကြည်နူးဖွယ်ဖြစ်သည်။

တပည့်ဟောင်းများက ဆရာဟောင်းများအား ပူဇော်ကန်တော့ခြင်းအမှုသည် အလွန်မွန်မြတ်ပါသည်။ ဆရာအဖြစ် အသက်ထက်ဆုံး အသက်မွေးဝမ်းကျောင်းပြုကာ တပည့်များအား ပညာရည်နို့တိုက်ကျွေးပြုစုခဲ့ကြသည့် ဆရာများအနေဖြင့် အသက်အရွယ်အိုမင်းပြီး ဆရာအဖြစ်မှ အနားယူသွားချိန်တွင် ထိုဆရာများအား ဂုဏ်ပြုပူဇော်ခြင်းသည် ဆရာအို၊ ဆရာဟောင်းများ၏ စိတ်ဓာတ်ခွန်အား၊ ပီတိသုခတို့ကို ပေးရာရောက်သည်။ အိုမင်းမစွမ်းဖြစ်၍ အားနည်းချိန်တွင် ထိုသို့ဆောင်ရွက်ခြင်းသည် လျော်ကန်သင့်မြတ်ကောင်းမွန်လှသည်။

ထိုအစဉ်အလာကောင်းများကို ဆရာဟောင်းမဖြစ်မီ၊ တပည့်ဟောင်းမဖြစ်မီ လက်ရှိပညာရှာမှီးနေချိန်တွင်လည်း တပည့်သစ်များက လက်ရှိဆရာများအား နှစ်စဉ်ပူဇော်ကန်တော့သင့်ပါသည်။ ထိုအခါ ပူဇာစ ပူဇနေယျာနံ ပူဇော်ထိုက်သူဆရာများကို ပူဇော်သော အလေ့အထကောင်းများရရှိရုံသာမက ဆရာဟူသော ကျေးဇူးရှင်ကို ကျေးဇူးရှင်မှန်း ပိုမိုသိရှိနားလည်နိုင်ပါ၍ တပည့်များအားလုံးက ထိုအစဉ်အလာကောင်းကို ဆောင်ရွက်စေချင်ပါသည်။ ။

# ထိုင်းနိုင်ငံဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓိုန် မြိတ်မြို့သို့ သွားရောက်လေ့လာ

**မြိတ် အောက်တိုဘာ ၄**

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း၏ ဖိတ်ကြားချက်အရ မြန်မာနိုင်ငံ၌ ရောက်ရှိနေသည့် ထိုင်းနိုင်ငံဘုရင့်သမီးတော် မဟာချက်ကရီသီရိဒ္ဓိုန်သည် ယနေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့မှ တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့သို့ အထူးလေယာဉ်ဖြင့် သွားရောက်ကြသည်။



မဟာချက်ကရီ သီရိဒ္ဓိုန်မင်းသမီးဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ဒေါက်တာကျော်ဆန်းနှင့်ဇနီး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ၊ တာဝန်ရှိသူများနှင့် ကျောင်းသား ကျောင်းသူလေးများက မြိတ်လေဆိပ်တွင် ကြိုဆိုကြသည်။

ထို့နောက် မဟာချက်ကရီသီရိဒ္ဓိုန်မင်းသမီးနှင့်အဖွဲ့သည် မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီးသိမ်တော်ကြီးဘုရားသို့ သွားရောက်ပြီး ပန်း၊ ဆီမီး၊ ရေချမ်းဆက်ကပ်ပူဇော်လှူဒါန်းကာ ဧည့်သည်တော်မှတ်တမ်းတွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ဘုရားဂေါပကမှ ဘုရားသမိုင်းကြောင်းအား ရှင်းလင်းပြောကြားပြီး အမှတ်တရ လက်ဆောင်ပန်းချီကားကို မဟာချက်ကရီသီရိဒ္ဓိုန်မင်းသမီးထံ ပေးအပ်ခဲ့သည်။

ဆက်လက်၍ မဟာချက်ကရီသီရိဒ္ဓိုန်မင်းသမီးနှင့်အဖွဲ့အား မြိတ်ခရိုင်ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌ ဦးလှသန်းက မြိတ်မြို့ ဗိုလ်ချုပ်လမ်းရှိ Hotel GRAND JADE ၌ နေ့လယ်စာဖြင့် တည်ခင်းဧည့်ခံသည်။

ယင်းနောက် မဟာချက်ကရီသီရိဒ္ဓိုန်မင်းသမီးနှင့်အဖွဲ့သည် မြိတ်မြို့ အလယ်ကျွန်းရပ်ကွက်ရှိ တောကျောင်းပရိယတ္တိစာသင်တိုက်သို့သွားရောက်ပြီး ပဓာနနာယကဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ တေဇောဘာသအား သွားရောက်ဖူးမြော်ပြီး ကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းသမိုင်းဝင် ဘုရားနှင့် သိမ်များအား လေ့လာကြည့်ရှုသည်။

ထို့နောက် မဟာချက်ကရီသီရိဒ္ဓိုန်မင်းသမီးနှင့်အဖွဲ့သည် မြိတ်တောင်ကျေးရွာအုပ်စုရှိ မိုးကုတ်ဝိပဿနာဓမ္မရိပ်သာ အရှေ့သိမ်ကျောင်းသို့သွားရောက်ကာ ဆရာတော်ဦးဩဘာသအား သွားရောက်ဖူးမြော်ကြည်ညိုပြီး ကျောင်းဝင်းအတွင်းရှိ ရှေးဟောင်းသမိုင်းဝင်ဘုရားနှင့်သိမ်အား လေ့လာကြည်ညိုသည်။

ဆက်လက်ပြီး မဟာချက်ကရီသီရိဒ္ဓိုန်မင်းသမီးနှင့်အဖွဲ့သည် မြိတ်မြို့အတွင်းသို့ မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုလေ့လာကြပြီး ညနေ ၃နာရီ ၁၀ မိနစ်တွင် အထူးလေယာဉ်ဖြင့် နေပြည်တော်သို့ ဆက်လက်ထွက်ခွာရာ တာဝန်ရှိသူများက မြိတ်လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြသည်။

ယင်းနောက် ညနေ ၆ နာရီတွင် မဟာချက်ကရီသီရိဒ္ဓိုန်မင်းသမီးနှင့်အဖွဲ့သည် နေပြည်တော်လေဆိပ်သို့ ရောက်ရှိလာရာ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများက လေဆိပ်တွင် ကြိုဆိုနှုတ်ဆက်ကြသည်။**(အပေါ်ပုံ)**

**(သတင်းစဉ်)**




# နိုင်ငံရေးပါတီများ၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များ မြန်မာ့ရုပ်မြင်သံကြား၊ မြန်မာ့အသံ ရေဒီယိုနှင့် နိုင်ငံပိုင်သတင်းစာများမှ ထုတ်လွှင့်ဖော်ပြသွားမည်

**နေပြည်တော် အောက်တိုဘာ ၄**

ရှမ်းပြည်နယ်အရှေ့ပိုင်းဖွံ့ဖြိုးတိုးတက်ရေး ဒီမိုကရက်တစ်ပါတီ၊ မဟာမိတ်တောင်သူလယ်သမားပါတီနှင့် အာခါအမျိုးသားဖွံ့ဖြိုးတိုးတက်ရေးပါတီတို့၏ ပြည်သူများသို့ စည်းရုံးဟောပြောချက်များကို အောက်တိုဘာ ၅ ရက်ည ၇ နာရီတွင် မြန်မာ့ရုပ်မြင်သံကြား(MRTV)၊ လွှတ်တော်ရုပ်သံလိုင်း၊ MWD (Variety)၊ မြန်မာ့အသံရေဒီယိုနှင့် ရွှေ FM တို့မှ ထုတ်လွှင့်သွားမည်ဖြစ်ပြီး အောက်တိုဘာ ၆ ရက်ထုတ် နိုင်ငံပိုင်သတင်းစာများဖြစ်သော ကြေးမုံသတင်းစာနှင့် မြန်မာ့အလင်းသတင်းစာတို့၌ ဖော်ပြသွားမည်ဖြစ်ပါသည်။ **(သတင်းစဉ်)**

# မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲ ကျင်းပမည်

**နေပြည်တော် အောက်တိုဘာ ၄**

မြန်မာ့အသံမှ ထုတ်လွှင့်သည့် အသံလွှင့် အစီအစဉ်များအပေါ် ဝေဖန်အကြံပြုချက်များ ရရှိစေရန်၊ မြန်မာ့အသံ၏ ဒေသဆိုင်ရာ အမာခံသတင်းထောက်များ တိုးပွားလာစေရန်နှင့် သောတရှင်များနှင့် မြန်မာ့အသံဝန်ထမ်းများအကြား ရင်းနှီးချစ်ကြည်မှုပိုမိုရရှိစေရန် ရည်ရွယ်လျက် မြန်မာ့အသံချစ်သူများအဖွဲ့ အဖွဲ့ဝင်များတွေ့ဆုံပွဲ အခမ်းအနားကို မြစ်ကြီးနားမြို့ မြို့တော်ခန်းမ၌ အောက်တိုဘာ ၁၁ ရက် မွန်းလွဲ ၁ နာရီတွင် ကျင်းပသွားမည်ဖြစ်သည်။

မြန်မာ့အသံ ဝန်ထမ်းများနှင့် သောတရှင်ပရိသတ်များ တိုက်ရိုက်တွေ့ဆုံခွင့်ရမည့် အဆိုပါအခမ်းအနားကို PSI Myanmar ၏ ပံ့ပိုးကူညီမှုဖြင့် ကျင်းပမည်ဖြစ်ပြီး အခမ်းအနားတွင် နိုင်ငံကျော်တေးသံရှင်များဖြစ်သည့် ဂျင်နီ၊ ဇမ်နူး၊ ခင်စုစုနိုင်တို့ အပါအဝင် မြတ်ဆုမွန်၊ စောမင်းနောင်၊ မျိုးဆွေသန့်၊ မိမိခိုင်၊ စပယ်ဖြူသိန်း၊ ပန်းအိဝေနှင့် မြန်မာ့အသံဝိုင်းတော်သားများက မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်အတူ တေးသီချင်းများဖြင့် သီဆိုဖျော်ဖြေကြမည်ဖြစ်သည်။

ထို့ပြင် PSI Myanmar ၏ မိခင်/ကလေးကျန်းမာရေးဆိုင်ရာ ဟောပြောပွဲ၊ ဉာဏ်စမ်းမေးခွန်းများ ဖြေဆိုမှုနှင့် လက်ဆောင်ပစ္စည်းများ ချီးမြှင့်ခြင်းအစီအစဉ်များလည်း ပါဝင်မည်ဖြစ်သည်။

တက်ရောက်လိုသူ မြန်မာ့အသံချစ်သူ အဖွဲ့ဝင်များအနေဖြင့် အောက်တိုဘာ ၇ ရက် နောက်ဆုံးထား၍ ဖုန်း-၀၆၇-၇၉၂၁၅ သို့ ဆက်သွယ် စာရင်းပေးသွင်းရမည်ဖြစ်ပြီး အဖွဲ့ဝင်အသစ် များလည်း အဆိုပါ ဖုန်းနံပါတ်သို့ ဆက်သွယ်ဝင်ရောက်ကာ အခမ်းအနားသို့ တက်ရောက်ခွင့်ရယူနိုင်ကြသည်။

အဆိုပါ မြန်မာ့အသံချစ်သူများအဖွဲ့ တွေ့ဆုံပွဲအခမ်းအနားကို မကွေးတိုင်းဒေသကြီး မကွေးမြို့၌ အောက်တိုဘာ ၂၅ ရက်တွင် ဆက်လက်ကျင်းပသွားမည် ဖြစ်ကြောင်း သိရသည်။ **(ကြေးမုံ)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေးဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်ထက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ဓမ္မသကြိန်၊ ဓအေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(ဖိုးသွား)
အထူးသတင်းထောက် - ဆုနှင်းလှိုင်၊ သီရိ

## ပြည်တွင်းရေးရာ

**ရှေ့ဖုံးမှ**

ကမ္ဘာ့နိုင်ငံများ၏ ၂၀၁၅ ခုနှစ်အလွန် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်များ (Sustainable Development Goals) တွင် ပညာရေးဆိုင်ရာရည်မှန်းချက်တစ်ခု ပါဝင်ပါသည်။ ယင်းရည်မှန်းချက်မှာ **"အားလုံးပါဝင်နိုင်ပြီး တန်းတူညီမျှသည့် အရည်အသွေးမြင့်ပညာရေးနှင့် တစ်သက်တာသင်ယူနိုင်မည့် အခွင့်အလမ်းကို အားပေးမြှင့်တင်ရေး"** ဖြစ်ပါသည်။ ထိုရည်မှန်းချက် ပြည့်မီရေးအတွက် ဆရာများ၏ အခန်းကဏ္ဍနှင့်အရည်အသွေး မြှင့်တင်ရန် လိုအပ်လာသည့်အတွက် ၂၀၁၅ ခုနှစ် ကမ္ဘာ့ဆရာများနေ့၏ ဆောင်ပုဒ်ကို **"လူ့အဖွဲ့အစည်း စဉ်ဆက်မပြတ် တိုးတက်ရေး ဆရာ့စွမ်းရည်မြှင့်တင်ပေး" "Empowering Techers, Building Sustainable Societies"** ဟု ဖော်ညွှန်းထားပါသည်။

မြန်မာနိုင်ငံ၌ အခြေခံပညာကဏ္ဍတွင်ကျောင်းသားဦးရေ ၈ ဒသမ ၈သန်းနှင့် ဆရာဦးရေ သုံးသိန်းကျော်ရှိပြီး အဆင့်မြင့်ပညာနှင့်သက်မွေးပညာကဏ္ဍတွင် ကျောင်းသားဦးရေ ခြောက်သိန်းကျော်နှင့် ဆရာဦးရေ နှစ်သောင်းကျော်ရှိပါသည်။ နှစ်စဉ်တိုးတက်လာသောကျောင်းသားအရေအတွက်နှင့်ဆရာအင်အား အချိုးညီစေရေးအတွက် ဆရာများလေ့ကျင့်မွေးထုတ်ရေး၊ တိုးချဲ့ခန့်ထားရေး၊ ဆရာများ၏လုပ်ငန်းခွင်ဘဝ သာယာရေးနှင့် လူမှုဘဝ အဆင့်အတန်းမြင့်မားရေးတို့အတွက် နိုင်ငံတော်အစိုးရက အစီအမံများချမှတ်၍ အလေးထားဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၂ ခုနှစ်မှစတင်၍ ဘက်စုံလွှမ်းခြုံသော ပညာရေးကဏ္ဍလေ့လာသုံးသပ်ရေးလုပ်ငန်း (CESR)ကို ပြည်တွင်း ပြည်ပပညာရှင်များ ပါဝင်သောအဖွဲ့က ဆောင်ရွက်ခဲ့ပြီး CESR အစီရင်ခံစာတွင် ပညာရေးကဏ္ဍကို နိုင်ငံတကာအဆင့်မီပညာရေးဖြစ်အောင် လက်တွေ့ကျကျ ပြုပြင်ပြောင်းလဲနိုင်ရေးအတွက် ပညာရေးမူဝါဒများနှင့် ပညာရေးဥပဒေကို ခိုင်ခိုင်မာမာ ချမှတ်ဆောင်ရွက်ရန် လိုအပ်ကြောင်း သုံးသပ်အကြံပြုခဲ့ပါသည်။ ယင်းအကြံပြုချက်အရ ပညာရေးဥပဒေကို ပညာရှင်များက ရေးဆွဲ၍ အများဆန္ဒသဘောထားများ ရယူကာ ၂၀၁၄ ခုနှစ် စက်တင်ဘာ ၃၀ ရက်တွင် အမျိုးသားပညာရေးဥပဒေကိုလည်းကောင်း၊ ၂၀၁၅ ခုနှစ် ဇွန် ၂၅ ရက်တွင် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကိုလည်းကောင်း၊ ပြဋ္ဌာန်းခဲ့ပါသည်။

အမျိုးသားပညာရေးဥပဒေအရ ကျင့်သုံးအကောင်အထည်ဖော်မည့် အမျိုးသားပညာရေးစနစ်တွင် မူကြိုပညာရေးနှင့် မူလတန်းပညာရေးသည် အခြေခံကျပြီး အရေးအကြီးဆုံးဖြစ်ပါသည်။ ပြဋ္ဌာန်းပြီးသည့် ဥပဒေနှင့်အညီ ၂၀၁၆-၂၀၁၇ ပညာသင်နှစ်တွင် သူငယ်တန်းကို သင်ရိုးအသစ်ပြောင်းလဲပြီး စတင်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ အဆင့်မြင့်ပညာရေးတွင်လည်း တက္ကသိုလ်၊ ကောလိပ်များသည် လွတ်လပ်စွာစီမံခန့်ခွဲနိုင်မည်ဖြစ်ပြီး ဆရာ ဆရာမများသည် ပညာရပ်ဆိုင်ရာ လွတ်လပ်ခွင့်နှင့် သင်ယူလေ့လာမှု လွတ်လပ်ခွင့်များရရှိမည် ဖြစ်ပါသည်။

ထူးချွန်ထက်မြက်သည့် အနာဂတ်မျိုးဆက်သစ်များ ပေါ်ထွန်းလာရေးသည် လက်ဦးဆရာ ဆရာမများ၏ အရည်အသွေးနှင့် စွမ်းဆောင်ရည်ပေါ်တွင် မူတည်ပါသည်။ ထို့ပြင်ပညာရေးရည်မှန်းချက်များဖြစ်သည့် သာတူညီမျှသော ပညာရေး၊ လူတိုင်းသင်ယူနိုင်ခွင့်ရှိသောပညာရေးနှင့် အရည်အသွေးရှိသောပညာရေးဖြစ်လာရန်မှာ ဆရာများ၏ ဩဇာတိက္ကမနှင့် စွမ်းဆောင်ရည်ပေါ်တွင် တည်မှီလျက်ရှိပါသည်။

နိုင်ငံတော်သည် ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် ဘက်စုံထောင့်စုံမှ ပံ့ပိုးပေးလျက်ရှိသည်နှင့် အညီ ဆရာ ဆရာမများအနေဖြင့်လည်း မြန်မာ့ပညာရေး နိုင်ငံတကာအဆင့်မီ တိုးတက်မြင့်မားလာရေးအတွက် အားသွန်ခွန်စိုက် ကြိုးပမ်းဆောင်ရွက်သွားကြပါရန် တိုက်တွန်းအပ်ပါသည်။

> **မျက်မှောက်ကာလသည် ပညာခေတ်ကို ဖော်ဆောင်လျက်ရှိသော ရာစုနှစ်ဖြစ်သည်နှင့်အညီ ပညာရည်ပြည့်ဝသော လူ့အဖွဲ့အစည်းကို တည်ဆောက်ရန် လိုအပ်ပေသည်။ ထိုသို့ တည်ဆောက်ရာတွင် အရည်အသွေးပြည့်ဝသော လူသားအရင်းအမြစ်များမွေးထုတ်ရေးသည် အဓိကပဓာနဖြစ်ပြီး အရည်အချင်းပြည့်ဝသော ဆရာများကသာ စွမ်းဆောင်ဖြည့်ဆည်းပေးနိုင်မည်ဖြစ်။**

# ကမ္ဘာ့ဆရာဆရာမများနေ့ အခါသမယတွင် ပေးပို့သောပူးတွဲသဝဏ်လွှာ
# လူ့အဖွဲ့အစည်းစဉ်ဆက်မပြတ်တိုးတက်ရေး ဆရာ့စွမ်းရည်မြှင့်တင်ပေး

၅-၁၀-၂၀၁၅

နှစ်စဉ်ကမ္ဘာ့ဆရာဆရာမများနေ့တွင် ဆရာဆရာမများကိုလည်းကောင်း၊ မည်သည့်နေရာဒေသတွင်မဆို ကလေးသူငယ်များကို အရည်အသွေးမြင့်မားသော ပညာရေးဖြည့်ဆည်းပေးရာတွင် ဆရာဆရာမများပါဝင်ရသည့် ဗဟိုအချက်အချာ အခန်းကဏ္ဍကိုလည်းကောင်း ချီးကျူးဂုဏ်ပြုကြပါသည်။ ယနေ့တွင် ရေရှည်တည်တံ့နိုင်သောဖွံ့ဖြိုးရေးရည်မှန်းချက်ပန်းတိုင်များအတွက် ၂၀၃၀ ခုနှစ် လုပ်ငန်းစဉ်သစ်အတွက် ကမ္ဘာ့အသိုက်အဝန်းတစ်ရပ်လုံး စုစည်းလာချိန်တွင် ဆရာဆရာမများ၏ အခန်းကဏ္ဍမှာ အရေးကြီးဆုံးနေရာသို့ ရောက်ရှိလာပါသည်။

ကမ္ဘာတစ်ဝန်းပညာရေးရည်မှန်းချက်သစ်ဖြစ်သည့် SDG 4 မှာ ၂၀၃၀ ခုနှစ် ပညာရေးလုပ်ငန်းစဉ်၏ ဗဟိုအချက်အချာဖြစ်ပါသည်။ "အများပါဝင်ပြီး သာတူညီမျှရှိသောအရည်အသွေးမြင့်ပညာရေးဖြစ်စေရန် ဆော်သြထားပြီး အားလုံးအတွက် တစ်သက်တာလေ့လာသင်ယူနိုင်မည့် အခွင့်အလမ်းများကို အားပေးမြှင့်တင်ပါသည်။" ဤရည်မှန်းချက်ပန်းတိုင် အကောင်အထည်ဖော်ရေးမှာ ကမ္ဘာတစ်ဝန်းဖွံ့ဖြိုးရေးလျာထားချက်များအားလုံးအောင်မြင်ရေးအတွက် အထူးအရေးကြီးပါသည်။ အင်အားတောင့်တင်းသောလူ့အဖွဲ့အစည်းများဖြစ်ရန်မှာ နိုင်ငံသားများပညာရေးကောင်းမွန်ပြီးအလုပ်သမားအင်အားစုမှာ လေ့ကျင့်ရေးကောင်းမွန်ရန် လိုအပ်ပါသည်။ သို့ရာတွင် ဆရာ ဆရာမများကို ခေါ်ယူခန့်ထားခြင်း၊ ပံ့ပိုးမှုပေးခြင်းနှင့် စွမ်းဆောင်နိုင်စေခြင်းတို့တွင် ရင်းနှီးမြှုပ်နှံမှသာ ဤအစီအစဉ်ကို အကောင်အထည်ဖော်နိုင်ပါမည်။

ကလေးသူငယ်များလေ့လာသင်ယူမှုတွင် ဆရာဆရာမများအရည်အသွေး မြင့်မားရေးသည် အရေးကြီးဆုံး အကြောင်းအချက်ဖြစ်သည်ဟု ပိုမို၍ အသိအမှတ်ပြုလာကြပါသည်။ သို့ဖြစ်၍ ပညာရည်အဆင့် တိုးတက်ကောင်းမွန်ရန်လည်းကောင်း၊ လူ့အဖွဲ့အစည်းအတွင်းနှင့် ယနေ့ အသိပညာအခြေခံစီးပွားရေးတွင် လူငယ်များပါဝင်လုပ်ကိုင်နိုင်စွမ်းတိုးမြင့်ရန်လည်းကောင်း၊ ထုတ်လုပ်မှုစွမ်းအားနှင့် ကြွယ်ဝချမ်းသာမှုကိုမြှင့်တင်ရာတွင်လည်းကောင်း ဆရာ ဆရာမများမှာ အရေးကြီးဆုံးအကြောင်းအချက်ဖြစ်ပါသည်။ အထူးသဖြင့် ဆင်းရဲနွမ်းပါးသောရပ်ရွာအသိုက်အဝန်းများနှင့် ပဋိပက္ခကြောင့် ထိခိုက်သောနိုင်ငံများတွင် အရည်အသွေးမြင့်မားသောပညာရေးသည် ကလေးသူငယ်၏ ဘဝကို ပြောင်းလဲသွားစေနိုင်ပါသည်။ ကြီးမားသောစိန်ခေါ်မှု အခက်အခဲများကို ကျော်လွှားနိုင်ရန် ကလေးသူငယ်များကိုအထောက်အကူပြုလျက် ပိုမိုကောင်းမွန်သောဘဝ၊ ပိုမိုတောက်ပသောအနာဂတ်များဖြစ်စေရန် ကြိုတင်ပြင်ဆင်ပေးနိုင်ပါသည်။သို့ရာတွင် ယခုအခါ ကမ္ဘာတစ်ဝန်း၌ ဆရာ ဆရာမအများအပြားမှာ တန်ဖိုးထားခြင်းမခံရဘဲ စွမ်းဆောင်နိုင်ခြင်းလည်း ကင်းမဲ့နေပါသည်။

အရည်အသွေးမြင့်မားသော ဆရာဆရာမများမလုံလောက်မှု၊ လေ့ကျင့်သင်တန်းပေးမှုရရှိထားသော ဆရာ ဆရာမများညီမျှစွာ ပျံ့နှံ့တာဝန်ထမ်းဆောင်နေခြင်းမရှိမှု၊ သင်ကြားရေးအတွက် အမျိုးသားအဆင့် စံနှုန်းများမလုံလောက်မှုသို့မဟုတ် မရှိမှုတို့ တိုးပွားနေပါသည်။ ယင်းတို့အားလုံးမှာပညာသင်ယူနိုင်မှုနှင့် တတ်မြောက်မှုတွင် သာတူညီမျှမှုမရှိဘဲ လစ်ဟာချက်များကြီးမားနေရသည့် အဓိကအကြောင်းအချက်များဖြစ်ပါသည်။ အဆင်းရဲဆုံးဒေသများနှင့်ကျောင်းများ၊ အငယ်ဆုံးအတန်းများမှာ လိုအပ်ချက်အများဆုံးဖြစ်ပြီး ထိခိုက်မှုလည်း အများပြားဆုံးဖြစ်တတ်ပါသည်။ ဤအချက်မှာအလွန် စိတ်မသက်မသာဖြစ်ဖွယ်ရာ လစ်ဟာချက်ဖြစ်ပါသည်။ ကလေးသူငယ်များကိုငယ်ရွယ်စဉ်တွင် ပညာသင်ကြားပေးနိုင်ခြင်းသည် ဖွံ့ဖြိုးရေးအတွက် အထူးအရေးပါသည်ဟုလေ့လာချက်များတွင် တွေ့ရှိရခြင်းကြောင့် ဖြစ်ပါသည်။

၂၀၂၀ခုနှစ်တွင် တစ်နိုင်ငံလုံးမူလတန်းပညာရေးအောင်မြင်စွာသင်ကြားနိုင်ရန် နိုင်ငံများအနေဖြင့် မူလတန်းဆရာ ဆရာမစုစုပေါင်း ၁၀ ဒသမ ၉ သန်း ခေါ်ယူရန် လိုအပ်မည်ဟု ယူနက်စကိုစာရင်းအင်းသိပ္ပံအနေဖြင့် ခန့်မှန်းထားပါသည်။ ဤအတွက် အရေးတယူမဆောင်ရွက်ပါက ပညာရေးပဋိပက္ခဖြစ်ပွားလာနိုင်ပါသည်။ ဖြစ်လာလတ္တံ့သော ပဋိပက္ခကိုအသိအမှတ်ပြုသောအားဖြင့် "ဆရာဆရာမများနှင့် သင်ကြားရေးပညာရှင်များသည် စွမ်းဆောင်နိုင်ပြီး အရေအတွက် လုံလောက်စွာခန့်အပ်ထားရှိလျက် လေ့ကျင့်သင်တန်းပေးမှုကောင်းမွန်ပြီးပရော်ဖက်ရှင်နယ်အဖြစ် အရည်အချင်းပြည့်မီသူများ၊ စိတ်အားထက်သန်သူများဖြစ်စေရန်နှင့် အရင်းအမြစ်ပြည့်စုံပြီး တွင်ကျယ်လျက် အုပ်ချုပ်မှုထိရောက်သောစနစ်များအတွင်း ပံ့ပိုးမှုရရှိစေရန် လုပ်ဆောင်မည်ဖြစ်ကြောင်း" တောင်ကိုရီးယားနိုင်ငံ အင်ချွန်တွင် ကျင်းပပြုလုပ်ခဲ့သော ၂၀၁၅ခုနှစ် ကမ္ဘာ့ပညာရေးဆွေးနွေးပွဲတွင် ခေါင်းဆောင်များက ကတိကဝတ်ပြုခဲ့ကြပါသည်။ နော်ဝေနိုင်ငံ အော်စလိုမြို့တွင် ကျင်းပသော "ဖွံ့ဖြိုးရေးအတွက် ပညာရေး" ထိပ်သီးဆွေးနွေးပွဲတွင်လည်း အရည်အချင်းပြည့်မီသော ဆရာဆရာမများမလုံလောက်မှုကို ဖြေရှင်းဆောင်ရွက်ရေးနှင့် ဆရာဆရာမများပညာရေးတွင် ရင်းနှီးမြှုပ်နှံရေးတို့ကိုထပ်မံ၍ အထင်အရှားဖော်ပြခဲ့ပါသည်။

ယခုအခါ ၂၀၃၀ခုနှစ် ပညာရေးအစီအစဉ်ကိုဆောင်ရွက်ရန် ကတိကဝတ်ပြုခြင်းအားဖြင့် ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသည် အရည်အချင်းပြည့်မီသော ဆရာ ဆရာမများတိုးတက်ရရှိနိုင်ရေးလုပ်ဆောင်ရန် သဘောတူညီကြပါသည်။ ဖွံ့ဖြိုးဆဲနိုင်ငံများ အထူးသဖြင့် ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံများနှင့် သေးငယ်သော ဖွံ့ဖြိုးဆဲ ကျွန်းနိုင်ငံများတွင် ဆရာ ဆရာမများအား လေ့ကျင့်သင်တန်းပေးရေး နိုင်ငံတကာပူးပေါင်းဆောင်ရွက်ခြင်းအားဖြင့်အပါအဝင် နည်းလမ်းများဖြင့် လုပ်ဆောင်ပါမည်။

ဤလုပ်ငန်းမှာအရေးပါသော လုပ်ငန်းအဆင့်တစ်ရပ်ဖြစ်ပါသည်။ ယခုအခါ ယင်းကတိကဝတ်များအတိုင်းပြည့်မီစေရန် ဆောင်ရွက်ရပါမည်။ ၂၀၃၀ ခုနှစ် နောက်ဆုံးထားလျက် ပညာရေးရည်မှန်းချက်ပန်းတိုင်သစ်နှင့် လျာထားချက်အားလုံး ပြည့်မီနိုင်ရန် ကျောင်းတိုင်း၊ ရပ်ရွာတိုင်း၊ ကလေးသူငယ်တိုင်းအတွက် လုံလောက်စွာ အရည်အချင်းပြည့်မီပြီး ကောင်းစွာခန့်အပ်တာဝန်ပေးထားသည့် ဆရာ ဆရာမများ၊ စိတ်အားထက်သန်ပြီး ပံ့ပိုးမှုရရှိသောဆရာ ဆရာမများရှိစေရန် ပိုမိုကြိုးပမ်းအားထုတ်ရမည်ဖြစ်ပါသည်။

ဆရာ ဆရာမများ၊ ဆရာ ဆရာမအသင်းအဖွဲ့များနှင့် ဆွေးနွေးလျက် သင့်တင့်လျောက်ပတ်သောဆွဲဆောင်မှုများဖြည့်ဆည်းပေးနိုင်ရေး ခိုင်မာသော မူဝါဒအစီအမံများနှင့် မဟာဗျူဟာများဖော်ထုတ်ရေးဆွဲရန် နိုင်ငံတော်အစိုးရများအနေဖြင့် ဆတက်ထမ်းပိုးကြိုးပမ်းဆောင်ရွက်ရပါမည်။ လစာအားဖြင့် ယှဉ်ပြိုင်ဆွဲဆောင်နိုင်သော ပမာဏဖြစ်စေခြင်း၊ စိန်ခေါ်မှုရှိသောပတ်ဝန်းကျင်များတွင် တည်ရှိသည့်ကျောင်းများတွင်သင်ကြားနိုင်ရန်နှင့် သင်ကြားရေးလုပ်ငန်းတွင် ဆက်လက်တည်မြဲစေရန် ရာထူးတာဝန်အဆင့်ဆင့် တိုးမြှင့်သွားနိုင်မည့် ရှင်းလင်းသော လမ်းကြောင်းရှိစေခြင်းတို့ အပါအဝင်ဖြစ်ပါသည်။

ဆရာ ဆရာမများ စွမ်းဆောင်နိုင်မှုရှိစေရန် သင့်တင့်ကောင်းမွန်သော လုပ်ငန်းခွင်အခြေအနေများ၊ အရင်းအမြစ်ပြည့်စုံပြီးအန္တရာယ်ကင်းရှင်းလျက် ကျန်းမာရေးနှင့် ညီညွတ်သောလုပ်ငန်းပတ်ဝန်းကျင်များ၊ ယုံကြည်မှု၊ ပညာရှင်နှင့် ဆီလျော်သောကိုယ်ပိုင်ဆုံးဖြတ်ဆောင်ရွက်ခွင့်နှင့် ပညာရေးလွတ်လပ်ခွင့်တို့ကို ဖြည့်ဆည်းပေးရန်ဖြစ်ပါသည်။

ဆရာ ဆရာမများ၏ အဆင့်အတန်းနှင့် စပ်လျဉ်း၍ အိုင်အယ်အို/ယူနက်စကို အကြံပြုချက်များ (၁၉၆၆ခုနှစ်)၊ အဆင့်မြင့်ပညာသင်ကြားရေးပိုင်းဆရာ ဆရာမများ၏ အဆင့်အတန်းနှင့် စပ်လျဉ်း၍ယူနက်စကို၏ အကြံပြုချက်များ (၁၉၉၇ခုနှစ်)နှင့် အစောပိုင်းကလေးဘဝပညာရေးဝန်ထမ်းများအတွက် သင့်တော်ကောင်းမွန်သော အလုပ်အကိုင်ဖြစ်စေရေး အားပေးမြှင့်တင်ခြင်းဆိုင်ရာ အိုင်အယ်အိုမူဝါဒလမ်းညွှန်ချက်များ (၂၀၁၄ခုနှစ်)တို့သည် ပညာရေးနယ်ပယ်အတွက် အထူးလိုအပ်သော နိုင်ငံတကာစံနှုန်းများနှင့် သတ်မှတ်ချက်များဖြစ်ပါသည်။

ကမ္ဘာတစ်ဝန်းဖွံ့ဖြိုးရေးပညာရေးအစီအစဉ်သစ် စတင်ပြီးနောက် ပထမအကြိမ် ကမ္ဘာ့ဆရာ ဆရာမများနေ့အခါသမယတွင် ကမ္ဘာပေါ်ရှိဆရာ ဆရာမများကို တန်ဖိုးထားရန်၊ ပံ့ပိုးမှုပေးရန်နှင့် စွမ်းဆောင်နိုင်စေရန် ဆောင်ရွက်ကြရေး နိုင်ငံတကာအသိုက်အဝန်းကိုတိုက်တွန်းနှိုးဆော်ပါသည်။ အားလုံးအတွက် ပိုမိုကောင်းမွန်သော ကမ္ဘာလောကကြီးအဖြစ် တည်ဆောက်ရေးရည်မှန်းချက်များ အားလုံးပြည့်မီရေး ဆောင်ရွက်မည့် မျိုးဆက်သစ်ကလေးသူငယ်များကိုဆရာ ဆရာမများက ပညာသင်ကြားပေးကြရခြင်းကြောင့် ဖြစ်ပါသည်။

Irina Bokova ညွှန်ကြားရေးမှူးချုပ်၊ ယူနက်စကို

Guy Ryden ညွှန်ကြားရေးမှူးချုပ်၊ အိုင်အယ်အို

Anthony Lake အမှုဆောင်ဒါရိုက်တာ၊ ယူနီဆက်

Helen Clark အုပ်ချုပ်ရေးမှူး၊ ယူအင်ဒီပီ

Fred van LEEUWEN အထွေထွေအတွင်းရေးမှူး၊ Education International

❐

## သံအမတ်ကြီးဦးသာအောင်ညွန့်အား မောရစ်ရှပ်နိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် တောင်အာဖရိက သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးသာအောင်ညွန့်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် မောရစ်ရှပ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။

**(သတင်းစဉ်)**

## သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား အက်စ်တိုးနီးယားနိုင်ငံဆိုင်ရာသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် အောက်တိုဘာ ၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ပြည်ထောင်စုသမ္မတ ဂျာမနီနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဒေါ်ယဉ်ယဉ်မြင့်အား ၎င်း၏လက်ရှိတာဝန်ဝတ္တရားများအပြင် အက်စ်တိုးနီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီး ဖြစ်သည်။

**(သတင်းစဉ်)**

# ဂျာမနီပြန်လည်ပေါင်းစည်းမှု နှစ်ပတ်လည်ကာလတွင် ဒုက္ခသည်ပြဿနာက ခြိမ်းခြောက်နေ

**ဘာလင် အောက်တိုဘာ ၄**

ဂျာမနီနိုင်ငံ ညီညွတ်မှုထက် ဒုက္ခသည်အရေး ပြဿနာက မိမိတို့နိုင်ငံအတွက် ပိုမိုအရေးကြီးနေကြောင်း သမ္မတ ဂျိုဝါချင်ဂေါက်က ဂျာမနီနိုင်ငံ ပြန်လည်ပေါင်းစည်းမှု (၂၅)နှစ်မြောက် နှစ်ပတ်လည်နေ့အထိမ်းအမှတ် အခမ်းအနားတွင် ပြောကြားလိုက်သည်။

ဂျာမနီနိုင်ငံ ပြန်လည်ပေါင်းစည်းခြင်း အထိမ်းအမှတ် အခမ်းအနားကို ဖရန့်ဖတ်မြို့၌ အောက်တိုဘာ ၃ ရက်က ကျင်းပခဲ့သည်။

၁၉၈၉ ခုနှစ်က လူထုဆန္ဒပြပွဲများ ဖြစ်ပွားခဲ့ခြင်းမှ အစတည်ကာ ဘာလင်တံတိုင်းပြိုလဲမှုသို့ ဦးတည်ခဲ့သည်။ တစ်နှစ်အကြာ ကာလဖြစ်သော ၁၉၉၀ ပြည့်နှစ် အောက်တိုဘာ ၃ ရက်တွင် နှစ်ပေါင်း ၄၀ ကြာမျှ သီးခြားစီရပ်တည်ခဲ့ကြသော အရှေ့ဂျာမနီနှင့် အနောက်ဂျာမနီနိုင်ငံတို့ ပြန်လည်ပေါင်းစည်းခဲ့ကြသည်။

ယနေ့ကာလတွင် ဂျာမနီ ပြန်လည်ပေါင်းစည်းမှု (၂၅) နှစ်ပြည့်မြောက်သည့် အထိမ်းအမှတ်အောင်ပွဲများကို မိမိတို့ ဆင်နွှဲနိုင်ပြီဖြစ်ကြောင်း ဝန်ကြီးချုပ် အိန်ဂျလာ မာကဲလ်က ပြောကြားသည်။

မိမိတို့ နှစ်နိုင်ငံ ပြန်လည်ပေါင်းစည်းခဲ့ပြီးနောက် ၂၅ နှစ်အကြာတွင် စိန်ခေါ်မှုကြီးများကို မိမိတို့ ရင်ဆိုင်နေရကြောင်း၊ ဒုက္ခသည်များဆိုင်ရာ ပြဿနာသည် မိမိတို့ အစိုးရအတွက် အရေးအကြီးဆုံး ပြဿနာတစ်ရပ်ဖြစ်ကြောင်း မာကဲလ်က ပြောကြားသည်။

ဒုက္ခသည် ပြဿနာနှင့်ပတ်သက်၍ မိမိတို့တစ်နိုင်ငံတည်းက ဖြေရှင်းနိုင်မည်မဟုတ်ဘဲ ဥရောပနိုင်ငံများနှင့် ကမ္ဘာ့နိုင်ငံများက စုပေါင်းတာဝန်ယူမှုဖြင့်သာ ဖြေရှင်းနိုင်မည်ဖြစ်ကြောင်း၊ ယနေ့ကာလလောက် ဒုက္ခသည်များ အလုံးအရင်းဖြင့် ဝင်ရောက်လာပုံမျိုးမှာ ယခင်က မရှိခဲ့ဖူးကြောင်း မာကဲလ်က ပြောကြားသည်။

**ဆင်ဟွာ။**




## ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သဘောတူညီချက်တွင်

### နိုင်ငံအားလုံးပါဝင်ရေး ဖွံ့ဖြိုးဆဲနိုင်ငံများတိုက်တွန်း

**ကုလသမဂ္ဂ အောက်တိုဘာ ၄**

နိုင်ငံအားလုံးပါဝင်နိုင်သော ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်ရရှိရေးအတွက် ကြိုးပမ်းဆောင်ရွက်ကြရန် ကုလသမဂ္ဂအထွေထွေညီလာခံ၏ အကြိမ်(၇၀)မြောက် မျက်နှာစုံညီအစည်းအဝေးတွင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ခေါင်းဆောင်များက တိုက်တွန်းလိုက်ကြကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက အောက်တိုဘာ ၄ ရက်တွင် သတင်းထုတ်ပြန်သည်။

ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ သဘောတူညီချက်တစ်ရပ်ကို ပြင်သစ်နိုင်ငံ ပါရီမြို့၌ ဒီဇင်ဘာလတွင် ရရှိရန် မျှော်မှန်းထားချိန်တွင် ဖွံ့ဖြိုးဆဲနိုင်ငံများမှ ခေါင်းဆောင်များက အထက်ပါအတိုင်း ပြောကြားခြင်းဖြစ်သည်။

ရည်မှန်းချက်ကြီးမားပြီး ဥပဒေအရ မလုပ်မနေရ ဆောင်ရွက်ရန် လိုအပ်သော သဘောတူညီချက်တစ်ရပ်ကို ပါရီ၌ရရှိရန် မိမိတို့ကြိုးပမ်းမည်ဖြစ်ကြောင်း တောင်အာဖရိကသမ္မတ ဂျက်ကော့ဇူးမားက ပြောကြားသည်။

အဆိုပါ ရာသီဥတု ပြောင်းလဲခြင်းဆိုင်ရာ သဘောတူညီချက်တွင် ဖန်လုံအိမ်အာနိသင်ဓာတ်ငွေ့ လျှော့ချရေး လုပ်ငန်းအတွက် ဖွံ့ဖြိုးပြီးနိုင်ငံများက ဖွံ့ဖြိုးဆဲနိုင်ငံများအား ငွေကြေးအထောက်အပံ့ပေးရန်အချက်ကို ဖော်ပြရန် လိုအပ်မည်ဖြစ်ကြောင်း ဇူးမားက ပြောကြားသည်။

ပါရီ၌ ရရှိရန် ဆွေးနွေးကြမည့် ရာသီဥတုဆိုင်ရာ သဘောတူညီချက်သည် ခိုင်မာအားကောင်းမှုရှိရန် လိုအပ်ကြောင်း၊ နိုင်ငံတကာ ကွန်ဗင်းရှင်းတစ်ခုအဖြစ် ယင်း သဘောတူညီချက်ပါ စည်းမျဉ်းများနှင့် အခြေခံမူများကို နိုင်ငံများက အပြည့်အဝလိုက်နာရန် လိုအပ်ကြောင်း ဘရာဇီးသမ္မတ ဒီမာ ရူးဆက်က ပြောကြားသည်။

**ဆင်ဟွာ။**



## တရုတ်နိုင်ငံတောင်ပိုင်းသို့ တိုင်ဖုန်းမုန်တိုင်း "မူဂျီဂေး" ဝင်ရောက်တိုက်ခတ်

**ကွမ်တုံ အောက်တိုဘာ ၄**

တိုင်ဖုန်းမုန်တိုင်း 'မူဂျီဂေး' သည် တရုတ်နိုင်ငံတောင်ပိုင်းရှိ ကမ်းရိုးတန်းဒေသသို့ တစ်နာရီ ၁၁၂ မိုင်နှုန်းဖြင့် ဝင်ရောက်တိုက်ခတ်ခဲ့ရာ ကမ်းရိုးတန်းဒေသများတွင် မိုးသက်လေပြင်းများကျရောက်ပြီး ရေကြီးရေလျှံမှုများဖြစ်ပေါ်လျက်ရှိကြောင်း သတင်းများအရ သိရသည်။

မုန်တိုင်းအန္တရာယ် ကာကွယ်တားဆီးနိုင်ရေးအတွက် ဒေသဆိုင်ရာ အာဏာပိုင်များက အနီရောင်အဆင့် မုန်တိုင်းသတိပေးချက်များ ထုတ်ပြန်ကြေညာထားသည်။ အောက်တိုဘာ ၄ ရက် နေ့လယ်ပိုင်းတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် ကွမ်တုံခရိုင် ကျန်ကျန်းမြို့တွင် မြေပြိုမှုများဖြစ်ပေါ်ခဲ့ကြောင်း တရုတ်နိုင်ငံ မိုးလေဝသစီမံခန့်ခွဲရေးဌာနက ဆိုသည်။

မုန်တိုင်းတိုက်ခတ်မှုကြောင့် အပျက်အစီးနှင့်ဆုံးရှုံးမှုများကို တရားဝင်ထုတ်ပြန်ကြေညာခြင်း မရှိသေးသော်လည်း ရေကြီးရေလျှံမှုများနှင့် အပျက်အစီးများကို လူမှုမီဒီယာ ဝက်ဘ်ဆိုက်တစ်ခုဖြစ်သည့် 'ဆီနာဝိုင်ဘို' သတင်းစာမျက်နှာတွင် ဖော်ပြထားသည်။ မုန်တိုင်းတိုက်ခတ်မှုကြောင့် ယင်းဒေသများ၏ ပို့ဆောင်ရေးလမ်းကြောင်းများကို ဟန့်တားပိတ်ဆို့ထားသည်။ ဟိုင်နန်နှင့် ကွမ်တုံ ခရိုင်များသည် အဓိကအားဖြင့် မုန်တိုင်းဒဏ်ကို အလူးအလဲခံခဲ့ရသည်။ အဆိုပါခရိုင်နယ်မြေများရှိ ငါးဖမ်းသင်္ဘော ၆၀၀၀၀ ခန့်ကို ဆိပ်ကမ်းတွင် ရပ်နားထားသည်။

တိုင်ဖုန်းမုန်တိုင်းမတိုက်ခတ်မီ တစ်ရက်အလိုက ဟိုင်နန်ကျွန်းသို့ လာရောက်လည်ပတ်သူဦးရေ ၈၀၀၀၀ ခန့်ရှိကြောင်း ဆင်ဟွာသတင်းဌာနကဆိုသည်။ ဟိုင်နန်ကျွန်းတွင် မုန်တိုင်းတိုက်ခတ်သော်လည်း ရေ၊ လျှပ်စစ်မီးနှင့် ဆက်သွယ်ရေးလမ်းကြောင်းများ ပြတ်တောက်မှုမရှိပေ။ ကယ်ဆယ်ရေးလုပ်သားများနှင့် ရဲအရာရှိများက ဒေသခံပြည်သူများနှင့် ခရီးသွားများကို ကူညီထောက်ပံ့မှုများ လုပ်ဆောင်လျက်ရှိသည်။

အဆိုပါမုန်တိုင်းသည် အနောက်မြောက်ဘက်သို့ တစ်နာရီ ကီလိုမီတာ ၂၀ နှုန်းဖြင့် ရွေ့လျားသွားလျက်ရှိပြီး ကွမ်တုံအနောက်ဘက်နှင့် ပုလဲမြစ်ဝကျွန်းပေါ်ဒေသတို့တွင် အောက်တိုဘာ ၅ ရက်ထိတိုင် မုန်တိုင်းဆက်လက်တိုက်ခတ်နိုင်ကြောင်း ခန့်မှန်းထားသည်။ **ဆင်ဟွာ။**

## နီပေါ၌ ဝန်ကြီးချုပ်သစ် တင်မြှောက်နိုင်ရေး ကွိုင်ရာလာ ရာထူးမှဆင်းပေးမည်ဟုဆို

**ခတ္တမန္ဒူ အောက်တိုဘာ ၄**

နီပေါနိုင်ငံ၌ လွန်ခဲ့သည့်လက ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ကို အတည်ပြုပြဋ္ဌာန်းနိုင်ခဲ့ပြီးနောက် မိမိရာထူးမှ နုတ်ထွက်ပေးမည်ဟု ကြေညာခဲ့သည့်အတိုင်း မိမိနုတ်ထွက်ပေးမည်ဖြစ်ရာ ဝန်ကြီးချုပ်သစ်တစ်ဦးအား ရွေးချယ်တင်မြှောက်နိုင်မည့် လုပ်ငန်းစဉ်တစ်ရပ်ကို အစပျိုးဆောင်ရွက်ရန် သမ္မတအား မေတ္တာရပ်ခံကြောင်း ဝန်ကြီးချုပ် စူရှီးလ် ကွိုင်ရာလာက ပြောကြားသည်။

ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့် လူသိရှင်ကြား မိမိ၏ကြေညာချက်တို့နှင့်အညီ ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ပေးမည်ဖြစ်ကြောင်း ကွိုင်ရာလာက ပါလီမန်တွင် ပြောကြားခဲ့သည်။

နီပေါနိုင်ငံ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်အရ ဝန်ကြီးချုပ်၊ သမ္မတ၊ ဒုတိယသမ္မတ၊ လွှတ်တော်ဥက္ကဋ္ဌနှင့် ဒုတိယလွှတ်တော် ဥက္ကဋ္ဌတို့ကို အသစ်ရွေးချယ်ရမည်ဖြစ်သည်။ အဆိုပါဥပဒေသစ်ကို စက်တင်ဘာ ၂၀ ရက်တွင် အတည်ပြုပြဋ္ဌာန်းခဲ့သည်။

ယခုလနှောင်းပိုင်းတွင် ဝန်ကြီးချုပ်သစ်ကို ရွေးချယ်တင်မြှောက်သည့်အခါ နီပေါကွန်မြူနစ်ပါတီဥက္ကဋ္ဌ ကေပီရှာမား အိုလီက ကွိုင်ရာလာ၏နေရာကို အစားထိုးဝင်ရောက်လာမည်ဟု အများက ထင်ကြေးပေးလျက်ရှိကြသည်။

နီပေါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ပါ ပြဋ္ဌာန်းချက်အချို့ကို မနှစ်သက်ကြောင်း ပြသသည့်အနေဖြင့် အိန္ဒိယနိုင်ငံက နီပေါနိုင်ငံအပေါ် ကုန်သွယ်ရေးပိတ်ဆို့မှုပြုလုပ်ခြင်းကို အဆုံးသတ်ရန်လည်း ကွိုင်ရာလာက တိုက်တွန်းသည်။ **ကျူဒို။**

## အာဖဂန်ဆေးရုံကို မှားယွင်းတိုက်ခိုက်မှုအတွက် အမေရိကန်တောင်းပန်



**ကဘူး အောက်တိုဘာ ၄**

အာဖဂန်နစ္စတန်ရှိ အမေရိကန်တပ်မှူးများက အာဖဂန်ဆေးရုံတစ်ရုံကို လေကြောင်းမှမှားယွင်းပစ်ခတ်တိုက်ခိုက်ခဲ့မှုအတွက် အာဖဂန်သမ္မတကို တောင်းပန်ခဲ့သည်။ အာဖဂန်သမ္မတ အဲရှပ်ဖ်ဂါနီ၏ရုံးမှ အောက်တိုဘာ ၄ ရက်ထုတ်ပြန်ချက်တွင် အမေရိကန်တပ်မှူးများက ဆေးရုံကိုမှားယွင်းတိုက်ခိုက်မှုကြောင့် သေဆုံးသွားရသူများအတွက် ဝန်ချတောင်းပန်ခဲ့သည်ဟု ထုတ်ပြန်ကြေညာသည်။

နိုင်ငံတကာအကူအညီပေးရေးအဖွဲ့တစ်ဖွဲ့ဖြစ်သည့် နယ်စည်းမခြားဆရာဝန်များအဖွဲ့က အာဖဂန်မြောက်ပိုင်း ကန်ဒုဇ်မြို့ရှိ ၎င်းတို့၏ဆေးရုံသည် အောက်တိုဘာ ၃ ရက်တွင် အမေရိကန်တပ်ဖွဲ့များ၏ လေကြောင်းမှဗုံးကြဲတိုက်ခိုက်မှုခံခဲ့ရသည်ဟု ပြောကြားသည်။ လေကြောင်းတိုက်ခိုက်ခံရမှုကြောင့် လူနာများနှင့် ဆေးဝန်ထမ်းများအပါအဝင် ၁၉ ဦးသေဆုံးခဲ့ရပြီး ၃၇ ဦး ဒဏ်ရာရရှိခဲ့သည်ဟု အဆိုပါအဖွဲ့က ပြောကြားသည်။

နယ်စည်းမခြားဆရာဝန်များအဖွဲ့က ၎င်းတို့အဖွဲ့၏တည်နေရာကို အမေရိကန်တပ်ဖွဲ့များထံ အကြောင်းကြားထားခဲ့သော်လည်း ဘာကြောင့် မိနစ် ၃၀ ကျော်ကြာ ဗုံးကြဲတိုက်ခိုက်ခဲ့ရသည်ကို ဖြေရှင်းချက်ပေးရန် တောင်းဆိုထားသည်။ အမေရိကန်တပ်ဖွဲ့များအနေဖြင့် အာဖဂန်နစ္စတန်နိုင်ငံတွင် ဆေးဝန်ထမ်းများကို ဘေးအန္တရာယ်ကင်းရှင်းအောင် ကြိုးစားလုပ်ဆောင်သင့်သည်ဟု အဆိုပါအဖွဲ့က ပြောကြားသည်။ အမေရိကန်သမ္မတ ဘာရက်အိုဘားမားက ဆေးရုံတိုက်ခိုက်ခံရမှုအတွက် စုံစမ်းစစ်ဆေးမှုများပြုလုပ်သွားမည်ဟုကတိပြုခဲ့ပြီး ကာကွယ်ရေးဝန်ကြီးဌာနအနေဖြင့် အဆိုပါတိုက်ခိုက်မှုအတွက် အဖြစ်မှန်ပေါ်ပေါက်ရေး ပြည့်စုံရှင်းလင်းစွာ စုံစမ်းဖော်ထုတ်သွားရန် ညွှန်ကြားခဲ့သည်။ သေဆုံးသူများနှင့် ထိခိုက်ဒဏ်ရာရရှိသူများအတွက် အိုဘားမားက ဝမ်းနည်းကြောင်းပြောကြားပြီး စိတ်ထိခိုက်ဖွယ်ရာဖြစ်ရပ်တစ်ခုဖြစ်သည်ဟု ဆိုသည်။

အမေရိကန်၏ လေကြောင်းမှတိုက်ခိုက်မှု အကူအညီဖြင့် အာဖဂန်အစိုးရတပ်ဖွဲ့များသည် စက်တင်ဘာ ၂၈ ရက်က တာလီဘန်တို့ သိမ်းပိုက်ထားသည့် အာဖဂန်မြောက်ပိုင်း ကန်ဒုဇ်မြို့ကို ပြန်လည်ထိန်းချုပ်နိုင်ရေးအတွက် ကြိုးပမ်းလျက်ရှိသည်။တာလီဘန်တို့က မြို့တွင်းမြို့ပြင်တွင် ခုခံတိုက်ခိုက်နေဆဲဖြစ်သည်။ အရပ်သားအတော်များများမှာ မြို့တွင်းတွင် ပိတ်မိနေကြသည်။ ကန်ဒုဇ်မြို့တွင်းတွင် တိုက်ပွဲများဆက်လက်ဖြစ်ပွားနေမည်ဆိုပါက အရပ်သားသေဆုံးမှုများ မြင့်တက်လာဖွယ်ရှိသည်ဟု သိရသည်။ **အင်န်အိတ်ချ်ကေ။**

ပြည်တွင်းရေးရာ

# နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် လိုအပ်သည့် ပညာရှင်၊ ပညာတတ်များ မွေးထုတ်ပေး

**ရန်ကုန် အောက်တိုဘာ ၄**

သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ယနေ့မွန်းလွဲပိုင်းက ရန်ကုန်တက္ကသိုလ်နှင့် ရန်ကုန်စီးပွားရေးတက္ကသိုလ်တို့မှ ပါမောက္ခ ဆရာ ဆရာမများနှင့် တွေ့ဆုံ၍ မြန်မာနိုင်ငံ၏ ပြုပြင်ပြောင်းလဲရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းပြောကြားသည်။ **(ယာပုံ)**



ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ရန်ကုန်တက္ကသိုလ် ပြုပြင်ပြောင်းလဲမှုများကို ယခု အစိုးရသစ်လက်ထက်တွင် ပြန်လည်မြှင့်တင်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ပညာရေးကဏ္ဍဘတ်ဂျက် အနေဖြင့် ယခင်ကထက်တိုးမြှင့်ပေးလျက်ရှိသကဲ့သို့ တံခါးဖွင့်မူဝါဒ ကျင့်သုံးသည့်အတွက် နိုင်ငံတကာ အထောက်အပံ့များလည်း ရရှိနေပါကြောင်း၊ သို့ဖြစ်၍ ဘတ်ဂျက်ငွေများကို နေရာအလိုက် ထိထိရောက်ရောက် အသုံးပြုရန် လိုအပ်ပါကြောင်း။

အစိုးရသစ်ကာလ စတင်တာဝန်ယူစဉ်က အခြေခံပညာကဏ္ဍတွင် မူလတန်းကိုသာ အခမဲ့ဆောင်ရွက်ပေးခဲ့ပါကြောင်း၊ ယခုအခါ အလယ်တန်းနှင့် အထက်တန်းအဆင့်ကိုပင် အခမဲ့ပညာသင်ကြားနိုင်အောင် စီစဉ်ဆောင်ရွက်ပေးနိုင်ခဲ့ပါကြောင်း၊ ပညာတော်သင်နှင့် ပညာသင်ထောက်ပံ့ကြေးတို့ကိုလည်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အဓိကရည်ရွယ်ချက်မှာ အနာဂတ်တွင် လူတော်များ ပေါ်ထွက်လာစေရန် ဖြစ်ပါကြောင်း။

ရန်ကုန်တက္ကသိုလ်ကို ရှေးမူမပျက် ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ မိမိတို့အနေဖြင့် လုပ်ဆောင်နိုင်သမျှ ပြန်လည်တည်ဆောက်ပေးလျက်ရှိပါကြောင်း၊ ကျောင်းသားနှင့် ကျောင်းသူများ နေထိုင်မှု အဆင်ပြေစေရေးနှင့် ကျောင်းနေပျော်ရေး အတွက် ကျောင်းသားဆောင်၊ ကျောင်းသူဆောင်များကိုလည်း ပြုပြင်မွမ်းမံဆောင်ရွက်ပေးလျက် ရှိပါကြောင်း၊ အလားတူ ပရိဘောဂပစ္စည်းများကိုလည်း ဖြည့်ဆည်းပေးလျက်ရှိပါကြောင်း၊ ထို့အပြင် တက္ကသိုလ်များ ဆေးရုံကိုလည်း ပြန်လည်ပြုပြင်မွမ်းမံပေးထားပြီး ဖြစ်ပါကြောင်း။

လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်သမ္မတ၏ ပညာတော်သင်ဆုရွေးချယ်စေလွှတ်လျက်ရှိပြီး လူငယ် လူရွယ် ၁၁၆ ဦးကို အမေရိကန်၊ ယူကေ၊ ဂျာမနီ၊ သြစတြေးလျ၊ ထိုင်း၊ တရုတ် အစရှိသည့် နိုင်ငံများသို့ ရွေးချယ်စေလွှတ်လျက်ရှိပါကြောင်း၊ အကောင်းဆုံးရင်းနှီးမြှုပ်နှံမှုသည် ပညာရေးဖြစ်သည့်အတွက် မြန်မာနိုင်ငံ၏ အနာဂတ် ပညာရေးအခန်းကဏ္ဍအတွက် မြော်မြင်ဆောင်ရွက်နေပါကြောင်း။

ဆရာ ဆရာမများသည် ကမ္ဘာကို အလှဆင်သူများဖြစ်ပြီး ဆရာ့အလုပ်သည် အလွန်မွန်မြတ်ပါကြောင်း၊ နိုင်ငံတည်ဆောက်ရာတွင် ပညာရေးအခန်းကဏ္ဍသည် အဓိကပါဝင်ပါကြောင်း၊ သို့ဖြစ်၍ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သည့် ပညာရှင်၊ ပညာတတ်များမွေးထုတ်ပေးရန် တိုက်တွန်းလိုပါကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် သင်ကြား၊ သင်ယူမှုပိုင်းဆိုင်ရာများ ဆက်လက်ဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ရေးကိစ္စများနှင့်စပ်လျဉ်း၍ တက်ရောက်လာကြသည့် ပါမောက္ခဆရာ ဆရာမများနှင့် ညှိနှိုင်းဆွေးနွေးခဲ့သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းသည် ရန်ကုန်တက္ကသိုလ်ရှိ ကျောင်းသားဆောင်နှင့် ကျောင်းသူဆောင်များ ပြုပြင်မွမ်းမံပြီးစီးမှုကို လိုက်လံကြည့်ရှုခဲ့ပြီး လိုအပ်သည်များ ပေါင်းစပ်ဖြည့်ဆည်းပေးခဲ့သည်။

ယနေ့တွေ့ဆုံပွဲသို့ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးဒေါက်တာ ဇော်မင်းအောင်၊ အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ သိန်းဝင်း၊ ရန်ကုန်စီးပွားရေးတက္ကသိုလ်ပါမောက္ခချုပ် ဒေါက်တာ ခင်နိုင်ဦး၊ ရန်ကုန်တက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာ ဖိုးကောင်းနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ ပါမောက္ခဆရာ ဆရာမများ တက်ရောက်ခဲ့ကြသည်။ **(သတင်းစဉ်)**

## အရွယ်မရောက်သေးသောကလေးများအား တပ်သားသစ်စုဆောင်းခြင်းမှ ကာကွယ်မည့်စာချုပ် မြန်မာနိုင်ငံက လက်မှတ်ရေးထိုးခဲ့သည့်အပေါ် ဥရောပသမဂ္ဂက ကြိုဆို

လက်နက်ကိုင်ပဋိပက္ခတွင် အရွယ်မရောက်သေးသော ကလေးများပါဝင်နေမှုအပေါ် ပိတ်ပင်ဟန့်တားသည့် Optional Protocol to the Convention on the Rights of the Children စာချုပ်ကို မြန်မာနိုင်ငံက အတည်ပြု လက်မှတ်ရေးထိုးခဲ့သည့်အပေါ် မြန်မာနိုင်ငံဆိုင်ရာ ဥရောပသမဂ္ဂသံရုံးများမှ အကြီးအကဲများက ဝမ်းမြောက်စွာ ကြိုဆိုကြကြောင်း သိရသည်။

မြန်မာနိုင်ငံက စာချုပ်အားအတည်ပြုလက်မှတ်ရေးထိုးလိုက်ခြင်းအားဖြင့် ကမ္ဘာပေါ်တွင် ဖြစ်ပွားနေသည့် အရွယ်မရောက်သေးသော ကလေးများအား တပ်သားသစ်စုဆောင်းခြင်းမှ ပိုမိုကာကွယ်နိုင်မည်ဖြစ်သည်။

ဥရောပသမဂ္ဂ၏လူ့အခွင့်အရေးဆိုင်ရာ ထိပ်တန်းဦးစားပေးလုပ်ငန်းများတွင် လက်နက်ကိုင်ပဋိပက္ခအတွင်း ရောက်ရှိနေသောကလေးများ၏ အခွင့်အရေးဖော်ဆောင်မှုသည်လည်း ပါဝင်နေဆဲဖြစ်သည်။ လက်နက်ကိုင် ပဋိပက္ခများသည် ကလေးများအပေါ် ဆိုးကျိုးသက်ရောက်နေဆဲဖြစ်ပြီး ကလေးများ၏ အသက်ရှင်ရပ်တည်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် အခွင့်အလမ်းများဖော်ဆောင်ရေးတို့တွင် ကြီးမားသော အန္တရာယ်တစ်ရပ်ဖြစ်နေကြောင်း ဆိုသည်။

စာချုပ်ကို အတည်ပြုလက်မှတ်ရေးထိုးလိုက်ခြင်းသည် အရေးကြီးသည့် လုပ်ငန်းတစ်ရပ်ဖြစ်ပေရာ အစိုးရအနေဖြင့် လူ့အခွင့်အရေးကာကွယ်မြှင့်တင်ရေးကို ပိုမိုလုပ်ဆောင်သွားရန် ဥရောပသမဂ္ဂက အားပေးတိုက်တွန်းပါသည်။ ထို့အပြင် ဥရောပသမဂ္ဂအနေဖြင့် အဆိုပါစာချုပ်ကို အကောင်အထည်ဖော်ရာတွင် မြန်မာနိုင်ငံကို လိုအပ်သောကူညီပံ့ပိုးမှုများပေးအပ်ရန် အသင့်ရှိကြောင်းလည်း ဆိုသည်။ **(ကျော်သဲအိမ်)**

## သဘာဝဘေးကျရောက်ခဲ့သော ရေမျက်ကျေးရွာတွင် စက်ရေတွင်းများတူးဖော်

**စဉ့်ကူး အောက်တိုဘာ ၄**

စဉ့်ကူးမြို့နယ် ခူလယ်ကျေးရွာအုပ်စု ရေမျက်ကျေးရွာတွင် သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့မှုကြောင့် စိမ့်စမ်းရေသွယ်တန်းထားသော ပိုက်လိုင်းများ ပျက်စီးခဲ့ပြီး သောက်သုံးရေအတွက် အခက်အခဲများရှိနေခဲ့ကြောင်း သိရသည်။

အဆိုပါ ရေမျက်ကျေးရွာပြည်သူများ ရေအတွက် အခက်အခဲမဖြစ်စေရေး မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် အနက်ပေ ၄၀၀ ရှိ လေးလက်မစက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို မြို့နယ်ဦးစီးဌာန အငယ်တန်းအင်ဂျင်နီယာ(၂) ဦးအောင်နိုင်ခန့်က တူးဖော်ဆောင်ရွက်ပေးလျက်ရှိရာ အောက်တိုဘာ ၁ ရက်က မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးထွန်းကျော်ဇောက တူးဖော်မှုလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

**(ဝင်းမောင်)**

❐

## မိုးရေတိုက်စားမှုကြောင့်ဖြစ်ပေါ်ခဲ့သော လမ်းပေါက်များ ဖာထေးပြင်ဆင်

**ရန်ကုန် အောက်တိုဘာ ၄**

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်အတွင်း မိုးရေတိုက်စားမှုကြောင့် ပျက်စီးသွားသော လမ်းပေါက်များကို ဖာထေးပြင်ဆင်လျက်ရှိရာ အဓိကလမ်းမကြီး လေးလမ်းကို ဖာထေးပြင်ဆင်ပြီး ဖြစ်ကြောင်း အောက်တိုဘာ ၄ ရက်က မြို့နယ်စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ ဦးမြင့်ဇော်၊ မြို့နယ်စည်ပင်သာယာ အုပ်ချုပ်ရေးမှူး ဦးမြတ်မော်ဦးတို့၏ ကြီးကြပ်မှုဖြင့် ရာဇဓိရာဇ်လမ်း တစ်လျှောက်လမ်းပေါက်များ ဖာထေးနေကြောင်း သိရသည်။

အဆိုပါ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်သည် ၁၀ ဒသမ ၁၄၅ စတုရန်းမိုင်ကျယ်ဝန်းပြီး ရပ်ကွက်ကြီး ၂၆ ရပ်ကွက်ဖြင့် စုဖွဲ့ထားသော မြို့နယ်ဖြစ်သည်။ အထူးသဖြင့် အမှတ် ၂ လမ်းမကြီးသည် သဃ်န်းကျွန်းမြို့နယ် ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်တို့နှင့် ဆက်သွယ်ဖောက်လုပ်ထားသော လမ်းမကြီးဖြစ်သည်။ ပင်လုံလမ်းမကြီးသည် တောင်ဥက္ကလာပမြို့နယ်နှင့် ဆက်သွယ်ထားပြီး ပြည်ထောင်စုလမ်းမကြီးသည်ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်နှင့် ဆက်သွယ်ထားသည်။ အလားတူ



ဗိုလ်ဗထူးလမ်းမကြီးသည် မြောက်ဥက္ကလာပမြို့နယ်၊ ဒဂုံမြို့သစ် (အရှေ့ပိုင်း) မြို့နယ်တို့နှင့် ဆက်သွယ်ထားသည့် လမ်းမကြီးများဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီရုံးရှိ မြို့နယ်အခြေပြုမြေပုံကားချပ်တွင် ဖော်ပြထားမှုအရ သိရသည်။

**(မောင်သုည)**

❐

## တပည့်နှင့်ဆရာ ရေနှင့်ကြာ

❋ ကန်ထဲကကြာ၊ ပွင့်လန်းလာသော်
ရနံ့ထုံသင်း၊ မွှေးပျံ့ခြင်းဖြင့်
အသွင်ဆန်းပေ့၊ ဘဝင်ချမ်းမြေ့၏။

❋ ကောနေသည့်ကန်၊ ရေမလျှံမူ
လှပအဆင်း၊ ရနံ့သင်းသည်
ကြာပဒုမ္မာ၊ ပွင့်ချင်ပါလည်း
ရေသာမရှိ၊ သူနတ္ထိ။

❋ ထိုပမာ၊ ရှုစရာကား
ရေသာဆရာ၊ ကြာမှာတပည့်
ဖြစ်ခဲ့ဘိလည်း၊ ရေမရှိမူ
သူ၏အစွမ်း၊ မပွင့်လန်းနိုင်။

❋ ရွှံ့ညွန်မည်းညစ်၊ ရေပြင်ဖြစ်လည်း
ပွင့်လာသည့်ကြာ၊ ပဒုမ္မာသည်
ရနံ့မွှေးထုံ၊ အလှဂုဏ်နှင့်
တက်နေအထိ၊ ကျက်သရေရှိ၏။

❋ ရေတိမ်ရေနက်၊ သိလိုလျက်မူ
ကြာရိုးကြာစွယ်၊ ကြာအနွယ်ကို
ခန့်မှန်းချင့်ထောက်၊ သိနိုင်လောက်၏။

❋ ထိုနည်းတူစွာ၊ ဆရာမှာကား
စေတနာ၊ ဝါသနာ၊ အနစ်နာနှင့်
မေတ္တာရင်းခံ၊ သင်ကြားပြန်သော်
ရေပြင်မြင့်တက်၊ ကြာပွင့်လျက်။

❋ အိုဘယ့်ဆရာ၊ မြတ်ဆရာသည်
ပီတိဝေဖြာ၊ ကျေနပ်စွာတည့်
ဘဝကိုရင်း၊ ပေးဆပ်ခြင်းဖြင့်
ပါးလွှာကျောက်သား၊ သွေးကြပြားလည်း
ထက်မြက်ဓားသွား၊ တပည့်များကို
ရေမြင့်ကြာတင့်၊ ဖြစ်စေမင့်။

❋ ဆရာဟူဘိ၊ တပည့်မရှား
တစ်ပြားမရှိ၊ ဆိုသည့်စကား
ဘယ်မမှားပါ၊ တပည့်များစွာ
မွေးဖွားလာခဲ့။

❋ တပည့်သမိုင်း၊ ပုံမရိုင်းအောင်
ထုဆစ်ပုံဖော်၊ ဆရာသော်ကား
ရှေ့ဆောင်ရွက်ဦး၊ မာလိန်မှူးသို့
လက်ဦးဆရာ၊ ပဲ့ကိုင်ကာဖြင့်
ပြုပြင်ဆုံးမ၊ ရိုတုပ်ကသွား
တပည့်များကို၊ ပညာပေးဝေ
မှတ်သားစေတာ
"တပည့်နှင့်ဆရာ ရေနှင့်ကြာ"

ကမ္ဘာ့ဆရာများနေ့ကို ဂုဏ်ပြုလျက် . . .

(ပေါက်ပေါက်-မြန်မာစာ)

ပြည်တွင်းရေးရာ

# ပန်းများပွင့်လာစေမည့် ငြိမ်းချမ်းရေးမှတ်တိုင်သစ်များ

Special Report
ရဲခေါင်ညွှန့်၊ မြတ်သန္တာမောင်
ဓာတ်ပုံ » ဖိုးထောင်

နိုင်ငံတော်အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ အကြား တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာသဘောတူစာချုပ် (NCA)ကို လက်မှတ်ရေးထိုးနိုင်ရန်အတွက် ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

၂၀၁၁ ခုနှစ်မှ ယနေ့အထိဆောင်ရွက်ခဲ့သည့် ငြိမ်းချမ်းရေးဖြစ်စဉ်၊ အစိုးရနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား လက်ရှိအခြေအနေကို ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ (UPWC)တွင် ပါဝင်သည့် MPC ၏ အထူးအကြံပေးဖြစ်သူဦးလှမောင်ရွှေ၊ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးညှိနှိုင်းအကောင်အထည်ဖော်ရေးဌာန ညွှန်ကြားရေးမှူး ဒေါက်တာမင်းဇော်ဦး၊ နိုင်ငံရေးတွေ့ဆုံဆွေးနွေးရေးဌာန ညွှန်ကြားရေးမှူး ဦးအောင်နိုင်ဦးနှင့် ဥပဒေအကြံပေးဒေါက်တာဆလိုင်းငွန်ကျုံးလျန် တို့နှင့် သတင်းအဖွဲ့တို့ အောက်တိုဘာ ၁ ရက်က တွေ့ဆုံပြီး စကားဝိုင်း ဆွေးနွေးပွဲပြုလုပ်၍ ဆွေးနွေးခဲ့ကြသည်များကို ပြန်လည်ရေးသား တင်ပြလိုက်ရပါသည်-



**သတင်းအဖွဲ့။ ။ တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်က မြန်မာနိုင်ငံရဲ့ ငြိမ်းချမ်းရေးအတွက် ဘယ်လောက်ထိအရေးပါပါသလဲ။ ၂၀၁၅ ခုနှစ် ပြည်ထောင်စုနေ့မှာ လက်မှတ်ရေးထိုးခဲ့တဲ့ ငြိမ်းချမ်းရေးကတိကဝတ်ပြုချက်နဲ့ NCA စာချုပ်က ဘယ်လိုတွေများ ဆက်စပ်မှုရှိနေသလဲဆိုတာ ရှင်းပြပေးစေလိုပါတယ်ခင်ဗျာ။**

**ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန်။ ။** ငြိမ်းချမ်းရေးဖြစ်စဉ်မှာ NCA ရဲ့ အရေးပါမှုဖြစ်စဉ်က အလွန်များပါတယ်။ ဒီထဲမှာမှ အရေးကြီးတဲ့ အချက်သုံးချက်ကို ထောက်ပြချင်ပါတယ်။ ပထမက တိုင်းရင်းသားလက်နက်ကိုင်တွေ အားလုံး လက်နက်ကိုင်ရတဲ့အကြောင်းရင်းက နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းနဲ့ မဖြေရှင်းနိုင်လို့ ဒီနိုင်ငံရေးပြဿနာတွေထဲမှာ ပထမအချက်က ဖက်ဒရယ်ပြည်ထောင်စုကို ထူထောင်နိုင်ဖို့၊ ဒုတိယအချက်က ကိုယ်ပိုင်ပြဋ္ဌာန်းခွင့်ရချင်တယ်။ တတိယအချက်က ဒီမိုကရေစီစနစ်ကို အခြေခံတဲ့ နိုင်ငံကို ထူထောင်ချင်တယ်။ ဒီဟာတွေကို မလုပ်နိုင်လို့ နှစ်ခြောက်ဆယ်ကျော် လက်နက်ကိုင်လာကြတယ်။

ဒီကိစ္စတွေကို ဖြေရှင်းနိုင်ဖို့က NCAကို လက်မှတ်ထိုးမယ်။ နောက် နိုင်ငံရေးဆွေးနွေးပွဲတွေကနေရလာတဲ့ရလဒ်ကနေ ဖက်ဒရယ်စနစ်ကို အခြေခံတဲ့



ဒေါက်တာ ဆလိုင်းငွန်ကျုံးလျန်။



ဦးလှမောင်ရွှေ။



ဦးအောင်နိုင်ဦး။



ဒေါက်တာမင်းဇော်ဦး။

ပြည်ထောင်စုကိုတည်ထောင်မယ်ဆိုတဲ့အကြောင်းကိစ္စတွေက NCA ရဲ့ ဦးတည်ချက်ထဲမှာ ပါပါတယ်။ အဲဒီတော့ NCA သာ မထိုးရင် တိုင်းရင်းသားတွေ လက်နက်ကိုင်ရခြင်းအကြောင်းကို ဖြေရှင်းဖို့ လမ်းမရှိနိုင်ပါဘူး။

အမျိုးသားပြန်လည်သင့်မြတ်ရေးနဲ့ ငြိမ်းချမ်းရေးအတွက် ကတိကဝတ်ပြုခြင်း(DoC)က NCA အတွက် ဘာလုပ်ပေးနိုင်လဲလို့မေးလာရင် ဖြေရမယ့်အချက် နှစ်ချက်ရှိပါတယ်။ အစိုးရဘက်က တိုင်းရင်းသားတွေအပေါ်မှာ နိုင်ငံရေးအရ ရွေးကောက်ပွဲမတိုင်ခင်မှာ အမြတ်ထုတ်ချင်လို့ ဖိအားပေးနေတယ်လို့ ပြောဆိုချက်တွေက မဟုတ်ပါဘူး။ ဘာလို့လဲဆိုတော့ DoC လက်မှတ်ထိုးခဲ့တဲ့ ၂၀၁၅ ခုနှစ် ဖေဖော်ဝါရီ ၁၂ ရက်ကနေ ရွေးကောက်ပွဲ ကျင်းပမယ့် နိုဝင်ဘာလ ၈ ရက်နေ့အထိဆိုရင် ကြာမြင့်ချိန် ကိုးလကြာပါတယ်။ လက်မှတ်ရေးထိုးပွဲမှာ တက်ရောက်ကြတဲ့သူတွေအနေနဲ့ အဲဒီအချိန်တုန်းက နောက်ထပ်လေးလ၊ ငါးလအတွင်းမှာ NCA လက်မှတ်ထိုးနိုင်မယ်လို့ ထင်ခဲ့ကြတယ်။ အခုဆိုရင် အချိန်ရွေ့ရင်းနဲ့ အောက်တိုဘာလကို ရောက်လာပြီ။ ဒါကြောင့် ရွေးကောက်ပွဲကျင်းပမယ့်အချိန်နဲ့ဆိုရင် တစ်လကျော်ပဲ အချိန်ကျန်ပါတော့တယ်။

NCA နဲ့ DoC က ဆက်စပ်မှုရှိပါတယ်။ ဒုတိယအချက်က သမ္မတကြီးကိုယ်တိုင်ဦးဆောင်ပြီး လွှတ်တော်ဥက္ကဋ္ဌကြီးတွေ အပါအဝင် အစိုးရအဖွဲ့ဝန်ကြီးတွေ၊ တပ်မတော်ခေါင်းဆောင်တွေ၊ တိုင်းရင်းသားရေးရာဝန်ကြီးတွေပါတယ်။ နောက်ပြီးတော့ နိုင်ငံရေးပါတီ ၅၆ ပါတီပါဝင်ပြီး ကတိကဝတ်ပြုထားခဲ့ကြတာ ဖြစ်ပါတယ်။ လက်နက်ကိုင်အဖွဲ့အစည်းတွေအနေနဲ့ ကျွန်တော်တို့နိုင်ငံထဲမှာရှိနေတဲ့ နိုင်ငံသားတွေကို လေးစားတဲ့အနေနဲ့ ဒီ NCA ကို ရွေးကောက်ပွဲမတိုင်ခင်မှာ လက်မှတ်ရေးထိုးနိုင်ဖို့ အားပေးကြဖို့လိုပါတယ်။ ကြိုးစားလုပ်ဆောင်ကြဖို့ လိုပါတယ်။ NCA ဟာ ငြိမ်းချမ်းရေးဖြစ်စဉ်အတွက် အရေးကြီးတဲ့ အစိတ်အပိုင်းတစ်ခုပဲ ဖြစ်ပါတယ်။

**သတင်းအဖွဲ့။ ။ NCA စာချုပ်နဲ့ပတ်သက်ပြီး လက်မှတ်ထိုးချင်တဲ့ တိုင်းရင်းသားအဖွဲ့တွေရှိသလို မထိုးချင်တဲ့အဖွဲ့တွေလည်း ရှိနေတဲ့အပေါ်မှာ သဘောထားမှတ်ချက်က ဘယ်လိုရှိနေတယ်ဆိုတာကို သုံးသပ်ပေးစေလိုပါတယ်။**

**ဦးလှမောင်ရွှေ။ ။** ဒီနေရာမှာ ပြန်ကြည့်ရင် တိုင်းရင်းသားတွေလုပ်နေတဲ့ ဆွေးနွေးပွဲတွေ၊ ညီလာခံတွေမှာ NCA ကို ထိုးကို ထိုးချင်တယ်ဆိုတဲ့ အချက်ကလည်း ဝမ်းသာဖို့ ကောင်းပါတယ်။ တိုင်းရင်းသားတွေကစပြီး အဆိုပြုပြီး တိုင်းရင်းသားတွေကပဲ ထိုးချင်တယ်။ အခုဟာက အားလုံးမပါဝင်သေးလို့သာ မထိုးနိုင်သေးတာ။ လက်မှတ်မထိုးဘူးလို့ ဘယ်အဖွဲ့အစည်းကမှ မပြောဘူး။ အားလုံးပါဝင်ရင်ထိုးကို ထိုးကြမယ်ဆိုတော့ တိုင်းရင်းသားအားလုံးက လက်မှတ်ထိုးချင်နေတာကို တွေ့ရတယ်။

ဒုတိယကတော့ အစိုးရဘက်က အားလုံးကို ပါဝင်စေချင်တယ်ဆိုတာကို သမ္မတကြီးက အကြိမ်ကြိမ်ပြောခဲ့ပါတယ်။ အားလုံးပါဝင်ဖို့ဆိုတာ လက်တွေ့ဆန်တဲ့ အဆင့်လိုက်သွားဖို့ဆိုတဲ့ ချဉ်းကပ်မှုနဲ့ လုပ်ဖို့လိုတယ်။ အထူးသဖြင့်တော့ ကရင်အမျိုးသားအစည်းအရုံး ခေါင်းဆောင်တွေပြောသလို အစိုးရဘက်ကလည်း ပြောတယ်။ အဆင့်လိုက်နဲ့ အရှိတရားအပေါ်မှာ အခြေခံတဲ့ Progressive realization ကို အဓိကထားပြီး သွားနေတာတွေ့ရတယ်။ အစိုးရဘက်က ဖိတ်ကြားထားတာက သူနဲ့ တစ်ဖွဲ့ချင်းဆွေးနွေးပြီးတော့ နှစ်ဖက်ကြားမှာ သဘောတူညီချက်ရှိထားပြီးတဲ့ တိုင်းရင်းသားလက်နက်ကိုင် ၁၅ ဖွဲ့ကို အပစ်အခတ်ရပ်စဲရေးထိုးဖို့ ဖိတ်ထားတယ်။

ဒီ ၁၅ ဖွဲ့မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းတွေရဲ့ တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ အဆင့်မြင့်ညှိနှိုင်းရေးကိုယ်စားလှယ်အဖွဲ့ (SD) အဖွဲ့ဝင်က ၁၁ ဖွဲ့ရှိတယ်။ ဒီ ၁၁ ဖွဲ့ထဲကမှ ပြီးခဲ့တဲ့ ရက်တွေမှာ လက်မှတ်ထိုးဖို့ အကြောင်းပြန်လာတာ ခုနစ်ဖွဲ့ရှိပါတယ်။ နောက်ထပ် SD အဖွဲ့ဝင် မဟုတ်တဲ့ လက်နက်ကိုင်အဖွဲ့ လေးဖွဲ့ကိုလည်း အစိုးရဘက်က ဖိတ်ကြားထားတာတွေ့ရတယ်။ RCSS အနေနဲ့က DoC ကို ဖေဖော်ဝါရီလမှာ လက်မှတ်ရေးထိုးထားတယ်။ RCSS ဟာလည်း လက်မှတ်ထိုးမယ်ပြောတဲ့အတွက် အနည်းဆုံးတော့ ရှစ်ဖွဲ့က လက်မှတ်ထိုးဖြစ်ပါလိမ့်မယ်။

ဖိတ်ကြားထားတဲ့အထဲမှာ SD အဖွဲ့ဝင် မဟုတ်တဲ့ 'ဝ'၊ မိုင်းလားနဲ့ နာဂ အဖွဲ့တွေကတော့ တစ်ဖွဲ့ချင်းစဉ်းစားပြီး အကြောင်းပြန်ဖို့ ဖြစ်ပါတယ်။ NCCT အဖွဲ့ဝင်တွေထဲမှာ လေးဖွဲ့ကတော့ အားလုံးပါဝင်မှ လက်မှတ်ထိုးမယ်ပြောတယ်။ သူတို့က လက်မှတ်မထိုးဘူး မပြောဘူး။ KIO၊ မွန်ပြည်သစ်ပါတီ၊ ကရင်နီတိုးတက်ရေးပါတီ၊ ရှမ်းပြည်မြောက်ပိုင်းအဖွဲ့တို့ပါ။ ကျန်တဲ့ SD အဖွဲ့ဝင်ခြောက်ဖွဲ့ကတော့ သူတို့ကလည်း လက်မှတ်ထိုးချင်ပါတယ်။

စက်တင်ဘာ ၉ ရက်က နိုင်ငံတော်သမ္မတနဲ့ တိုင်းရင်းသားခေါင်းဆောင်တွေ တွေ့ဆုံဆွေးနွေးခဲ့တာကို ပြန်ပြီးတော့ ရှင်းပြချင်ပါတယ်။ ကျန်တဲ့ ခြောက်ဖွဲ့နဲ့ပတ်သက်ပြီး အစိုးရရဲ့သဘောထားကို သမ္မတကြီးက ပြန်ပြီးတော့ ရှင်းပြခဲ့ပါတယ်။ လက်မှတ်ထိုးချင်ပြီး ဖိတ်ကြားမခံရတဲ့ အဖွဲ့သုံးဖွဲ့ရှိပါတယ်။ အဲဒါကတော့ LDU လို့ခေါ်တဲ့ လားဟူအဖွဲ့၊ WNO လို့ခေါ်တဲ့ 'ဝ' ရဲ့ အခြားတစ်ဖွဲ့နဲ့ ANC လို့ ခေါ်တဲ့ ရခိုင်အမျိုးသားကောင်စီတို့ပါ။ သူတို့က ဒီအစိုးရလက်ထက်မှာ တိုက်ပွဲတစ်ပွဲမှ မရှိခဲ့ဘူး။ သူတို့ ထိန်းချုပ်ထားတဲ့ နယ်မြေအနေနဲ့လည်း မရှိဘူး။ တပ်ဖွဲ့အနေနဲ့ အများကြီး မရှိတဲ့အတွက် ပဋိပက္ခလည်း အများကြီးမရှိတော့ NCA ထိုးမယ့်အစား နိုင်ငံရေးဆွေးနွေးပွဲမှာ ဝင်ရောက်ဆွေးနွေးဖို့ အစိုးရဘက်က ကမ်းလှမ်းတာ တွေ့ရပါတယ်။

**သတင်းအဖွဲ့။ ။ လတ်တလောမှာ NCA စာချုပ်က ပျက်ပြယ်သွားပြီဆိုပြီး ပြည်တွင်းပြည်ပမှာ ထုတ်လွှင့်နေတာတွေရှိနေတယ်။ ဒါတွေအပေါ်မှာ သဘောထားအမြင်လေး ပြောပြပေးစေလိုပါတယ်။**

**ဦးအောင်နိုင်ဦး။ ။** NCA စာချုပ်ဟာ မပျက်ပြယ်တဲ့အပြင် ပိုပြီးတော့ အခြေအနေကောင်းလာပါလိမ့်မယ်။ ဘာဖြစ်လို့လဲဆိုတော့ အောက်တိုဘာ ၃ ရက်နဲ့ ၄ ရက်မှာ တိုင်းရင်းသားလက်နက်ကိုင် အင်အားစု ၁၅ ဖွဲ့လုံးကို အစိုးရက ဖိတ်ခေါ်ထားပါတယ်။ ပြီးတော့ လက်မှတ်ထိုးဖို့ကိစ္စတွေကို တိတိကျကျ ညှိနှိုင်းတိုင်ပင်ပြီးတော့ဆောင်ရွက်မှာ ဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်လိုက်တာနဲ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်က ပိုပြီးတော့ ခိုင်မာသွားတဲ့ သဘောမျိုးကို တွေ့ရပါတယ်။ ဒါဟာအရေးကြီးတဲ့ ခြေလှမ်းဖြစ်ပါတယ်။ တစ်နိုင်ငံလုံးဆိုင်ရာ ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးစာချုပ်ဆိုတာ (Joint Venture)နှစ်ဦးနှစ်ဖက်ပေါင်းပြီး လုပ်ရတဲ့ကိစ္စ ဖြစ်ပါတယ်။ ဒီတော့ ဖျက်ချင်တယ်ဆိုရင် နှစ်ဖက်စလုံးက ဖျက်ဖို့ ဖြစ်ပါတယ်။

လက်တွေ့မှာ ဖြစ်ပျက်နေတာက ဘယ်ဘက်ကမှ ဖျက်ဖို့ပြောနေတာ မဟုတ်ကြပါဘူး။ လက်နက်ကိုင် တိုင်းရင်းသားအင်အားစုတွေကလည်း ဘယ်သူကမှ မထိုးဘူးလို့ မပြောပါဘူး။ မထိုးနိုင်သေးတဲ့ အဖွဲ့တွေက အဆင်သင့်မဖြစ်သေးဘူးလို့သာ ပြောတာပါ။ NCA စာချုပ်ဟာ အချောဖြစ်သွားပါပြီ။ ဒီစာချုပ်မှာ ဘုံသဘောတူညီချက်အများစုကို အခြေခံပြီးဆောင်ရွက်ထားတာ ဖြစ်တဲ့အတွက် စာချုပ်ချုပ်ဆိုတာနဲ့ ခိုင်မာသွားမယ့်အပြင် မထိုးဘဲ ကျန်နေတဲ့ သူတွေအတွက်လည်း လက်မှတ်ထိုးဖို့ လမ်းစတွေ ပွင့်သွားမယ်။

NCA လက်မှတ်ထိုးရင် ဘာအကျိုးကျေးဇူးရှိမလဲဆိုရင် မတရားအသင်းကနေ ပယ်ဖျက်ပေးရုံသာမက လက်မှတ်လာထိုးတဲ့အချိန်မှာ မတရားအသင်းမဟုတ်တော့ဘဲနဲ့ တရားဝင်အဖွဲ့အစည်းအနေနဲ့ လာထိုးမှာ ဖြစ်တယ်။ ဒီတော့ အစိုးရကလည်း တရားဝင်၊ လက်နက်ကိုင်အင်အားစုကလည်း တရားဝင်ဆိုတော့ အလွန်ကောင်းသွားမယ့်အနေအထားဖြစ်တယ်။ နောက်တစ်ခုက လက်မှတ်ထိုးတဲ့သူတွေဟာ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှာ အရေးကြီးတဲ့ ကဏ္ဍတွေကနေပါသွားမယ့် သဘောရှိတယ်။ မပါသေးတဲ့ သူတော့ ခဏစောင့်ရမယ်။ ဒါကြောင့်မို့ ငြိမ်းချမ်းရေးဆွေးနွေးပွဲနဲ့ NCA ပျက်သွားပြီဆိုတာ လုံးဝမဟုတ်ဘူး။ လာမယ့် ရွေ့တစ်ပတ်၊ ၁၀ ရက်အတွင်းမှာ လက်မှတ်ထိုးဖို့ ပိုပြီးခိုင်မာတဲ့ လုပ်ငန်းစဉ်တွေကို တွေ့ရမှာ ဖြစ်ပါတယ်။

**သတင်းအဖွဲ့။ ။ NCA လက်မှတ်ရေးထိုးပြီးရင် ဘယ်လိုအကျိုးသက်ရောက်မှုတွေ ရှိလာနိုင်မယ်လို့ ထင်မြင်ယူဆပါသလဲ။**

**ဒေါက်တာမင်းဇော်ဦး။ ။** NCA ကို လက်မှတ်ထိုးပြီးရင် NCA ထဲမှာ **တိုင်းရင်းသားလက်န**က်ကိုင်အဖွဲ့အစည်းတွေ တိတိကျကျ တောင်းဆိုထားတဲ့ အချိန်ဇယားရှိတယ်။

ပထမဆုံးက လက်မှတ်ထိုးတဲ့အဖွဲ့တွေမှာပါတဲ့ တပ်တွေရှိနေတဲ့နေရာကို ဒီစာချုပ်ကို လက်မှတ်ထိုးပြီးကြောင်း အကြောင်းကြားရမယ်။ စာချုပ်မှာပါဝင်တဲ့ အချက်အလက်တွေကို ပြောပြရမယ်။ ပြီးရင် နှစ်ဖက်စလုံးကနေပြီး လက်မှတ်ထိုးတဲ့ ကိုယ်စားလှယ်တွေက အစည်းအဝေးတစ်ခုလုပ်ပြီး တိုက်ပွဲတွေဖြစ်လာရင် ဘယ်လိုလျှော့ချမလဲ၊ ဘယ်လိုရှောင်ရှားမလဲဆိုတဲ့ ယန္တရား(ပစ်ခတ်တိုက်ခိုက်မှုစောင့်ကြည့်ရေးပူးတွဲကော်မတီ) တစ်ရပ်ကို ဖွဲ့စည်းရမယ်။ ဒါဟာ NCA ထဲမှာ ထည့်ထားပြီးသားဖြစ်တယ်။

နိုင်ငံရေးဆွေးနွေးပွဲတွေကို ကျင်းပနိုင်ဖို့အတွက် နိုင်ငံရေးဆွေးနွေးပွဲကော်မတီကိုပူးတွဲပြီး လုပ်ရမယ်။ ဒီကော်မတီအားလုံးဟာ အစိုးရတစ်ဖက်တည်းက တာဝန်ယူလုပ်ရမှာ မဟုတ်ဘူး။ အစိုးရကော၊

**စာမျက်နှာ ၇ သို့ ✱**

## ပြည်တွင်းရေးရာ

✻ စာမျက်နှာ ၆ မှ

တိုင်းရင်းသားလက်နက်ကိုင်ကော၊ ပြည်သူလူထုကိုယ်စားလှယ်အချို့နဲ့ နိုင်ငံရေးပါတီတွေက ကိုယ်စားလှယ်တွေပေါင်းပြီးတော့ ပူးတွဲပြီး ဆောင်ရွက်မယ့် ကော်မတီတွေ၊ ယန္တရားတွေနဲ့ ငြိမ်းချမ်းရေးဖြစ်စဉ်ကို အကောင်အထည်ဖော်သွားမှာ ဖြစ်ပါတယ်။ NCA လက်မှတ်ရေးထိုးပွဲလုပ်ပြီးတာနဲ့ အစိုးရဘက်က ဘယ်နှဖွဲ့ပဲ ထိုးထိုး NCA မှာပါဝင်တဲ့ ကတိကဝတ်အတိုင်း အချိန်ဇယားကို အကောင်အထည်ဖော်ရမှာ ဖြစ်တယ်။

**သတင်းအဖွဲ့။ ။ ဒါဆိုရင် လက်ရှိဖြစ်ပေါ်နေတဲ့ တိုက်ပွဲတွေကို ဘယ်လိုနည်းလမ်းတွေနဲ့ လျှော့ချလို့ရနိုင်မယ်ထင်ပါသလဲ။ ဘယ်လိုနည်းလမ်းနဲ့လျှော့ချလို့ရနိုင်မယ်ဆိုတဲ့ အကြံဉာဏ်မျိုးပေးချင်ပါသလဲ။**

**ဒေါက်တာမင်းဇော်ဦး။ ။** ကျွန်တော်တို့ NCA ကို စဉ်းစားရာမှာ တိုက်ပွဲတွေ မဖြစ်အောင်၊ လျော့ကျအောင် ဘယ်လိုလုပ်မလဲဆိုတဲ့ စဉ်းစားချက်က ပါပြီး ဖြစ်ပါတယ်။ ဒါ့အတွက်ကြောင့် ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး စောင့်ကြည့်ကြီးကြပ်ရေးကော်မတီ (JMC) ကို ဖွဲ့စည်းသွားမယ်။

အခု အဓိကဖြစ်နေတဲ့ တိုက်ပွဲတွေရဲ့(၉၀) ရာခိုင်နှုန်းက တိုင်းရင်းသားတပ်တွေနဲ့ အစိုးရတပ်တွေအကြားမှာ နယ်မြေသတ်မှတ်ချက် တိတိကျကျမရှိတဲ့အပေါ်မှာ ထိတွေ့မှုတွေဖြစ်တာများတယ်။ နယ်မြေသတ်မှတ်ရေးကိစ္စကို JMC မှာ ဒီကိစ္စတွေ ဆွေးနွေးညှိနှိုင်းပြီး ပစ်ခတ်တိုက်ခိုက်တာတွေ လျှော့ချဖို့ အစီအစဉ်တွေလည်း ရှိပြီးသား၊ ယန္တရားတွေလည်း ရှိပြီးသား။ ဒါကိုသာ လုပ်နိုင်ရင် ဖြစ်တဲ့တိုက်ပွဲတွေရဲ့ (၈၀)ရာခိုင်နှုန်းကို အချိန်ခြောက်လအတွင်းမှာ လျှော့ချသွားလို့ရတယ်။ ဒီလိုလုပ်နိုင်ဖို့ အဓိကအရေးကြီးတာက JMC ထဲမှာပါဖို့ လိုတယ်။ JMC ထဲမှာပါဖို့က NCA ကို လက်မှတ်ထိုးတဲ့အဖွဲ့အစည်း ဖြစ်ဖို့ လိုပါတယ်။

**သတင်းအဖွဲ့။ ။ NCA လက်မှတ်ထိုးဖို့ အောက်တိုဘာမှာ ဖြစ်နိုင်မယ်လို့ ပြောထားတာနဲ့ ပတ်သက်ပြီး အခုဆက်လုပ်မယ့် အစီအစဉ်တွေ ရှိရင်လည်း သိချင်ပါတယ်။**

**ဦးအောင်နိုင်ဦး။ ။** အချက်သုံးချက်ကို ပြောချင်တယ်။ အားလုံးပါဝင်ပြီး လက်မှတ်ရေးထိုးမယ်ဆိုရင် ကျွန်တော်တို့ နိုင်ငံရဲ့ကွဲပြားနေတဲ့ သဘာဝတွေ၊ တစ်ဖက်နဲ့တစ်ဖက် မတူညီဘဲ ထူးခြားတဲ့အနေအထားတွေ၊ ဒေသချင်းကွဲပြားမှုတွေပေါ်မှာမူတည်ပြီးတော့ အားလုံးပါဝင်ရေးကို စောင့်နေမယ်ဆိုရင် လက်တွေ့ကျကျစဉ်းစားရင်တော့ ဘယ်တော့မှ ပြီးမယ့်သဘောမရှိဘူး။

အစိုးရအနေနဲ့ကလည်း လက်တွေ့ဆန်ဆန်စဉ်းစားဖို့လိုတယ်။ ရတဲ့အဖွဲ့နဲ့ လက်မှတ်စထိုးထားဖို့လိုတယ်။ ဒါကြောင့်မို့လည်း အခြေခံကောင်းတွေ တည်ဆောက်နိုင်ဖို့အတွက် လက်မှတ်ထိုးဖို့ အဆင်သင့်ဖြစ်ပြီဆိုတဲ့ အဖွဲ့တွေနဲ့ ထိုးဖို့ အရေးကြီးတဲ့အချက်ဖြစ်ပါတယ်။ နောက်တစ်ချက်က လက်ရှိအစိုးရသက်တမ်းက ခြောက်လလောက်ပဲ ကျန်တယ်။ အဲ့ဒီတော့ ဖေဖော်ဝါရီလမှာ ထိုးခဲ့တဲ့ DoC မှာ ရွေးကောက်ပွဲမတိုင်ခင်မှာ NCA လက်မှတ်ထိုးဖို့ ရအောင် လုပ်ပါမယ်ဆိုတာကို သမ္မတကြီးက ကတိပေးထားတာ ရှိပါတယ်။ ဒီကတိကို အကောင်အထည်ဖော်ဖို့ လိုအပ်ပါတယ်။ ဒါကြောင့်မို့လည်း NCA ကို မဖြစ်ဖြစ်အောင် လက်မှတ်ထိုးမယ့်သဘောဖြစ်ပါတယ်။

သို့သော်လည်းပဲ အချိန်က သိပ်မကျန်တော့တဲ့အတွက် ဒီကတိထဲမှာ ဘာလုပ်ဖို့ ပြောထားလဲဆိုတော့ ဒီလုပ်ငန်းစဉ်ကို ခိုင်မာသွားအောင် လုပ်ဖို့ လိုတယ်။ NCA စာချုပ်ပါ ရက်စွဲတွေအတိုင်း ရက်ပေါင်း(၆၀)အတွင်းမှာ မူဘောင်ရေးဆွဲရမယ်။ ရက်(၉၀)အတွင်းမှာ နိုင်ငံရေးဆွေးနွေးပွဲ လုပ်ရမယ်ဆိုတဲ့အခါ အခုအောက်တိုဘာမှာ လက်မှတ်ရေးထိုးဖြစ်တယ်ဆိုရင် လာမယ့်နှစ် ဇန်နဝါရီလမှာ နောက်ဆုံးထားပြီး နိုင်ငံရေးဆွေးနွေးပွဲတွေကို မဖြစ်ဖြစ်အောင် လုပ်ရမှာ ဖြစ်ပါတယ်။ ဒီကတိကဝတ်တွေဟာ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်ကို ခိုင်မာအောင် အုတ်မြစ်ချတယ်လို့လည်း ပြောလို့ရတယ်။ ဒါဟာ အာမခံချက်ကို ခိုင်ခိုင်မာမာပေးတဲ့သဘောပါပဲ။

လက်မှတ်ထိုးမယ့် အစိုးရဘက်ပိုင်းကိုကြည့်ရင် နိုင်ငံတော်ခေါင်းဆောင်တွေကပဲ ထိုးကြမှာဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်တွင်းက အချို့ပါတီအင်အားစုတွေလည်း ပါဝင်ကြမယ့်အပြင် နိုင်ငံတကာကလည်း အသိသက်သေတွေလာကြမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ ကျွန်တော်တို့ နိုင်ငံမှာ အရေးကြီးဆုံးပုဂ္ဂိုလ်တွေက အာမခံထားတဲ့၊ သေသေချာချာ လက်မှတ်ထိုးမှာဖြစ်တဲ့အတွက် ဘယ်သူကမှ ဒီစာချုပ်ကို ချိုးဖောက်လို့ရမှာ မဟုတ်ပါဘူး။

ဒါကြောင့်မို့လို့ ကျွန်တော်တို့ ပြောချင်တာက ဒီစာချုပ်လက်မှတ်ထိုးပြီးရင် အစိုးရဘက်က ချိုးဖောက်လို့မရသလို တိုင်းရင်းသားတွေဘက်ကလည်း ချိုးဖောက်လို့မရပါဘူး။ ဒါကို ပိုပြီးခိုင်မာအောင် လွှတ်တော်မှာ တင်သွင်းပြီး အတည်ပြုမှာဖြစ်တဲ့အတွက် နောင်တက်လာမယ့်အစိုးရကလည်း ဒီကိစ္စကို မဖြစ်မနေ ဆက်ပြီးဆောင်ရွက်ရမှာဖြစ်ပါတယ်။ အစိုးရသစ်တက်လာတဲ့အခါမှာလည်း NCA စာချုပ်မှာ လက်မှတ်ရေးထိုးထားတဲ့သူတွေ အများကြီး ပါဝင်လာဦးမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့ အာမခံချက် အပြည့်အဝရှိတဲ့စာချုပ်လို့ ပြောချင်ပါတယ်။

**သတင်းအဖွဲ့။ ။ လက်ရှိဆောင်ရွက်နေတဲ့ ပကတိငြိမ်းချမ်းရေးဖြစ်စဉ်အခြေအနေနဲ့ ပြင်ပမှာကောလာဟလတွေဖြစ်နေတဲ့ အခြေအနေလေးကို သုံးသပ်ပြောပြပေးစေလိုပါတယ်။**

**ဒေါက်တာ ဆလိုင်းငွန်ကျုံးလျှန်။ ။** ငြိမ်းချမ်းရေးဖြစ်စဉ်ဟာ ဘယ်လောက်ထိ ခက်ခဲတယ်ဆိုတာကို နားမလည်တဲ့သူတွေအနေနဲ့ နိုင်ငံတော်သမ္မတကြီးက ရွေးကောက်ပွဲမှာ အနိုင်ရချင်လို့၊ အမှတ်လိုချင်လို့ဆိုတဲ့ စဉ်းစားချက်တွေလည်း ရှိနေတယ်။ တကယ်တမ်းက သမ္မတက ခုချိန်ထိ သမ္မတပြန်လုပ်မယ်၊ မလုပ်ဘူး ဆိုတာကို မပြောခဲ့ဘူး။ ဒီတော့ သူ့ကို သမ္မတဖြစ်စေခဲ့တဲ့ USDP ပါတီရဲ့ အနိုင်ရခြင်း၊ မရခြင်းဆိုတာတွေဟာလည်း သူ့အတွက် အရေးကြီးချင်မှကြီးမယ်။ သူ့အနေနဲ့ ငြိမ်းချမ်းရေးကို တစိုက်မတ်မတ် လုပ်ချင်တယ်။ သူ့ရဲ့ အစိုးရသက်တမ်းမကုန်မီမှာ နိုင်ငံရေးဆွေးနွေးပွဲဆိုတာကို စခဲ့နိုင်ရင် နောက်အစိုးရတွေဟာ ကြိုက်သည်ဖြစ်စေ၊ မကြိုက်သည်ဖြစ်စေ ရှေ့ကအစိုးရ လက်လွှဲခဲ့တဲ့ လုပ်ငန်းစဉ်ကို ဆက်လက်လုပ်ဆောင်ဖို့ တာဝန်ရှိပါတယ်။

ဒါကြောင့် အချိန်ကာလနဲ့ တွက်ချက်ကြည့်မယ်ဆိုရင် အခု အောက်တိုဘာ ပထမပတ်မှာ NCA လက်မှတ်ထိုးနိုင်ရင် ထိုးပြီးတာနဲ့ ၂၄ နာရီအတွင်းမှာ နှစ်ဖက်တပ်တွေကို အကြောင်းကြားရမယ်။ ဒါဆိုရင် နိုဝင်ဘာ ၈ ရက်မှာ ကျင်းပမယ့်ရွေးကောက်ပွဲကို အေးအေးချမ်းချမ်းနဲ့ လုပ်နိုင်မှာပါ။

ဒုတိယအချက်က ရက်(၃၀)အတွင်း၊ ရက်(၆၀)အတွင်း၊ ရက်(၉၀)အတွင်းမှာ လုပ်ရမယ့်ကိစ္စတွေ ရှိနေပါတယ်။ လွတ်လပ်မျှတတဲ့ ရွေးကောက်ပွဲအတွက် ဒါတွေဟာ အရေးကြီးတဲ့အချက်တွေပါ။ ရွေးကောက်ပွဲပြီးသွားလို့ ရက်(၆၀)အတွင်းမှာ လုပ်ရမယ့်ကိစ္စတွေဟာလည်း ရွေးချယ်ခံထားရတဲ့ အနိုင်ရပါတီတွေအနေနဲ့ ငြိမ်းချမ်းရေးကို သူတို့ လက်ထက်မှာ ဘယ်လိုသယ်ဆောင်သွားမလဲဆိုတာကို စဉ်းစားဖို့ အချိန်ရပါတယ်။

ရက်(၉၀)ပြည့်တဲ့အခါမှာ နိုင်ငံရေးဆွေးနွေးပွဲစနိုင်မယ်ဆိုရင် အရွေးမခံရတဲ့သူတွေကလည်း အရွေးခံရတဲ့သူတွေကို လက်လွှဲလိုက်နိုင်မယ်။ အဲ့ဒီတော့ သမ္မတ ဦးသိန်းစိန်အနေနဲ့ ဒီလောက်ခက်ခဲတဲ့လုပ်ငန်းကို လုပ်ဆောင်တာဟာ နောက်တစ်ခါ ရွေးကောက်ခံဖို့နဲ့ သူ့ပါတီအနိုင်ရဖို့လုပ်နေတာ မဟုတ်ဘူးဆိုတာ ထင်ရှားပါတယ်။ DoC ကို လက်မှတ်ထိုးခဲ့တဲ့ အချိန်တုန်းကလည်း သူ့အနေနဲ့ ရွေးကောက်ပွဲမစခင် ကိုးလအလိုကတည်းက ဒီကိစ္စကိုစဉ်းစားခဲ့ရင် သမ္မတအနေနဲ့ DoC ကိုထိုးခဲ့မှာ မဟုတ်ပါဘူး။ ကျွန်တော့်အနေနဲ့ ပြောရရင် သူ့မှာ ကြိုတင်ပြီး စီမံထား၊ ပြင်ဆင်ထားတာတွေမရှိဘူး။ စိတ်ရိုးရိုးသားသားနဲ့ DoC ကို လက်မှတ်ထိုးခဲ့တာပါ။

ကျွန်တော်တို့ နောက်ဆုံးအနေနဲ့ ကတိကဝတ်ပြုစာချုပ်မှာ လက်မှတ်ထိုးတဲ့သူတွေက မြန်မာပြည်မှာ ထင်ပေါ်ကျော်ကြားတဲ့သူ လူ(၁၀၀)သာ ရွေးမယ်ဆိုရင် သူတို့အကုန်လုံးပါတယ်။ ဒီ ကတိကဝတ်အတိုင်း ဒီရွေးကောက်ပွဲ မတိုင်ခင်မှာ NCA လက်မှတ်ထိုးဖို့ဆိုတာ အားလုံးနဲ့ဆိုင်ပါတယ်။ အပစ်အခတ်ရပ်စဲရေးစာချုပ်လက်မှတ်ထိုးရေးကိစ္စဆိုတာ သမ္မတ တစ်ဦးတည်းနဲ့ သက်ဆိုင်တဲ့ကိစ္စမဟုတ်ဘူးလို့ဘဲ ပြောချင်ပါတယ်။

### NCA ဆိုင်ရာ သမိုင်းဝင်နေ့စွဲများ

| | |
|---|---|
| ၂၀၁၃ နိုဝင်ဘာ ၂ | NCA ရေးဆွဲရန်အတွက် လိုင်ဇာထိပ်သီးညီလာခံတွင် သဘောတူညီမှုရရှိခဲ့သည်။ |
| ၂၀၁၄ မတ် ၈ | UPWC နှင့် NCCT တို့အကြား NCA ညှိနှိုင်းမှုဆိုင်ရာ အစည်းအဝေးကို ပထမဆုံးအကြိမ် ကျင်းပနိုင်ခဲ့သည်။ |
| ၂၀၁၄ ဧပြီ ၈ | နှစ်ဖက်မှ တင်ပြလာသည့် NCA စာချုပ်များကို စာချုပ်တစ်ခုတည်း(NCA Single Text)အဖြစ် ပေါင်းစည်းရေးသားနိုင်ခဲ့သည်။ |
| ၂၀၁၅ မတ် ၃၁ | NCA မူကြမ်း ရရှိခဲ့သည်။ |
| ၂၀၁၅ ဇွန် ၂ | လောခီးလာထိပ်သီးညီလာခံကို ကျင်းပနိုင်ခဲ့ပြီး စာချုပ်အချောသပ်နိုင်ရန်အတွက် စတင်နိုင်ခဲ့သည်။ |
| ၂၀၁၅ ဩဂုတ် ၇ | NCA စာချုပ် အပြီးသတ်နိုင်ခဲ့သည်။ |
| ၂၀၁၅ စက်တင်ဘာ ၉ | နိုင်ငံတော်သမ္မတနှင့် ထိပ်သီးခေါင်းဆောင်များ ဆွေးနွေးပွဲကို ကျင်းပနိုင်ခဲ့ပြီး NCA စာချုပ်ကို အမြန်ဆုံး လက်မှတ်ရေးထိုးနိုင်ရန် နိုင်ငံတော်သမ္မတမှ ဖိတ်ခေါ်ခဲ့သည်။ |

### NCA စာချုပ်ပါ လက်မှတ်ရေးထိုးပြီးနောက် ရက်ပေါင်း(၉၀)အတွင်း ဆောင်ရွက်ရမည့်ကိစ္စများ

| | |
|---|---|
| ၂၄ နာရီ | သဘောတူလက်မှတ်ရေးထိုးပြီးကြောင်း အောက်ခြေအဆင့်ဆင့်သို့အသိပေးရန် |
| ၅ ရက် | စာချုပ်ပါအချက်အလက်များကို အောက်ခြေအဆင့်ဆင့်သို့ ရှင်းလင်းအသိပေးရန် |
| ၁၄ ရက် | **ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးအကောင်အထည်ဖော်မှုဆိုင်ရာ ညှိနှိုင်းအစည်းအဝေး**<br>❖ ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ပူးတွဲစောင့်ကြည့်ရေးကော်မတီ(JMC) ဖွဲ့စည်းခြင်း<br>❖ ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်မှု(UPDJC) ဖွဲ့စည်းခြင်း<br>❖ တိကျသော အချိန်ဇယားရေးဆွဲခြင်း |
| ၃၀ ရက် | စစ်ဘက်ဆိုင်ရာ ကျင့်ဝတ်များ စောင့်ကြည့်ရေးကော်မတီလုပ်ငန်းလမ်းညွှန် |
| ၆၀ ရက် | ➢ နိုင်ငံရေးဆွေးနွေးပွဲမူဘောင်ရေးဆွဲခြင်း<br>➢ အားလုံးပါဝင်ရေးမူဖြင့် ပါဝင်သင့်ပါဝင်ထိုက်သူများနှင့် အချိုးအစားသတ်မှတ်ခြင်း<br>➢ မည်သို့ဆွေးနွေးမည် သတ်မှတ်ခြင်း |
| ၉၀ ရက် | **နိုင်ငံရေးဆွေးနွေးပွဲများစတင်ခြင်း**<br>❖ ပြည်ထောင်စုညီလာခံကျင်းပခြင်း<br>❖ ပြည်ထောင်စုသဘောတူစာချုပ် ချုပ်ဆိုခြင်း<br>❖ ပြည်ထောင်စု သဘောတူစာချုပ် အကောင်အထည်ဖော်ခြင်း |

■ မဏ္ဍလေးဆီကိုမှ

တင်ပောင်းဝက်ဒ်၊ ရီမန်ဒို၊ နောက်တန်း-အယ်လ်ဗာရာဒို၊ ဘီစလေ၊ ဘတ်စလာ၊ ကာမီရွန်၊ ဘရက်အီဗန်၊ ဖာဘီယန် ဂျွန်ဆင်၊ အိုဇိုကို၊ ဂျိုနသန်စပတ်တာ၊ ကွင်းလယ်-ဘက်ကာမန်း၊ ဘီဒိုယာ၊ ဘရက်ဒလေ၊ ဂျာမိန်းဂျုံးစ်၊ ဒန်နီဝီလီယံ၊ ယက်ဒ်လင်၊ ဂဟောဟန်ဇူစီ၊ ရှေ့တန်း-အယ်လ်တီဒိုး၊ ကလင့်ဒန်ဆေး၊ ဝန်ဒိုလိုစကီးနှင့် ဇာဒက်စ်တို့ဖြစ်သည်။

အမေရိကန်အသင်း၏ ကွင်းလယ်ပိုင်းနှင့် တိုက်စစ်ပိုင်းကို ကလင့်ဒန်ဆေးနှင့် ဝန်ဒိုလိုစကီးတို့က ဦးဆောင်လာမည်ဖြစ်ပြီး ယင်းကစားသမား ၂၃ ဦးစာရင်းထုတ်ပြန်မှုနှင့်ပတ်သက်၍ အမေရိကန်အသင်းက ထုတ်ပြန်ရန် စီစဉ်မထားသေးသော်လည်း ကွန်ကာကပ်ဖလားပြိုင်ပွဲ၏ စည်းမျဉ်းများအရ ထုတ်ပြန်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**(ငွေကြယ်)**

## တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ် (NCA)လက်မှတ်ရေးထိုးမည်ဟု ဆုံးဖြတ်ခြင်းအား ကြိုဆိုထောက်ခံ



**မြဝတီ အောက်တိုဘာ ၄**

ကရင်ပြည်နယ် မြဝတီခရိုင် မြဝတီမြို့ ထီးမယ်ဝါးခီးကျေးရွာ ပင်လုံအားကစားကွင်းတွင် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)လက်မှတ်ရေးထိုးမည်ဟု KNU၊ DKBA၊ KNU/KNLA(PC) လက်နက်ကိုင်အဖွဲ့သုံးဖွဲ့မှ ဆုံးဖြတ်ခြင်းအား ဒေါနအရှေ့ခြမ်း စစ်ဘေးဒဏ်သင့် ပြည်သူများ၏ ကြိုဆိုထောက်ခံခြင်း အခမ်းအနားကို ယနေ့ နံနက် ၉ နာရီက ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ အခမ်းအနားသို့ တက်ရောက်လာသူများက ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံအား အလေးပြုခြင်း၊ ကရင်အမျိုးသားအလံတော်အား အလေးပြုခြင်း၊ စစ်ဘေးဒဏ်သင့်ဒေသများမှ စစ်ဘေးဒဏ်ကြောင့် အသက်ဆုံးရှုံးသွားခဲ့ရသော ပြည်သူများအား အောက်မေ့သတိရသောအားဖြင့် တစ်မိနစ်ငြိမ်သက်စွာနေခြင်းဖြင့် အလေးပြုခြင်းတို့ကို ဆောင်ရွက်ခဲ့သည်။

ထို့နောက် အခမ်းအနားသဘာပတိ ဦးစောငွေးမြင့်အောင်က အမှာစကားပြောကြားပြီး ဖလူးကျေးရွာအုပ်စုမှ လူထုကိုယ်စားလှယ် ဦးစောထူးဒိုသန်းက ကြိုဆိုထောက်ခံဆွေးနွေးခြင်း၊ မဲထော်သလေးကျေးရွာအုပ်စုမှ လူထုကိုယ်စားလှယ် ဦးစောထွေးတင်က ကြိုဆိုထောက်ခံဆွေးနွေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီး တက်ရောက်လာသည့် ပြည်သူလူထုမှလည်း ကြိုဆိုထောက်ခံခဲ့ကြောင်း သိရသည်။

အဆိုပါ အခမ်းအနားသို့ ဖလူးကြီးကျေးရွာ၊ ဖလူးလေးကျေးရွာ၊ အင်ကြင်းမြိုင်၊ မင်းလက်ပံ၊ ရသေ့ဂူ၊ ထီးမယ်ဝါးခီး၊ ကျောက်ခတ်၊ မဲ့ထော်သလေး၊ လေးကေ့ကော်၊ ပဟိကလော်ကျေးရွာများမှ ဒေသခံ ၁၄၅၀ ခန့် တက်ရောက်ခဲ့ကြောင်းသိရသည်။

ထို့အပြင် ထီးမယ်ဝါးခီးကျေးရွာမှ ကျောင်းသား ကျောင်းသူများက မေတ္တာစက်ဝိုင်း၊ သင့်သမိုင်းကိုဘယ်လိုရေးမလဲ အမည်ရသော ကရင်သီချင်း၊ ကျည်ဆန်တွေအစား ပန်းများပွင့်ပါစေ စသည့် သီချင်းများဖြင့် ဖျော်ဖြေခဲ့ကြောင်း သိရသည်။

**ထိန်လင်းအောင်(မြန်/ဆက်)**

## ပြည်တွင်းရေးရာ

### ❖ ဆန္ဒမဲလက်မှတ်မှ

ကြိုးပမ်းအားထုတ်လျက် ရှိရာတွင် ဆန္ဒမဲရှင် မဲလက်မှတ်များ (ဝါ) မဲပြားများပုံနှိပ်ရိုက်နှိပ်ဖြန့်ချိရေးအပိုင်းသည်လည်း တစ်ခုအပါအဝင်ဖြစ်ပါသည်။ မဲပြားများ ပုံနှိပ်ရိုက်နှိပ်ရေးလုပ်ငန်းသည် အလွန်လျှို့ဝှက်စွာ လုပ်ကိုင်ရသော လုပ်ငန်းတစ်ခုဖြစ်ပြီး စည်းကမ်းစနစ်ကို လိုက်နာဆောင်ရွက်ရသော လုပ်ငန်းတစ်ခုဖြစ်ပါသည်။

မဲပြားများ အကောင်းဆုံးအရည်အသွေးဖြစ်အောင် ရိုက်နှိပ်ခြင်း၊ မဲပြားများအချိန်မီပြီးစီးရေး၊ မဲပြားများအလေအလွင့် အပျောက်အရှမရှိအောင် ဆောင်ရွက်ရေးစသော လုပ်ငန်းစဉ်များသည် စိတ်ဝင်စားဖွယ်ရာပင်ဖြစ်ပါသည်။

ထို့ကြောင့်လည်း လာမည့်ရွေးကောက်ပွဲကြီးအတွက် မဲဆန္ဒရှင်လက်မှတ်များကို တာဝန်ယူ ပုံနှိပ်ရိုက်နှိပ်ရေး လုပ်ငန်းဆောင်ရွက်နေသော ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့် သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည်။



ဆန္ဒမဲလက်မှတ်များ အချိန်မီပြီးစီးရေး ဝန်ထမ်းများအဆင့်လိုက် ခေါက်၊ ချုပ်တွဲလုပ်ငန်းများ ပြုလုပ်နေသည်ကို တွေ့ရစဉ်။

ရွေးဦးစွာ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း အထွေထွေမန်နေဂျာ ဦးကိုကိုနိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၈ ရက်မှာ ကျင်းပမယ့် အထွေထွေရွေးကောက်ပွဲကြီးအတွက် ဆန္ဒမဲလက်မှတ်များကို ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်းက တာဝန်ယူ ရိုက်နှိပ်ပေးနေတယ်လို့ သိရပါတယ်။ ဘယ်အချိန်ကစရိုက်ပြီး ဘယ်တော့လောက်အပြီး ရိုက်နှိပ်ရမှာပါလဲခင်ဗျာ။**

ဖြေ။ ရွေးကောက်ပွဲကော်မရှင်က စက်တင်ဘာ ၇ ရက်မှာ စတင် အပ်နှံလာတဲ့အတွက် စက်တင်ဘာ ၁၁ ရက်မှာ စတင်ပုံနှိပ်နေပါတယ်။ ကျွန်တော်တို့ ဦးဆောင်ညွှန်ကြားရေးမှူး ၁၇-၉-၂၀၁၅ ရက်နေ့မှာ ပြုလုပ်တဲ့သတင်းစာရှင်းလင်းပွဲမှာ ပြောကြားခဲ့တဲ့အတိုင်း အောက်တိုဘာ ၂၀ ရက် ဝန်းကျင်မှာ ပြီးစီးနိုင်အောင် ပြင်ဆင်ဆောင်ရွက်နေပါတယ်။ ကျွန်တော်တို့ ပုံနှိပ်ထုတ်လုပ်မှု အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်လျက်ရှိပြီး အချိန်မီ ပြီးစီးရေးဟာလည်း ကော်မရှင်မှ အမှာစာ စာရင်းအပေါ် ချိန်ဆဆောင်ရွက်ရတာဖြစ်ပါတယ်။

**မေး။ ဒီရွေးကောက်ပွဲကြီးအတွက် ဆန္ဒမဲလက်မှတ်အမျိုးအစား ဘယ်နှမျိုးလောက် ရိုက်နှိပ်ပေးဖို့ စီစဉ်ထားပါသလဲခင်ဗျာ။**

ဖြေ။ ပြည်သူ့လွှတ်တော်အတွက် ဆန္ဒမဲအမျိုးအစား ၃၂၆ မျိုး၊ အမျိုးသား လွှတ်တော်အတွက် ၁၆၈ မျိုး၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော်အတွက် တိုင်းရင်းသားလူမျိုးစုကိုယ်စားလှယ် ၂၉ မျိုးအပါအဝင် ၆၆၅ မျိုး စုစုပေါင်း ဆန္ဒမဲလက်မှတ်အမျိုးအစား ၁၁၅၉ မျိုး ပုံနှိပ်ထုတ်ဝေပေးသွားမှာ ဖြစ်ပါတယ်ခင်ဗျာ။

**မေး။ လာမယ့်ရွေးကောက်ပွဲကြီးမှာ မဲလက်မှတ်တွေကို အတုပြုလုပ်လို့မရအောင်၊ လုံခြုံမှုအပြည့်အဝရှိအောင် ဘယ်လိုစီစဉ်ဆောင်ရွက်ထားသလဲဆိုတာ သိချင်ပါတယ်ခင်ဗျာ။**

ဖြေ။ မဲလက်မှတ်တွေအတုပြုလုပ်လို့မရအောင် ပြုလုပ်ရာမှာ ၂၀၁၀နဲ့ယှဉ်ပြီး ပြောပါ့မယ်။ ကျွန်တော်တို့ ၂၀၁၀ ရွေးကောက်ပွဲတုန်းက ဆန္ဒမဲလက်မှတ်တွေအတွက်သုံးတဲ့ စက္ကူက အညိုရောင်ဖြစ်ပြီး အထူ ၁၀၅ GSM ရှိပါတယ်။ ဘာလုံခြုံရေးအမှတ်အသားမှ မပါပါဘူး။ ပုံနှိပ်တဲ့အခါမှသာ လုံခြုံရေးအမှတ်အသားကို ထည့်သွင်းဆောင်ရွက်တာ ဖြစ်ပါတယ်။ ဒီ ၂၀၁၅ ရွေးကောက်ပွဲကျတော့ စက္ကူမှာကိုက လုံခြုံရေးအမှတ်တံဆိပ်ပါပါတယ်။ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ရဲ့ အမှတ်တံဆိပ်ပါတဲ့ ရေစာ ထည့်သွင်းထားပါတယ်။ မဲလက်မှတ်ရိုက်မယ့် ဒီစက္ကူဟာ အဝါရောင်ရှိတဲ့ ဝူဖရီးစက္ကူဖြစ်ပြီး အင်ဒိုနီးရှားနိုင်ငံက အထူးအော်ဒါမှာယူတင်သွင်းခဲ့ တာဖြစ်ပါတယ်။ စက္ကူအထူအနေနဲ့ ၈၀ GSM ရှိပါတယ်။ ကုမ္ပဏီနဲ့စာချုပ်စဉ်ကတည်းက လုံခြုံရေးအရ ပေါက်ကြားမှုမရှိအောင် အသေအချာ စာချုပ်ဆောင်ရွက်ခဲ့တာဖြစ်တဲ့အတွက် မဲလက်မှတ်စက္ကူတွေကို အတုပြုလုပ်လို့မရအောင် အကောင်းဆုံး ဆောင်ရွက်ထားတာဖြစ်ပါတယ်။ အဲဒီလို စက္ကူကို အသုံးပြုပြီးမှ ဆန္ဒမဲလက်မှတ်အမျိုးအစားအလိုက် လုံခြုံရေးအမှတ်အသားများ ခွဲခြားပုံနှိပ်တာဖြစ်ပါတယ်။

**မေး။ မဲလက်မှတ်တွေအချိန်မီပြီးစီးရေး ဘယ်နှနေရာခွဲပြီး ဆောင်ရွက်နေပါသလဲ ခင်ဗျာ။ တစ်နေရာမှာ ဘယ်နှမျိုးစီလောက် ရိုက်နှိပ်နေပါသလဲခင်ဗျာ။**



ဦးကိုကိုနိုင်။



ဦးထွန်းထွန်းနိုင်။



ဦးသန်းနိုင်။



ဦးမင်းကိုကို။

ဖြေ။ ဆန္ဒမဲလက်မှတ်တွေကို ပုံနှိပ်တာအနေနဲ့ကတော့ ၂၀၁၀ ခုနှစ်က အတိုင်း ရန်ကုန်နဲ့ နေပြည်တော် နှစ်ခြမ်းခွဲပြီး ပုံနှိပ်ပါတယ်။ အကြမ်းဖျင်းအနေနဲ့ နေပြည်တော်မှာဆိုရင် ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနဲ့ မကွေးတိုင်းဒေသကြီးတို့အတွက် ဆန္ဒမဲလက်မှတ်တွေ ရိုက်ပါတယ်။ ဆန္ဒမဲလက်မှတ်အားလုံးရဲ့ ၄၀ ရာခိုင်နှုန်းကို နေပြည်တော်မှာရိုက်ပါတယ်။ အမျိုးအစားအရပြောရမယ်ဆိုရင် ဆန္ဒမဲလက်မှတ်အမျိုးအစား ၄၁၈ မျိုးရှိပါတယ်။ ကျန်တဲ့တိုင်းဒေသကြီးနဲ့ ပြည်နယ် ကိုးခုအတွက် ရန်ကုန်မှာ ရိုက်ပါတယ်။ ရာခိုင်နှုန်းအားဖြင့် ၆၀ ရာခိုင်နှုန်းရှိပါတယ်။ အမျိုးအစားအရ ပြောရမယ်ဆိုရင် ၇၄၁ မျိုး ရှိပါတယ်။

**မေး။ ဆန္ဒမဲလက်မှတ်ရိုက်တဲ့ ကုန်ကျစရိတ် ဘယ်လောက်ရှိနိုင်ပါသလဲခင်ဗျာ။ ဘယ်ဘတ်ဂျက်နဲ့ ဆောင်ရွက်ဖို့ စီစဉ်ထားပါသလဲခင်ဗျာ။**

ဖြေ။ ဆန္ဒမဲလက်မှတ်ကုန်ကျစရိတ်ကို တွက်ချက်တဲ့အခါ အဓိကသုံးစွဲရတဲ့ ကုန်ကြမ်းတွေဖြစ်တဲ့ စက္ကူနဲ့ ပလိတ်ပြားဖိုး၊ အထွေထွေကုန်ကျစရိတ်တွေ အပေါ်မှာ တွက်ချက်ရတာဖြစ်တဲ့အတွက် ရက် ၄၀ လုံးပုံနှိပ်ပြီးမှ တွက်ချက်နိုင်မှာဖြစ်ပါတယ်။ စက်ကြီးတွေ အသုံးပြုပြီး ရိုက်နှိပ်ရတာဖြစ်တဲ့အတွက် လျှပ်စစ်မီတာခတွေ၊ အထွေထွေကုန်ကျစရိတ်တွေ အသေးစိတ်တွက်ချက်ပြီးမှ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ထံ တင်ပြတောင်းခံသွားမှာဖြစ်ပါတယ်။

**မေး။ အခုမဲလက်မှတ်နဲ့ ၂၀၁၀-၂၀၁၂ မဲလက်မှတ်တွေနဲ့ ဘယ်လိုကွာခြားမှုရှိပါသလဲ ခင်ဗျာ။ ဘယ်စနစ်ကကောင်းပါသလဲခင်ဗျာ။**

ဖြေ။ ဒီ ၂၀၁၅ ရွေးကောက်ပွဲဆန္ဒမဲလက်မှတ်တွေကတော့ ပိုကောင်းတယ်လို့ ပြောချင်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ စက္ကူအနေအထားအရလည်းကောင်းတယ်။ ရေစာဆိုတဲ့ လုံခြုံရေးအမှတ်တံဆိပ်တွေလည်း ထည့်သွင်းထားတယ်။ ၂၀၁၀ မဲလက်မှတ်တွေကျတော့ စက္ကူက အညိုရောင်ဖြစ်ပြီး အထူစားဖြစ်တယ်။ ဒါပေမယ့် လုံခြုံရေးအမှတ်အသားတွေက ပုံနှိပ်တဲ့အခါမှ ထည့်တာဖြစ်တဲ့အတွက် ဒီ ၂၀၁၅ ဆန္ဒမဲလက်မှတ်တွေကတော့ အရည်အသွေးလည်း ပိုကောင်းတဲ့အပြင် စက္ကူမှာကိုက လုံခြုံရေး ရေစာသုံးထားတဲ့အတွက် ပိုပြီးလုံခြုံစိတ်ချမှု အပြည့်အဝရှိပါတယ်။

ဆက်လက်၍ ဆန္ဒမဲလက်မှတ်များ ထုတ်လုပ်ပုံအဆင့်ဆင့်နှင့် ပတ်သက်ပြီး ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းမန်နေဂျာ(ပုံနှိပ်) တာဝန်ထမ်းဆောင်နေသည့် ဦးထွန်းထွန်းနိုင်နှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ ဒီ ၂၀၁၅ ရွေးကောက်ပွဲဆန္ဒမဲလက်မှတ်တွေကို အကောင်းဆုံးဖြစ်အောင် စီစဉ်ထုတ်လုပ်မှုအဆင့်ဆင့်နဲ့ ပတ်သက်ပြီးတော့ ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ ဒီ ၂၀၁၅ ရွေးကောက်ပွဲအတွက် ဆန္ဒမဲလက်မှတ်တွေရိုက်ဖို့ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်က အမှာစာတွေရရှိတဲ့အခါ ကိုယ်စားလှယ်လောင်းအမည်စာရင်း၊ မဲလက်မှတ်စောင်ရေ အမှာစာရင်း ဦးစွာစစ်ဆေးပါတယ်။ ပြီးတော့ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်က ပေးပို့ထားတဲ့ ကိုယ်စားလှယ်လောင်းအမည်စာရင်းတွေ၊ ပါတီလိုဂိုတံဆိပ်တွေမှန်မမှန်မူရင်းကော်ပီနဲ့ တိုက်ဆိုင်စစ်ဆေးပါတယ်။

အဲဒီမှာ စက်တွေရဲ့အနေအထားအပေါ် မူတည်ပြီး ဆန္ဒမဲလက်မှတ်မှာပါတဲ့ ကိုယ်စားလှယ်လောင်း ဦးရေအပေါ်မူတည်ပြီး ပုံတွဲတွေခွဲရပါတယ်။ ခွဲပြီးတော့ အကြမ်းဖျင်းအနေနဲ့ ကွန်ပျူတာမှာ မဲလက်မှတ်ပုံစံတွေ ပြုလုပ်ပါတယ်။ ထွက်ရှိလာတဲ့ မဲလက်မှတ်ပုံစံတွေကို ကျွန်တော်တို့ရဲ့ စာပြင်တွေ၊ စာစစ်အဖွဲ့တွေက ကိုယ်စားလှယ်လောင်းအမည်၊ ပါတီလိုဂိုတံဆိပ်၊ မဲဆန္ဒနယ်အစ ရှိတဲ့ စာသားတွေမှန်မမှန် အဆင့်ဆင့် စစ်ဆေးမှုတွေ ပြုလုပ်ပါတယ်။

နောက်ဆုံးအနေနဲ့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က တာဝန်ချထားတဲ့အရာရှိက နောက်ဆုံး Final Check လုပ်ပါတယ်။ ဒီကမှတစ်ဆင့် ကွန်ပျူတာမှာ ပလိတ်ပြားထုတ်ပါတယ်။ ပလိတ်ပြားတွေကို စက်တင်ပုံနှိပ်လုပ်ငန်းကို ဆောင်ရွက်ပါတယ်။ ဆောင်ရွက်တဲ့ အဆင့်တိုင်းမှာ သိုလှောင်ရုံရောက်တဲ့အဆင့်အထိ အဆင့်ဆင့် စစ်ဆေးရေးအဖွဲ့တွေနဲ့ စစ်ဆေးဆောင်ရွက်ပါတယ်။

ဒီလိုဆောင်ရွက်ရတဲ့အချိန်ကလည်း တိုတောင်းတဲ့အတွက် ကျွန်တော်တို့အနေနဲ့ ဝေးလံခေါင်ဖျားတဲ့ဒေသတွေကို ပို့ဆောင်ပေးဖို့အတွက် အရင်ဆုံးလမ်းပန်းဆက်သွယ်ရေးခက်ခဲတဲ့ ဒေသတွေဖြစ်တဲ့ ကချင်၊ ချင်း၊ ရှမ်း၊ ရခိုင်စတဲ့ ဝေးလံခေါင်ဖျားတဲ့ဒေသတွေအတွက် စပြီးတော့ ပုံနှိပ်ဖို့ဆောင်ရွက်ပါတယ်။

**မေး။ ဝေးလံခေါင်ဖျားတဲ့ ဒေသတွေအတွက် မဲလက်မှတ်တွေ မြန်နိုင်သမျှမြန်အောင် ပုံနှိပ်ရေးလုပ်ငန်း ဆောင်ရွက်နေတယ်ဆိုတော့ ဘယ်တော့လောက်များ စတင်ပြီး မဲလက်မှတ်တွေ ပို့နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါသလဲခင်ဗျာ။**

ဖြေ။ ဆောင်ရွက်ပြီးတဲ့ မဲလက်မှတ်တွေကို ၁-၁၀-၂၀၁၅ ရက်ကစပြီး ဝေးလံခေါင်ဖျားတဲ့ ဒေသတွေကို စတင်ထုတ်ပေးနိုင်ဖို့ လျာထားဆောင်ရွက်လျက်ရှိပါတယ်။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို သူတို့အပ်နှံထားတဲ့ အမှာစာအတိုင်း ပြန်ကြားရေးဝန်ကြီးရုံးကနေ တစ်ဆင့် ညှိနှိုင်းပြီး ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ကလည်း သက်ဆိုင်ရာတိုင်းဒေသကြီးနဲ့ ပြည်နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွေ၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးတွေကို ညွှန်ကြားပြီး ၁-၁၀-၂၀၁၅ ရက်ကစပြီး ဝေးလံတဲ့ဒေသတွေအတွက် ဆန္ဒမဲလက်မှတ်တွေ ထုတ်ပေးသွားနိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။

**မေး။ ပြည်ပမှာ အကြောင်းအမျိုးမျိုးနဲ့ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေအတွက် ဆန္ဒမဲပေးနိုင်အောင် ဆန္ဒမဲလက်မှတ်တွေ ရိုက်နှိပ်ထုတ်လုပ်မှုအပိုင်းကိုလည်း သိပါရစေခင်ဗျာ။**

ဖြေ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကနေပြီးတော့ ပြည်ပမှာ နိုင်ငံတော်ရဲ့ တရားဝင်စေလွှတ်မှုနဲ့ တရားဝင်ရောက်ရှိနေတဲ့ မြန်မာနိုင်ငံသားတွေအတွက် ဆန္ဒမဲပေးဖို့ ဆန္ဒမဲအမျိုးအစား ပြည်သူ့လွှတ်တော်က ၈၉၄ မျိုး၊ အမျိုးသားလွှတ်တော် ၈၁၂ မျိုး၊ တိုင်းဒေသကြီးနဲ့ ပြည်နယ်လွှတ်တော်က ၁၇၅၈ မျိုး စုစုပေါင်း ၃၄၆၄ မျိုး အမှာစာပေးပို့အပ်နှံထားပါတယ်။

ဒီဆန္ဒမဲလက်မှတ်တွေကို သတင်းစာရှင်းလင်းပွဲမှာ ကျွန်တော်တို့ ဦးဆောင်ညွှန်ကြားရေးမှူး ပြောကြားထားတဲ့အတိုင်း အမှာစာရပြီး ၁၄ ရက်အတွင်း အပြီးဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ပြည်ပရောက်မြန်မာနိုင်ငံသား မဲဆန္ဒရှင်တွေအတွက် ၆-၁၀-၂၀၁၅ ရက်ကစပြီး ဆန္ဒမဲလက်မှတ်တွေကို လွှဲပြောင်းပေးပို့နိုင်ဖို့ စီစဉ်ဆောင်ရွက်ထားပါတယ်။

ဆန္ဒမဲလက်မှတ်များကို ပုံနှိပ်ထုတ်လုပ်ရာတွင် အမှားအယွင်းမရှိစေရေး စနစ်တကျ ဆောင်ရွက်နေသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ နေပြည်တော်ပုံနှိပ်စက်ရုံတွင် ပူးတွဲတာဝန်ချထားသည့် လက်ထောက်ညွှန်ကြားရေးမှူး ဦးသန်းနိုင်နှင့်လည်း တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ မဲဆန္ဒလက်မှတ်များကို ပုံနှိပ်ထုတ်ဝေရာမှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ပူးပေါင်းပါဝင်ဆောင်ရွက်နေတဲ့ အပိုင်းလေးကို ရှင်းပြပေးစေလိုပါတယ်။**

စာမျက်နှာ ၉ ကော်လံ ၁ သို့❋



ဆန္ဒမဲလက်မှတ်များကို မဲဆန္ဒနယ်မြေအလိုက် ခွဲခြားထုပ်ပိုးနေသည်ကို တွေ့ရစဉ်။

ပြည်တွင်းရေးရာ

# အမျိုးစောင့်ဥပဒေပေါ်ပေါက်လာခြင်း အထိမ်းအမှတ် ဂုဏ်ပြုကြိုဆိုပွဲကျင်းပ

သတင်း-ဇော်ကြီး(ပဏ္ဍိတ)၊ ဓာတ်ပုံ-မဘသ

**ရန်ကုန် အောက်တိုဘာ ၄**

အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)က ဦးဆောင်ကျင်းပသော ညီညွတ်မျှတငြိမ်းချမ်းမှုကို ဖော်ဆောင်သည့် အမျိုးစောင့်ဥပဒေပေါ်ပေါက်လာခြင်းအထိမ်းအမှတ်ဂုဏ်ပြုကြိုဆိုပွဲကို ယနေ့ နံနက်ပိုင်းမှ စတင်၍ ရန်ကုန်မြို့ အမျိုးသားအားကစားပြိုင်ပွဲရုံ-၁(သုဝဏ္ဏ)၌ ကျင်းပသည်။

အခမ်းအနားတွင် အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို) ဥက္ကဋ္ဌ နိုင်ငံတော်ဩဝါဒါစရိယ အဂ္ဂမဟာပဏ္ဍိတ အင်းစိန်မြို့ရွာမပရိယတ္တိစာသင်တိုက် ပဓာန မဟာနာယက ဘဒ္ဒန္တတိလောကာဘိဝံသက အဖွင့်ဩဝါဒစကား မြွက်ကြားတော်မူသည်။

ယင်းနောက် ရွှေကျင်နိကာယဥပ ဥက္ကဋ္ဌ တွဲဖက်သာသနာပိုင် သီတဂူကမ္ဘာ့ဗုဒ္ဓသာသနာပြု သီတဂူကမ္ဘာ့ဗုဒ္ဓတက္ကသိုလ်များ၏ အဓိပတိ၊ သီတဂူဆရာတော် ဒေါက်တာအရှင်ဉာဏိဿရနှင့် မန္တလေးတိုင်းဒေသကြီး အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့ ဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ မဟာဓမ္မကထိက ဗဟုဇနဟိတဓရ ဝါးခင်းကုန်းဆရာတော် ဘဒ္ဒန္တတိက္ခက ဩဝါဒစကားများ မြွက်ကြားတော်မူသည်။

ဆက်လက်၍ မြန်မာနိုင်ငံ ဘာသာပေါင်းစုံညီညွတ်ရေးအဖွဲ့ကိုယ်စား တာဝန်ပေးခံရသူ အတွင်းရေးမှူး ဒေါက်တာသာဉာဏ်က ဝမ်းမြောက်စကားလျှောက်ထားခြင်း၊ အမျိုးစောင့်ဥပဒေလေးရပ်အကြောင်း အကျဉ်းချုပ်ကို ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ နေအောင်က ဖတ်ကြားတင်ပြခြင်း၊ မဟာဂီတ အကဲဖြတ်ပညာရှင် ရွှေကူနန်းနွဲ့နွဲ့ကိုယ်တိုင် ရေးသားသီဆိုပူဇော်သော "စိန်လွင် တမျှ မဘသ" အမည်ရှိ ရတုပိုဒ်စုံကို စောင်းဦးအောင်သန်းနှင့် တွဲဖက်သီဆိုပူဇော်ခြင်း၊ အမျိုးစောင့်ဥပဒေဆိုင်ရာ သိလိုသည့် မေးခွန်းများကို အပြည်ပြည်ဆိုင်ရာ ထေရဝါဒဗုဒ္ဓသာသနာပြုတက္ကသိုလ် ပါမောက္ခ မဟာဌာနမှူး ငါးကျမ်းပြန်ဆရာတော် ဒေါက်တာ ဘဒ္ဒန္တဓမ္မပိယက ပြန်လည်ဖြေကြားခြင်း၊ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)အတွင်းရေးမှူး မော်လမြိုင်မြို့ မြစေတီစာသင်တိုက် ပဓာန မဟာနာယက အဂ္ဂမဟာပဏ္ဍိတ ပါဠိပါရဂူ မြစေတီဆရာတော် ဘဒ္ဒန္တဝိမလဗုဒ္ဓိက နိဂုံးချုပ်ဩဝါဒစကားမိန့်ကြားခြင်းတို့ကိုအစီအစဉ်အတိုင်းကျင်းပခဲ့ပြီး အမျိုးဘာသာသာသနာ



စောင့်ရှောက်ရေးအဖွဲ့(ဗဟို)၏ သဘောထားကို ထုတ်ပြန်ကြေညာခဲ့သည်။

အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့(ဗဟို)မှ ဦးဆောင်ကျင်းပသည့် အဆိုပါ အခမ်းအနားသို့ အမျိုးဘာသာ သာသနာစောင့်ရှောက်ရေးအဖွဲ့များ၊ သံတမန်များ၊ ဘာသာပေါင်းစုံအဖွဲ့အစည်းများ၊ အရပ်ဘက်လူ့အဖွဲ့အစည်းများနှင့် နိုင်ငံရေးပါတီများအပါအဝင် လူဦးရေ တစ်သိန်းကျော် တက်ရောက်ခဲ့ကြောင်း သိရသည်။

*စာမျက်နှာ ၈ မှ

ဖြေ။ ကျွန်တော်တို့ ဒီမှာတာဝန်ချထားတာကတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က အတည်ပြုပေးပို့ထားတဲ့ စာမူနဲ့ နောက်ဆုံးပုံနှိပ်ဖို့စီစဉ်ထားတဲ့ စာမူနဲ့တိုက်ဆိုင်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်လောင်းအမည်၊ မဲဆန္ဒနယ်မြေ၊ ပါတီအမည်၊ ပါတီတံဆိပ်တွေ မှန်မမှန် တိုက်ဆိုင်စစ်ဆေး အတည်ပြုပေးရတာဖြစ်ပါတယ်။ စာရင်းဇယားများ မမှားယွင်းရအောင် ရွေးကောက်ပွဲကော်မရှင်နဲ့ ချိတ်ဆက်ညှိနှိုင်းပေါင်းစပ်ပြီး အချိန်မီလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါတယ်။

တစ်ဖန် ဆန္ဒမဲလက်မှတ်ထုတ်လုပ်ရေးစက်ရုံများ၌ လုံခြုံရေးတင်းကျပ်စွာ ဆောင်ရွက်ထားမှုနှင့် မဲပြားများ စနစ်တကျ သိုလှောင်သိမ်းဆည်းထားမှုနှင့်ပတ်သက်၍ နေပြည်တော်စက်ရုံမှူး ဦးမင်းကိုကိုနှင့် တွေ့ဆုံမေးမြန်းခဲ့ပါသည်။

**မေး။ လက်ရှိဆန္ဒမဲလက်မှတ်တွေရိုက်နှိပ်ထုတ်ဝေလျက်ရှိရာမှာ ပုံနှိပ်စက်အင်အား၊ ဝန်ထမ်းတာဝန်ချထားဆောင်ရွက်မှုအပိုင်းနဲ့ လုံခြုံရေးဆောင်ရွက်ထားမှုအပိုင်းလေးကို ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ သာမန်အားဖြင့် ဝန်ထမ်းကတော့ မနက် ၈ နာရီကနေညနေ ၄ နာရီခွဲ တာဝန်ထမ်းဆောင်ကြတာပါ။ ဒီကာလမှာတော့ အရေးကြီးကာလဖြစ်တဲ့အတွက် နံနက် ၇ နာရီ ကနေ ည ၁၁ နာရီ ဝန်းကျင်အထိ လိုအပ်ချက်အရ တာဝန်ချထားဆောင်ရွက်ပါတယ်။ စက်အင်အားကတော့ နေပြည်တော်မှာ ပတ်လည်စက်နှစ်လုံး၊ ရန်ကုန်မှာသုံးလုံးနဲ့ ဆောင်ရွက်နေပါတယ်။

စုစုပေါင်း နေပြည်တော်မှာ ဝန်ထမ်း ၂၀၀ နဲ့ ရန်ကုန်မှာ ဝန်ထမ်း ၄၀၀ နီးပါးနဲ့ ဆောင်ရွက်နေပါတယ်။ ဆန္ဒမဲလက်မှတ်တွေ အချိန်မီပြီးစီးရေး ဆန္ဒမဲလက်မှတ် အမျိုးအစား ၁၁၅၉ မျိုးအထိရှိတဲ့အတွက် တစ်နေ့ ၂၈ မျိုးကနေ ၂၉ မျိုးအထိ ပြီးစီးအောင် အချိန်နဲ့ တစ်ပြေးညီ စီစဉ်ဆောင်ရွက်နေပါတယ်။

လုံခြုံရေးပိုင်းအနေနဲ့ကတော့ အပိုင်းနှစ်ပိုင်းရှိပါတယ်။ ပြင်ပလုံခြုံရေးနဲ့ အတွင်းပိုင်းလုံခြုံရေး ဖြစ်ပါတယ်။ ဒီအတွက်လုပ်ငန်းမစတင်ခင်ကပင် ပြည်ထဲရေးဝန်ကြီးဌာနနဲ့ ညှိနှိုင်းဆောင်ရွက်ခဲ့ပြီး အပြင်လုံခြုံရေးအဖြစ် ရဲတပ်ဖွဲ့ဝင်များက ၂၄ နာရီ ဆောင်ရွက်ပေးပါတယ်။ အတွင်းပိုင်းလုံခြုံရေးအဖြစ် ဒီမှာ တာဝန်ချထားတဲ့ဝန်ထမ်းတွ စက်ရုံအလုပ်ရုံသမားတွေအားလုံး လုံခြုံရေးမပေါက်ကြားစေဖို့ လက်ကိုင်ဖုန်းတွေ၊ ကင်မရာတွေ၊ မီမိုရီစတစ်တွေလုံးဝ ယူဆောင်လာခွင့်မပြုပါဘူး။ လုံခြုံရေးဂိတ်မှာ စစ်ဆေးမှုခံယူပြီးမှ လုပ်ငန်းခွင် ဝင်ရောက်ရတာဖြစ်ပါတယ်။

**မေး။ ရိုက်နှိပ်ပြီးသွားတဲ့ ဆန္ဒမဲလက်မှတ်တွေကို လုံခြုံစိတ်ချစွာ သိုလှောင်သိမ်းဆည်းထားမှု အပိုင်းကိုလည်း ရှင်းပြပေးပါခင်ဗျာ။**

ဖြေ။ ကျွန်တော်တို့ နေပြည်တော်စက်ရုံမှာ နောက်ဆုံးရိုက်နှိပ်ပြီးစီးသွားတဲ့ ဆန္ဒမဲလက်မှတ်တွေကို တစ်အုပ်ကို ဆန္ဒမဲလက်မှတ်အရွက်ရေ ၅၀ နှုန်းနဲ့ ချုပ်ထားတဲ့ စာအုပ်ငယ်လေးတွေကို စာအုပ်အမှတ်စဉ်ရိုက်၊ ၂၅ အုပ်ကို တစ်စည်းစီပြီး သက်ဆိုင်ရာ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ဂိုဒေါင်ထဲမှာ ထားရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် သက်ဆိုင်ရာလွှတ်တော်၊ မြို့နယ်အလိုက် ခွဲခြားထားပြီး မရောအောင် စနစ်တကျ သိုလှောင်ထားရှိပါတယ်။ တိုင်းဒေသကြီးနဲ့ ပြည်နယ်အလိုက် ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် စသည်ဖြင့် ခွဲခြားထားပါတယ်။ ပြီးတော့ ပြည်သူ့လွှတ်တော်မှာဆိုရင် စာအုပ်အနှောင့်အဖုံးက အစိမ်း၊ အမျိုးသားလွှတ်တော်ဆိုရင် အပြာရောင်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ဆိုရင် စာအုပ်အနှောင့်က အညိုရောင်၊ တိုင်းရင်းသားဆိုရင် အဝါရောင် စသည်ဖြင့် ဆန္ဒမဲလက်မှတ် စာအုပ်တွေကိုလည်း အရောင်နဲ့ ခွဲခြားထားတဲ့အတွက် လုံးဝမှားစရာမရှိပါဘူး။ ထို့အပြင် ပုံနှိပ် သဘောတရားအရ စတင်ပုံနှိပ်စဉ် ရရှိလာတဲ့ အရည်အသွေးကောင်းမွန်မှုမရှိတဲ့ မဲလက်မှတ် စာဖောင်များကို စနစ်တကျရေတွက် ကြိုးစည်းအိတ်စွပ်သိုလှောင်ထားရှိပြီး ဆန္ဒမဲလက်မှတ်များ ရွေးကောက်ပွဲကော်မရှင်ကို လွှဲပြောင်းပြီးချိန်တွင် တာဝန်ရှိသူများနှင့် အဖွဲ့ဖွဲ့စည်းပြီး ဖျက်ဆီးသွားမှာ ဖြစ်ပါတယ်။

လာမည့် ရွေးကောက်ပွဲကြီးတွင် ဆန္ဒမဲပေးနိုင်သူ အရေအတွက် ၃၂ သန်းကျော် ရှိကြောင်း သိရသည်။ ဆန္ဒမဲပေးသူတစ်ဦးအနေဖြင့် အနည်းဆုံးကိုယ်စားလှယ်လောင်းသုံးဦးကို ရွေးချယ်ပေးရမည်ဖြစ်သည့်အတွက် ဆန္ဒမဲလက်မှတ်သုံးခု အနည်းဆုံး ထည့်ပေးရမည်ဖြစ်သည်။

တိုင်းရင်းသား ကိုယ်စားလှယ်ရှိသည့် မဲဆန္ဒမြေများတွင် ဆန္ဒမဲလက်မှတ်လေးခု အသုံးပြုရမည်ဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူတစ်ဦးအနေဖြင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်၊အမျိုးသားလွှတ်တော် ကိုယ်စားလှယ်၊ တိုင်းဒေသကြီး၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် တိုင်းရင်းသားကိုယ်စားလှယ်များကို ရွေးချယ်မဲပေးရမည်ဖြစ်သည်။

ထိုမဲဆန္ဒရှင်ပြည်သူအားလုံး လွယ်ကူချောမွေ့စွာ ဆန္ဒမဲပေးနိုင်ရေး၊ ဆန္ဒမဲလက်မှတ်များ အချိန်မီပြီးစီးရေးနှင့် အမှားအယွင်းမရှိအောင် ဆောင်ရွက်ရသောလုပ်ငန်းသည် လွယ်လွယ်ကူကူ မဟုတ်ပါ။ သို့သော်လည်း အကောင်းဆုံးနှင့် အမြန်ဆုံးဖြစ်အောင် ကြိုးစားအားထုတ်လျက်ရှိကြောင်းကို ပြည်သူအပေါင်း သိရှိနိုင်ကြစေရန် စေ့ငုရေးသား တင်ပြအပ်ပါကြောင်း။ ။

**●ကျောဖုံးမှ**

အဆိုပါ မြန်မာ့ရိုးရာလက်ဝှေ့ပြိုင်ပွဲတွင် သုံးချီနှင့် လေးချီပြိုင်ပွဲများယှဉ်ပြိုင်ထိုးသတ်ကြရာ လေးချီစိန်ခေါ်ပွဲတွင် စောဖြိုးဝေ(အဖြူရောင်သွေးသစ်)နှင့် ရွှေဖားစည် (မြိုင်ကလေးဘိလပ်မြေစက်ရုံ)တို့ သရေပွဲဖြစ်ပြီး ဖူးသစ်(မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် ကျော်ဇင် (ရွှေသောင်းရင်း) တို့ ယှဉ်ပြိုင်ရာ ဖူးသစ်က ကျော်ဇင်ကို ဒုတိယအချီ ၁ မိနစ် ၄၈ စက္ကန့်ဖြင့် ပြန်လည်မထိုးနိုင်သဖြင့် အနိုင်ရရှိသွားသည်။ သုံးချီမျိုးဆက်သစ်ပွဲတွင် အောင်နေဦး(ဒို့ရိုးရာ)နှင့် ကျော်စွာဝင်း (မန္တလေးယူနိုက်တက်)၊ စိန်ကျော်စိုးဟန် (ရွှေဒေါ်ပုံ)နှင့် ကျော်ကျော်နိုင်(ရွှေဖူး)၊ သပြေအောင် (ရွှေသောင်းရင်း)နှင့်ကျော်နိုင်ထွန်း(မြိုင်ကလေးဘိလပ်မြေစက်ရုံ)၊ သွေးသစ်မောင် (အဖြူရောင်သွေးသစ်)နှင့် မင်းထက်အောင်(ဒို့ရိုးရာ)၊ ကောင်းကောင်း (မြိုင်ကလေးဘိလပ်မြေစက်ရုံ)နှင့် ရန်တိုင်းအောင်(အလင်းရောင်)တို့ အတွဲငါးဆိုင်းတို့သည် သရေပွဲများဖြင့် အဆုံးသတ်ပြီးဆုံးသွားခဲ့သည်။ ❐

**❍အမေရိကန်မှ**


ထိုင်းနိုင်ငံဖူးခက်ဆိပ်ကမ်းသို့ ဆက်လက်ထွက်ခွာမည်ဖြစ်သည်။

မြန်မာ့ခရီးသွားလုပ်ငန်း၏ ပွင့်လင်းရာသီအစတွင် ကမ္ဘာလှည့်ခရီးသည် အပျော်စီးသင်္ဘောကြီးများ ပြန်လည်စတင်ဝင်ရောက်လာခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းကဏ္ဍတွင် ၂၀၁၂ ခုနှစ်၌ ပထမဆုံးအကြိမ်အဖြစ် ကမ္ဘာလှည့်ခရီးသည်တစ်သန်းကျော် ဝင်ရောက်ခဲ့ပြီး ၂၀၁၃ ခုနှစ်တွင် ၂ ဒသမ ၀၄ သန်း ဝင်ရောက်ခဲ့သည်။

၂၀၁၄ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည် ၃ ဒသမ ၀၈ သန်းအထိ တိုးတက်ဝင်ရောက်ခဲ့ပြီး ယခုနှစ်တွင် ၄ ဒသမ ၅ သန်း ဝင်ရောက်ရန် မျှော်မှန်းထားကြောင်း သက်ဆိုင်ရာဝန်ကြီးဌာန၏ စာရင်းဇယားများအရ သိရသည်။

**သတင်း-ခင်မောင်ထွေး**
**ဓာတ်ပုံ-ဟိုတယ်/ခရီး**



# အပစ်ရပ်စာချုပ် လက်မှတ်ရေးထိုးခြင်းအခမ်းအနားကို လာမည့်အောက်တိုဘာ ၁၅ ရက်တွင် နေပြည်တော်၌ ပြုလုပ်သွားမည်



**ရန်ကုန် အောက်တိုဘာ ၄**

တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးပွဲကို ၂၀၁၅ အောက်တိုဘာ ၁၅ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာကွန်ဗင်းရှင်းဗဟိုဌာန-၂(MICC -2)၌ ကျင်းပရန် ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေး လုပ်ငန်းကော်မတီ(UPWC)နှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများအကြား နှစ်ဖက်သဘောတူညီခဲ့ကြသည်။

ယနေ့ အောက်တိုဘာလ ၄ ရက်နေ့ မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့၊ မြန်မာနိုင်ငံငြိမ်းချမ်းရေး ပြန်လည်ထူထောင်ရေးလုပ်ငန်းဗဟိုဌာန(MPC)၌ ကျင်းပသည့် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးဆိုင်ရာ သဘောတူစာချုပ်(NCA) လက်မှတ်ရေးထိုးခြင်းအခမ်းအနား ကျင်းပရေးအတွက် ကြိုတင်ညှိနှိုင်းဆွေးနွေးပွဲတွင် ယင်းကဲ့သို့ သဘောတူညီမှု ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းကြိုတင်ညှိနှိုင်းဆွေးနွေးပွဲတွင် အစိုးရနှင့် တိုင်းရင်းသားများဘက်မှ တစ်ဖက်လျှင် ကိုယ်စားလှယ် ၁၀ ဦးစီပါဝင်သည့် **"ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် လက်မှတ်ရေးထိုးပွဲ ကျင်းပရေးပူးတွဲကော်မတီ"** ကို ဖွဲ့စည်းနိုင်ခဲ့သည်။

ယနေ့ဆွေးနွေးပွဲသို့ ပြည်ထောင်စုငြိမ်းချမ်းရေး ဖော်ဆောင်ရေးလုပ်ငန်းကော်မတီနှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့အစည်း(၈)ဖွဲ့မှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

NCA လက်မှတ်ရေးထိုးနိုင်ရေးအတွက် တက်ရောက်ခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများမှာ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်-ငြိမ်းချမ်းရေးကောင်စီ(KNLA-PC)၊ ပအိုဝ်းအမျိုးသားလွတ်မြောက်ရေးအဖွဲ့(PNLO)၊ မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF)၊ ချင်းအမျိုးသားတပ်ဦး(CNF)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)နှင့် ဒီမိုကရေစီအကျိုးပြု ကရင်အမျိုးသားတပ်မတော်(DKBA) တို့ဖြစ်ကြသည်။

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ(UPWC)ဒုတိယဥက္ကဋ္ဌ ဦးအောင်မင်းက နှုတ်ခွန်းဆက်စကားပြောကြားရာတွင် ယနေ့ပြုလုပ်သည့် အစည်းအဝေးသည် NCA စာချုပ်ရေးဆွဲပြီးပြီဖြစ်၍ ဆက်လက်အကောင်အထည်ဖော်နိုင်ရန်လိုအပ်ချက်ဖြစ်သည့် လက်မှတ်ရေးထိုးရေးအတွက် ညှိနှိုင်းသည့်ပွဲဖြစ်ကြောင်း၊ လက်မှတ်ရေးထိုးရန် အဆင်သင့်မဖြစ်သေးသည့်အဖွဲ့များရှိနေသေးသည့်အပေါ်တွင် ငြိမ်းချမ်းရေး ဖြစ်စဉ်အား ဆက်သွားရန်အတွက် လက်မှတ်ထိုးမည်ဆိုသည့် အဖွဲ့များသည်လည်း ခက်ခက်ခဲခဲဆုံးဖြတ်ချက်ချခဲ့ရကြောင်း၊ NCA ဆိုသည့် နာမည်နှင့် NCA စာချုပ်ပါအချက်များ အားလုံးနီးပါးကို သဘောတူညီအဆိုပြုခဲ့သည်မှာလည်း တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများပင်ဖြစ်ကြောင်း။

မိမိတို့ အစိုးရအနေဖြင့်လည်း မြောက်ပိုင်းရှိအဖွဲ့များ လက်မှတ်ရေးထိုးရန် အဆင်သင့်မဖြစ်သေးသည့် အပေါ်တွင် NCA ဆက်သွားရေးဆုံးဖြတ်ရသည်မှာ လွယ်ကူသည့် ဆုံးဖြတ်ချက်မဟုတ်ကြောင်း၊ NCA လုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလမ်းပြမြေပုံကို ထိထိရောက်ရောက် အကောင်အထည်ဖော်နိုင်ပြီဆိုပါက အဆင်သင့်မဖြစ်သေးသည့်အဖွဲ့များလည်း ဝိုင်းဝန်းပါဝင်လာကြမည်ဟု ယုံကြည်ကြောင်း။

လက်မှတ်မထိုးနိုင်သေးသည့် အဖွဲ့များအားလည်း ငြိမ်းချမ်းရေးမလိုလားသူများဟု မသတ်မှတ်ရန်နှင့် လက်တွဲခေါ်နိုင်ရန် သမ္မတကြီးကပြောကြားထားပါကြောင်း၊ NCAကို (၁၅)ဖွဲ့လုံး ပါဝင်လက်မှတ်ရေးထိုးရန် အခက်အခဲဖြစ်နေသည့် အကြောင်းရင်းများတွင် အားလုံးပါဝင်ရေးအပြင် အခြားအခက်အခဲများလည်း ရှိနေသည်ကို မိမိတို့နားလည်ပါကြောင်း၊ မိမိတို့အနေဖြင့် ကျန်ရှိနေသေးသည့်အဖွဲ့များ ငြိမ်းချမ်းရေးဖြစ်စဉ်တွင် ပါဝင်လက်တွဲနိုင်ရန် NCA စာအုပ်ကိုဖွင့်ထားပြီး အဆင်သင့်ဖြစ်သည့်အချိန်တွင် လာရောက်လက်မှတ်ထိုးနိုင်ကြောင်း၊ NCA လက်မှတ်ရေးထိုးနိုင်သည့်အပေါ်တွင် နိုင်ငံတကာမှ အသိအမှတ်ပြုကြမည်ဖြစ်သလို လူထုကလည်း ကြိုဆိုကြမည်ဖြစ်၍ မိမိတို့အားလုံးအတွက် တောက်ပြောင်သည့်သမိုင်းပင်ဖြစ်ပါကြောင်းဖြင့် ပြောကြားခဲ့သည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများ ကိုယ်စား KNU မှ ပဒိုစောကွယ်ထူးဝင်းက NCA ရည်ရွယ်ချက်သည် နိုင်ငံတွင်း၌ ဖြစ်ပွားခဲ့သည့် နှစ်ပေါင်းကြာရှည်သည့် ပဋိပက္ခများကို ဖြေရှင်းပြီး ငြိမ်းချမ်းသာယာသည့်နိုင်ငံ တည်ဆောက်ရန်ဖြစ်ကြောင်း၊ NCA စာချုပ်သည် တိုင်းပြည်အတွင်း နေထိုင်နေကြသည့် ပြည်သူအားလုံး၏ အကျိုးစီးပွားကိုရည်ရွယ်ကာ လုပ်ဆောင်ခဲ့သည့် စာချုပ်ဖြစ်ပါကြောင်း၊ NCA စာချုပ်အသက်ဝင်လာရန်အတွက် လက်မှတ်ရေးထိုးပြီးနောက် အကောင်အထည်ဖော်ဆောင်ရန် လိုအပ်ကြောင်း၊ ယနေ့သည် တစ်နိုင်ငံလုံး အပစ်ခတ်ရပ်စဲရေးအတွက်စတင်လှုပ်ရှားသည့် သမိုင်းဝင်နေ့ရက်တစ်ရက်ပင်ဖြစ်ပါကြောင်း၊ လက်မှတ်ရေးထိုးရန် အကြောင်းအမျိုးမျိုးကြောင့် လက်မှတ်ရေးထိုးခြင်းမပြုနိုင်သေးသည့် အဖွဲ့များလည်းရှိပါကြောင်း၊ ၎င်းတို့ ပါဝင်လာနိုင်ရန် အတွက်လည်း နှစ်ဖက်စလုံးမှ ကြိုးစားဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်းက ၅၁ သန်းကျော်သော ပြည်သူများအားလုံးသည် ငြိမ်းချမ်းရေးအား အလွန်တရာမှ ဆာလောင်မွတ်သိပ်နေကြောင်း၊ တစ်ဖက်နိုင်ငံတွင် ရောက်ရှိနေသည့်ပြည်သူများ သို့မဟုတ် မြန်မာနိုင်ငံအစွန်အဖျား၌ လက်ရှိ မဖွံ့ဖြိုးသေးသည့် လက်နက်ကိုင်အဖွဲ့အစည်းများအောက်တွင် နေကြရသည့် ပြည်သူများလည်း ရှိပါကြောင်း၊ အဆိုပါဒေသများမှ ပြည်သူများသည် ငြိမ်းချမ်းရေးအား အလွန်တရာငတ်မွတ်တောင့်တနေကြကြောင်း။

ငြိမ်းချမ်းရေးအား အကောင်အထည်ဖော်ပေးမည့် လူများသည် ယခုခန်းမရှိ စားပွဲများထိုင်နေကြသည့်သူများ ဖြစ်သည်ကိုမေ့မထားသင့်ကြောင်း၊ မိမိတို့အားလုံးသည် လက်တွေ့ငြိမ်းချမ်းရေးကို တည်ဆောက်ပေးမည့်နေရာတွင် အဓိကပါဝင်သည့် ဇာတ်ကောင်များဖြစ်သောကြောင့် ပြင်းပြသည့်ဆန္ဒနှင့် ကောင်းမွန်သော ရည်ရွယ်ချက်များထားကာ ရှေ့တိုးသွားရန် တင်ပြလိုကြောင်း၊ ယခုရရှိထားသည့် အခြေအနေများကို အမြန်ဆုံးအကောင်အထည်ဖော်၍ ရှေ့ကိုတိုး ကြိုးပမ်းပေးပါဟု နိဂုံးချုပ်ပြောကြားလိုကြောင်း ပြောကြားသည်။

ယင်းနောက် အစည်းအဝေးတက်ရောက်လာသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကိုယ်စား ALP ဒုတိယဥက္ကဋ္ဌ ဦးခိုင်စိုးနိုင်အောင်က NCA လက်မှတ်ထိုးရန်ကျန်နေသည့် တိုင်းရင်းသားအဖွဲ့များသည်လည်း လက်မှတ်မရေးထိုးနိုင်ဟု မပြောထားကြောင်း၊ ထိုက်သင့်သည့်အခြေအနေများပေါ်တွင် လက်မှတ်ရေးထိုးရန် သဘောထားပေးထားသဖြင့် အစိုးရဘက်နှင့် NCA လက်မှတ်ရေးထိုးမည့်အဖွဲ့များက ကျန်အဖွဲ့များ မြန်မြန်ပါဝင်လာနိုင်စေဖို့ ဆွဲခေါ်ရန်လိုအပ်ကြောင်း၊ အစိုးရဘက်အနေဖြင့်လည်း လက်တွေ့လုပ်ဆောင်ပြဖို့လိုအပ်ပြီး လက်တွေ့လုပ်ဆောင်ပြပါမှ လက်မှတ်မထိုးဘဲ ကျန်နေသည့် အဖွဲ့များကို ဆွဲခေါ်ရာရောက်မည်ဟု မိမိအနေဖြင့်ယူဆကြောင်း၊ NCA လက်မှတ်ထိုးပွဲလုပ်ရန် အကောင်အထည်ဖော်ရာတွင် အစိုးရဘက်က ပူးတွဲကော်မတီဖွဲ့ရန်သဘောထားရှိခြင်းကို ဝမ်းသာပါကြောင်း၊ NCA လက်မှတ်ထိုးပြီးပါက NCA တွင်ပါဝင်သည့် အချက်အလက်များအား နှစ်ဖက်စလုံးမှ ချိုးဖောက်၍မရဘဲ နှစ်ဖက်သဘောတူညီမှုရအောင်လုပ်ပြီးမှ လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ထိုမှသာစစ်မှန်သည့် ငြိမ်းချမ်းရေးဆိုသော အနေအထားကိုရရှိမှာဖြစ်ကြောင်း၊ မိမိအနေဖြင့်ပန်ကြားလိုသည်မှာ တိုင်းရင်းသားခေါင်းဆောင်များဘက်မှရော၊ အစိုးရဝန်ကြီးများနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တပ်မတော်သားများဘက်မှပါ NCA စာချုပ်တွင်ပါဝင်သည့် သဘောထားအတိုင်းသာ ဆောင်ရွက်ကြရန်တိုက်တွန်းကြောင်း၊ NCA လက်မှတ်ရေးထိုးပွဲသည် နိုင်ငံရေးဆွေးနွေးပွဲများ စတင်နိုင်ရန် တံခါးဖွင့်ပေးမည့် သမိုင်းစာမျက်နှာတစ်ခုပင်ဖြစ်သည်ဟု ပြောကြားလိုကြောင်း ပြောကြားသည်။

အစည်းအဝေးကို ညနေ ၆ နာရီတွင် အဆုံးသတ်ခဲ့ပြီး မြန်မာနိုင်ငံ ငြိမ်းချမ်းရေးနှင့် ပြန်လည်ထူထောင်ရေး လုပ်ငန်းဗဟိုဌာန(MPC)မှ အထူးအကြံပေး ဦးလှမောင်ရွှေ၊ ကရင်အမျိုးသားအစည်းအရုံး(KNU)မှ အထွေထွေအတွင်းရေးမှူး ပဒိုစောကွယ်ထူးဝင်းနှင့် မြန်မာနိုင်ငံလုံးဆိုင်ရာကျောင်းသားများ ဒီမိုကရက်တစ်တပ်ဦး(ABSDF) မှ ရဲဘော်မျိုးဝင်းတို့က သတင်းစာရှင်းလင်းပွဲ ကျင်းပခဲ့ပြီး တက်ရောက်လာကြသည့် ပြည်တွင်း ပြည်ပ သတင်းမီဒီယာများ၏ မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့သည်။

**(သတင်း-ရဲခေါင်ညွန့်၊ မြတ်သန္တာမောင်၊ ဓာတ်ပုံ- ဖိုးထောင်)**

# မြန်မာအသင်းနိုင်ပွဲရခဲ့၍ ခြေစစ်ပွဲအောင်မြင်ရေး မျှော်လင့်ချက်ရှင်သန်လာ

**ရန်ကုန် အောက်တိုဘာ ၄**

၂၀၁၆ အာရှ ယူ-၁၉ ခြေစစ်ပွဲအုပ်စု(G) စတုတ္ထနေ့ ပွဲစဉ်များကိုယနေ့ညနေပိုင်းက သုဝဏ္ဏကွင်းတွင်ကျင်းပရာ မြန်မာအသင်း နိုင်ပွဲ ပြန်လည်ရရှိခဲ့သည်။

**မြန်မာ-နှစ်ဂိုး**
**ဟောင်ကောင်-တစ်ဂိုး**

ဒုတိယပွဲတွင် တီမောအသင်းကိုသရေကျခဲ့သည့်အတွက် ဖိအားများရှိခဲ့သည့် မြန်မာအသင်းမှာ ခက်ခက်ခဲခဲ ပြန်ကစားခဲ့ရပြီး နောက်ကျဂိုးများဖြင့်သာ အနိုင်ရခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းမှာ ပထမပိုင်းတွင်ပုံစံကောင်းရခဲ့သော်လည်း ဂိုးကံခေခဲ့၍ ဒုတိယပိုင်းတွင် ရှုံးကန်ခဲ့ရသလို ဦးဆောင်ဂိုးပေးခဲ့ရသောကြောင့် ခက်ခက်ခဲခဲကစားခဲ့ရသည်။ မြန်မာအသင်းမှာ ယခုပွဲအနိုင်ရခဲ့သောကြောင့် တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ရန် မျှော်လင့်ချက်ရှိလာခဲ့ပြီး ဗီယက်နမ်ကို နောက်ဆုံးပွဲတွင် အနိုင်ကစားနိုင်ရန် လိုအပ်နေသည်။

မြန်မာယူ-၁၉အသင်းမှာ တီမောအသင်းနှင့် ကစားခဲ့သည့်ပွဲထွက်လူစာရင်းမှ အောင်မိုးသူနေရာတွင် အာကာ၊ ဒဏ်ရာရနေသည့်ဂိုးသမားဘုန်းသစ္စာမင်းနေရာတွင် ဆန်းဆက်နိုင်တို့ဝင်ရောက်ကစားသည်မှလွဲ၍ အောင်ဇင်ဖြိုး၊ ဇင်ဖြိုးအောင်၊ ရဲရင့်အောင်၊ စိုးမိုးထွန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပထမပိုင်းတွင် မြန်မာအသင်းခြေအသာဖြင့် ကစားနိုင်ခဲ့သော်လည်း တီမောနှင့် ပွဲကဲ့သို့ပင် ဂိုးကံခေခဲ့ပြန်သည်။ ၂၂ မိနစ်တွင် အာကာ၊ ၃၅ မိနစ်တွင် စျာနေရသူတို့၏ ကန်ချက်များတိုင်ထိထွက်ခဲ့၍ နစ်နာခဲ့ရသည်။

ဒုတိယပိုင်းအစတွင် ဟောင်ကောင်အသင်းကစားပုံ ပြန်ကောင်းလာခဲ့ပြီး ၇၂ မိနစ်တွင် ငန်ချောက်ဖန်က ဦးဆောင်ဂိုးသွင်းယူခဲ့သည်။ ဦးဆောင်ဂိုးပေးလိုက်ရသောကြောင့် မြန်မာအသင်းတိုက်စစ်အားမြှင့်လာခဲ့သော်လည်း ဟောင်ကောင်နောက်တန်းကို မကျော်နိုင်ခဲ့ပေ။ ၈၈ မိနစ်ကျမှ မြန်မာအသင်းချေပဂိုးပြန်ရခဲ့ပြီး ကွင်းလယ်လူ စစ်မင်းက သွင်းယူခဲ့ခြင်းဖြစ်သည်။ ချေပဂိုးပြန်ရခဲ့၍ မြန်မာအသင်းစိတ်ဓာတ်တက်လာပြီး မြန်မာပရိသတ်၏ အားပေးမှုနှင့်အတူ တရစပ်ကြိုးစားလာရာ ပွဲပြီးခါနီးတွင် အောင်မိုးသူက ခေါင်းတိုက်သွင်းယူခဲ့၍ မြန်မာအသင်း အဖိုးတန် အနိုင်ဂိုးရခဲ့ခြင်းဖြစ်သည်။

ပထမပွဲစဉ်တွင် ဗီယက်နမ်အသင်းက တီမောအသင်းကိုနှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိသွားသည်။ဗီယက်နမ်အသင်းမှာ ခြေအသာဖြင့်တောက်လျှောက်ဖိကစားပြီး လေးမိနစ်တွင် ငုယင်ထရန်ဒီ၊ ခုနစ်မိနစ်တွင် ငုယင်ကွမ်ဟိုင်တို့က သွင်းယူခဲ့ပြီး တီမောအတွက် ချေပဂိုးတစ်ဂိုးကို ပွဲပြီးခါနီး၌ ခရစ်ကသွင်းယူခဲ့သည်။

ယနေ့ပွဲစဉ်များအပြီးတွင် ဗီယက်နမ်အသင်းကသုံးပွဲကစားကိုးမှတ်၊မြန်မာအသင်းက ခုနစ်မှတ်ရရှိကာ တိုက်ရိုက်ခြေစစ်ပွဲအောင်မြင်ရေးအပြိုင်ဖြစ်နေပြီး မြန်မာအသင်းမှာ အနိုင်ရမှသာတိုက်ရိုက်ခြေစစ်ပွဲ အောင်မြင်မည်ဖြစ်သည်။ လေးပွဲကစားငါးမှတ်ရ တီမောအသင်း၊ သုံးပွဲကစားတစ်မှတ်ရ ဟောင်ကောင်နှင့်သုံးပွဲကစား အမှတ်မရသေးသည့် ဘရူနိုင်းအသင်းတို့မှာ ခြေစစ်ပွဲ မအောင်ခဲ့ပေ။



မြန်မာနှင့်ဟောင်ကောင်တို့ အကြိတ်အနယ် ယှဉ်ပြိုင်နေစဉ်။

အုပ်စုနောက်ဆုံးနေ့ပွဲစဉ်များကို အောက်တိုဘာ ၆ ရက်တွင်ကျင်းပမည်ဖြစ်ပြီး ပထမပွဲအဖြစ် ဟောင်ကောင်နှင့် ဘရူနိုင်း၊ ဒုတိယပွဲအဖြစ် မြန်မာနှင့် ဗီယက်နမ်တို့ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ **(သတင်းနှင့်ဓာတ်ပုံ-ရှိုင်းထက်ဇော်)**

# အရည်အသွေးရှိသည့်ဆရာများ ပြုစုပျိုးထောင်ရရှိရေး

ဒေါက်တာ သန်းဦး

*"ရက်မြတ်မင်္ဂလာ၊ သည်ချိန်ခါဝယ်*
*ဆရာ့ကျေးဇူး၊ မြတ်ဂုဏ်ထူးကို*
*ရည်စူးမြတ်နိုး၊ လက်စုံမိုး၍*
*ရှိခိုးကန်တော့ပါ၏ မြတ်ဆရာ"*

**ကမ္ဘာ့ဆရာများနေ့**

ခရစ်နှစ် ၂၀၁၅ခုနှစ် အောက်တိုဘာလ ၅ ရက်၊ မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ် တော်သလင်းလပြည့်ကျော် ၇ရက် (တနလ်ာနေ့)သည် **"ကမ္ဘာ့ဆရာများနေ့"** (WORLD TEACHERS' DAY) ဖြစ်ပါသည်။ ထိုနေ့သည် စင်စစ်အားဖြင့် ပညာရေးနေ့ထူးနေ့မြတ်တစ်ရပ်ဖြစ်ပါသည်။ ထိုပညာရေးနေ့ထူးနေ့မြတ်တွင် ပညာနှင့် မကင်းကြသူများအားလုံး၊ ဆရာနှင့် မကင်းကြသူများအားလုံး မြန်မာ့ဆရာများအပါအဝင် ကမ္ဘာ့ဆရာများ၏ ကျေးဇူးဂုဏ်ကို ကောင်းစွာဖွင့်ဟဖော်ကျူးကြ၍ အလေးအနက် ချီးကျူးဂုဏ်ပြုကြရမည်သာ ဖြစ်ပါသည်။

**ကမ္ဘာ့ဆရာများနေ့ ပေါ်ပေါက်လာပုံ**

ကုလသမဂ္ဂ ပညာသိပ္ပံနှင့် ယဉ်ကျေးမှုအဖွဲ့ချုပ် (UNESCO) သည် **"ဆရာများ၏ ဂုဏ်သိက္ခာ"** (THE STATUS OF TEACHERS) နှင့်စပ်လျဉ်း၍ ပထမဦးစွာ အသေးစိတ်ရေးဆွဲပြုစုခဲ့ပါသည်။ လွန်ခဲ့သော လေးဆယ့်ရှစ်နှစ်ကျော် ကာလခန့်က ဖြစ်ပါသည်။

ထိုသို့ ရေးဆွဲပြုစုပြီးနောက် ထိုကိစ္စသည် အလုပ်သမားရေးရာနှင့်လည်း သက်ဆိုင်နေသည့် ကိစ္စဖြစ်၍ ယူနက်စကို အဖွဲ့ချုပ်ကြီးက အပြည်ပြည်ဆိုင်ရာ အလုပ်သမားရေးရာအဖွဲ့ချုပ်(ILO)နှင့် ထပ်မံဆွေးနွေးညှိနှိုင်းတိုင်ပင်ပါသည်။ ယူနက်စကိုအဖွဲ့ချုပ်နှင့် အိုင်အယ်လ်အိုအဖွဲ့ချုပ်နှစ်ခုသည် ဖော်ပြပါ **"ဆရာများ၏ ဂုဏ်သိက္ခာ"** နှင့် စပ်လျဉ်းသည့်ထောက်ခံချက် (RECOMMENDATION CONCERNING THE STATUS OF TEACHERS)ကို ထပ်မံရေးဆွဲပြုစုခဲ့ကြပါသည်။

ထိုအဖွဲ့ချုပ်နှစ်ဖွဲ့ပူးတွဲရေးဆွဲပြုစုရရှိလာသည့် ထောက်ခံချက် (JOINT UNESCO ILO RECOMMENDATION CONCERNING THE STATUS OF TEACHERS)ကို အစိုးရအဖွဲ့များ၊ လူမှုရေးဆိုင်ရာ အသင်းအဖွဲ့များ တက်ရောက်ကြသည့် အထူးညီလာခံကြီးသို့ တင်ပြခဲ့ပါသည်။

၁၉၆၆ ခုနှစ် အောက်တိုဘာ ၅ ရက်နေ့က ကျင်းပခဲ့သော အဆိုပါ **"အထူးညီလာခံကြီး"** (A SPECIAL INTERGOVERMENTAL CONFERENCE) နှင့် **"ဆရာများဂုဏ်သိက္ခာ"** (THE STATUS OF TEACHERS)နှင့်ဆိုင်ရာ **"ထောက်ခံချက်"** (RECOMMENDATION)ကို အညီအညွတ်ဆွေးနွေးလက်ခံ အတည်ပြုပြဋ္ဌာန်းပေးခဲ့သဖြင့် ကမ္ဘာပေါ်တွင် **"ဆရာများဂုဏ်သိက္ခာ"** ထောက်ခံချက်(ဝါ) ပြဋ္ဌာန်းချက်သည် အခိုင်အမာအတည်ပြု ပေါ်ထွက်လာခဲ့ခြင်းဖြစ်ပါသည်။

ကမ္ဘာ့ဆရာများသမိုင်းတွင် ထိုသို့သမိုင်းတွင် သမိုင်းဝင်ဖြစ်ခဲ့ရသည့် ၁၉၆၆ ခုနှစ် **"အောက်တိုဘာလ ၅ရက်နေ့"** ကို **"ကမ္ဘာ့ဆရာများနေ့"** (WORLD TEACHERS' DAY)အဖြစ် ကောင်းစွာသတ်မှတ်ခဲ့ခြင်းဖြစ်ပါသည်။

ဆရာအတတ် ဆရာအလုပ်ဖြင့် အသက်မွေးဝမ်းကျောင်းပြုမှုသည် သမ္မာအာဇီဝဖြစ်၍ ကောင်းသော မွန်မြတ်သော ဂုဏ်တစ်ရပ်လည်းဖြစ်ကြောင်းကို နိုင်ငံတကာ (ကမ္ဘာက) ခိုင်ခိုင်မာမာ ခံယူထားပြီးဖြစ်ရာ ဤခံယူချက်ကို ကျွန်ုပ်တို့အားလုံး စနစ်တကျ လက်တွေ့ကျကျ အသုံးချကြဖို့ပင် ဖြစ်ပါသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတွင် အဆိုပါ ကမ္ဘာ့ဆရာများနေ့ကို ၂၀၀၂ ခုနှစ် အောက်တိုဘာ ၅ ရက်နေ့မှစ၍ နှစ်စဉ်နှစ်တိုင်း နိုင်ငံတော်အဆင့်အဖြစ် သတ်မှတ်ကျင်းပလာခဲ့ကြောင်းလေ့လာမှတ်သားထားမိပါသည်။

**၂၀၃၀ ပညာရေး**

အာရှတိုက် တောင်ကိုရီးယားနိုင်ငံ အင်ချွန်းမြို့တွင် ၂၀၁၅ ခုနှစ် မေလအတွင်း **"ကမ္ဘာ့ပညာရေးဖိုရမ်"** (WEF 2015)ကို ကျင်းပ၍ ၂၀၁၅ ခုနှစ်အလွန် ပညာရေး (၂၀၃၀ ပညာရေး) ကို အလေးအနက်ဆွေးနွေးစဉ်းစားစိစစ်သုံးသပ်ကြ၍ ဆွေးနွေးညှိနှိုင်းရရှိသည့် ပညာရေးဆိုင်ရာ အကြောင်းအချက်များပါဝင်သည့် **"၂၀၁၅ ကမ္ဘာလုံးဆိုင်ရာ ပညာရေးဖိုရမ် အင်ချွန်းကြေညာချက်"**ကို သမိုင်းဝင်ကြေညာချက်တစ်ရပ်အဖြစ် ထုတ်ပြန်ဖြစ်ခဲ့ပါသည်။

ဤကြေညာချက်အရ ၂၀၁၅ခုနှစ်အလွန်ပညာရေး (၂၀၃၀ ပညာရေး)သည် ကမ္ဘာသူကမ္ဘာသားများအား အရည်အသွေးရှိသည့် (အရည်အသွေးကောင်းမွန်သည့်) (QUALITY EDUCATION) ပညာရေးကိုသာ ပေးအပ်ရန် ရည်မှန်းချက်ထားပြီး ထိုရည်မှန်းချက်အတိုင်း ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။

သို့ဖြစ်၍ အရည်အသွေးရှိသည့် (အရည်အသွေးကောင်းမွန်သည့်)ပညာရေးကို ပေးအပ်နိုင်ရန် အရည်အသွေးရှိသည့် ဆရာများ(QUALITY TEACHERS) ကို မုချမွေးထုတ်ပြုစုပျိုးထောင်သွားကြရမည်မှာ မလွဲဧကန်အမှန်ဖြစ်ပေသည်။

**ဆရာပြုစုပျိုးထောင်ရေးနည်းလမ်းနှစ်သွယ်**

အရည်အသွေးရှိသည့် (အရည်အသွေးကောင်းမွန်သည့်) ဆရာများကို မွေးထုတ်ပြုစုပျိုးထောင်သည့် နည်းလမ်းနှစ်သွယ်ရှိပါသည်။

ပထမနည်းလမ်းမှာ ဆရာ့ဘဝ၊ ဆရာအဖြစ်သို့ တက်လှမ်းလာကြသူများအား စိစစ်ရွေးချယ်၍ ဆရာအတတ်ကို ကြပ်မတ်သင်ကြားပေးခြင်း (Pre- Service Training) ဖြစ်ပါသည်။

ဒုတိယနည်းလမ်းမှာ ဆရာ့ဘဝ၌ရောက်ရှိနေပြီး လုပ်ငန်းခွင်အတွင်းမှ ဆရာ ဆရာမများအား အရည်အသွေးရှိသည့် **"ဆရာကောင်း"**၊ **"ဆရာတော်"**၊ **"ဆရာမွန်"**၊ **"ဆရာချွန်"** များအဖြစ်သို့ တက်လှမ်းရောက်ရှိလာအောင် လုပ်ငန်းခွင်အတွင်း၌ ဉာဏ်သစ်လောင်းမွမ်းမံသင်တန်းများ (အရည်အသွေး၊ အရည်အချင်းမြှင့်တင်ရေးသင်တန်းများ) ဆက်တိုက်ပေးခြင်း (In-Service Training) တို့ဖြင့် ဆောင်ကြဉ်းရန်ဖြစ်ပါသည်။

**ပထမနည်းလမ်း**

ယနေ့ကမ္ဘာတစ်ဝန်းတွင် အဆင့်ဆင့်သောပညာကို သင်ယူလေ့လာဆည်းပူးနေကြသည့် ကျောင်းသား ကျောင်းသူများ **"သန်းတစ်ထောင်ကျော်"** ရှိနေပါသည်။ အဆိုပါ သန်းတစ်ထောင်ကျော်သော သင်ယူသူ ကျောင်းသား ကျောင်းသူများကို ဆရာပေါင်း **"သန်းခြောက်ဆယ်ကျော်"** ခန့်က သင်ကြားပို့ချပြုစုပျိုးထောင်ပေးနေပါသည်။

ကမ္ဘာ့ဆရာများ၏အခြေအနေကို သုံးသပ်ကြည့်လျှင် အရည်အသွေးကောင်းမွန်သည့် ဆရာများလျော့နည်းနေသည်ကို သက်ဆိုင်ရာနိုင်ငံအလိုက် အစီရင်ခံစာများက ထောက်ပြလျက်ရှိပါသည်။ ဖွံ့ဖြိုးပြီးနိုင်ငံအချို့၌ပင်လျှင် သာဓကအားဖြင့် သင်္ချာ၊ သိပ္ပံဆရာများမပြည့်စုံလိုအပ်နေပုံကို တွေ့မြင်မှတ်သားရပါသည်။

မြန်မာနိုင်ငံကိုကြည့်လျှင် မူလတန်းအဆင့်၊ အလယ်တန်းအဆင့်၊ အထက်တန်းအဆင့်တို့၌လည်း သက်မွေးပညာ၊ အဆင့်မြင့်ပညာ စသည်တို့၌လည်း လိုအပ်သည့် အရည်အသွေးကောင်းမွန်သည့် ဆရာများဖြည့်ဆည်းပေးရန် အပူတပြင်းလိုအပ်နေသည်ကို တွေ့မြင်မှတ်သားရပါသည်။

သို့ဖြစ်၍ ပထမနည်းလမ်းအရ အရည်အသွေးကောင်းမွန်သော ဆရာများရရှိရန်၊ အရည်အသွေးကောင်းမွန်သူများကို ဆရာဘဝသို့ ဝင်ရောက်လာနိုင်ရေးအတွက် ဆွဲဆောင်သိမ်းသွင်းရယူနိုင်ရေး၊ စိစစ်သိမ်းသွင်းရယူနိုင်ရေး၊ ဆရာ့အလုပ်ကို စိတ်ဝင်စားသူ၊ ဆရာ့ဘဝကို မြတ်နိုးတန်ဖိုးထားသူတို့ ဆရာ့ဘဝသို့ ဝင်ရောက်လာနိုင်ရေးတို့ကို အထူးအလေး ထားနည်းလမ်းရှာဖွေကြံဆပြီး ဆောင်ရွက်ဖို့အမှန်လိုအပ်နေပါသည်။ ထိုသူမျိုးတို့ကိုသာ အဆင့်ဆင့်သောဆရာဖြစ်သင်တန်းများပို့ချပြီး ပြုစုပျိုးထောင်ယူမှ ရမည်ဖြစ်ပါသည်။ **"လိုလျှင်ကြံဆ နည်းလမ်းရ"**ဟူသော ဆိုရိုးနှင့်အညီ အမျိုးမျိုးကြံဆနည်းလမ်းများကို ရှာဖွေဖော်ထုတ်ဆောင်ရွက်ရန်မှတစ်ပါး အခြားမရှိပါ။

**ဒုတိယနည်းလမ်း**

ဒုတိယနည်းလမ်းဖြစ်သည့် လုပ်ငန်းခွင်အတွင်းမှ အဆင့်ဆင့်သော ဆရာ ဆရာမများကို အရည်အသွေးရှိသော အရည်အသွေးကောင်းမွန်သော ဆရာများဖြစ်လာစေရေးအတွက် ပြုစုပျိုးထောင်ပေးရာတွင် ဆရာ့ဘဝ၊ ဆရာ့အလုပ်ကို နှစ်သက်မြတ်နိုးတန်ဖိုးထားပြီး မိမိတို့ကိုယ်တိုင်က **ဥစ္စာရင်လို ဥစ္စာရင်ခဲ** သဘောဖြင့် မိမိ၏တပည့်သားသမီးများ ပညာရည်တိုးတက်မြင့်မားလာစေရေးသို့ ရှေးရှု၍ မိမိတို့၌လိုအပ်နေသည့် ပညာရပ်ဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ အားနည်းမှု၊ ချို့တဲ့နေမှုကို သိရှိအောင် ကြံဆရှာဖွေ၍ မိမိကိုယ်တိုင်က လိုလိုလားလား ကြိုးစားဖြည့်ဆည်းပေးခြင်းပင် ဖြစ်ပါသည်။ ဤအစီအစဉ်မှာ မိမိအသိ၊ မိမိအကြံအစည်ဖြင့် နည်းလမ်းရှာဖွေပြီး လိုလျှင်ကြံဆနည်းလမ်းရဟူသော ဆိုရိုးနှင့်အညီ ဥစ္စာရင်လို ဥစ္စာရင်ခဲ၊ မိမိကိုယ်ကို မိမိပြုစုပျိုးထောင်ခြင်းဖြစ်ပါသည်။ စာရေးသူကိုယ်တိုင် လွန်ခဲ့သော နှစ်ပေါင်းခြောက်ဆယ်ကျော်ကာလမှ ယနေ့ထိတိုင် ပညာရပ်ပိုင်းဆိုင်ရာ၊ ဘာသာရပ်ပိုင်းဆိုင်ရာ အားနည်းချက်များကို လေ့လာသုံးသပ်သင်ယူ ဖြည့်ဆည်းမှုများဖြင့် အစဉ်ထာဝရ ဖြည့်တင်းလျက်ရှိပါသည်။ သို့ဖြင့် အသက်သုံးနှစ်အရွယ်ကလေး (မိခင် ဝိုင်း)၊ အသက်ငါးနှစ်အရွယ် (မူကြို)၊ ကလေးသူငယ်များမှ အဆင့်ဆင့်တက်၍ မဟာတန်း၊ ပါရဂူတန်းတို့ကို လက်ရှိ အသက် (၈၈) နှစ်သို့တိုင် မနေမနား၊ မနားမနေ လေ့လာသင်ယူမှုနှင့်အတူ သင်ကြားပို့ချလေ့ကျင့်ပြုစုပျိုးထောင်ပေးမှုကိုပါ ဆောင်ရွက်နိုင်လာခြင်းဖြစ်ပါသည်။

ဤဒုတိယ နည်းလမ်းအရ လုပ်ငန်းခွင်တွင်းမှ ဆရာ ဆရာမများ၏ အရည်အသွေး ကောင်းမွန်တိုးတက်လာစေရေးအတွက် ပညာရေးဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ၊ ဉာဏ်သစ်လောင်းမွမ်းမံသင်တန်းများ၊ ပညာရပ်ဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးနှီးနှောဖလှယ်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ ကျင်းပလေ့ကျင့်ပေးခြင်း၊ အသင်အပြကောင်းမွန်သည့် ဆရာရည်ချွန်များ ရွေးချယ်ဖော်ထုတ်ပေးခြင်း၊ ပြည်တွင်းပြည်ပ ပညာတော်သင်များအဖြစ် ရွေးချယ်စေလွှတ်ပေးခြင်းတို့ကိုလည်း တစ်ဖက်တစ်လမ်းမှ အမြဲမပြတ် ဆောင်ရွက်ပေးနေရပါမည်။

အခြားတစ်ဖက်တစ်လမ်းအနေဖြင့်လည်း ဆရာအတတ်ဖြင့် ပျော်ပျော်ပိုက်ပိုက် နှစ်နှစ်ခြိုက်ခြိုက်၊ ထူးခြားထူးချွန်စွာ ဆောင်ရွက်နေကြသည့် ဆရာ ဆရာမများကို အဆင့်ဆင့် စိစစ်ရွေးချယ်၍ ကမ္ဘာ့ဆရာများနေ့ကဲ့သို့သော နေ့ထူးနေ့မြတ်တွင် မြို့နယ်/ခရိုင်/ပြည်နယ်/တိုင်းဒေသကြီးအဆင့်၊ ဗဟိုအမျိုးသားအဆင့်တို့၌ ဂုဏ်ပြုခံဆရာ ဆရာမများအဖြစ် ရွေးချယ်ကာ ထိုက်ထိုက်တန်တန် ဂုဏ်ပြုခြင်းမျိုးကိုလည်း ဆောင်ရွက်ပေးရပါလိမ့်မည်။

ထိုသို့ အဘက်ဘက်မှ ထူးခြားထူးချွန်စွာ ဆောင်ရွက်မှုပြုကြသည့် ဆရာ ဆရာမများကို ဖော်ထုတ်နိုင်သည့် နည်းလမ်းကိုရှာဖွေ၍ ထိုသို့သော ဆရာ ဆရာမများအား ရာထူးတိုးမြှင့်မှုတို့တွင်လည်း ထိုက်ထိုက်တန်တန်ပင် တိုးမြှင့်တာဝန်ပေးအပ်ခြင်းတို့ကိုလည်း ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ဤဒုတိယနည်းလမ်းတွင် လုပ်ငန်းခွင်အတွင်းမှ ဆရာ ဆရာမများ၊ မိမိတို့လုပ်ငန်းခွင်အတွင်း၌ **"တပည့်သံယောဇဉ်"**၊ **"ဆရာ့သံယောဇဉ်"**၊ **"ပညာရေးသံယောဇဉ်"** တို့ဖြင့် ပျော်ပျော်ပိုက်ပိုက် နှစ်နှစ်ခြိုက်ခြိုက် အငြိမ်းစားယူသွားသည်အထိ နေထိုင်လုပ်ကိုင်ဆောင်ရွက်သွားကြနိုင်အောင် **"ဆရာ့ဝန်းကျင်ကောင်းကို ဖန်တီးခြင်း"**သည်လည်း မဖြစ်မနေလုပ်ဆောင်ပေးရန် လိုပါမည်။ ဆရာ့ဝန်းကျင်ကောင်းကို ဖန်တီးပေးရာ၌ ဆရာ့အလုပ်၊ ဆရာ့ဘဝ၊ ဆရာ့သိက္ခာနှင့် လိုက်လျောညီထွေသည့် လစာ၊ ချီးမြှင့်ငွေ၊ နေထိုင်သွားလာစရိတ်စက၊ အဆောက်အအုံများကိုရှိပြီးဖြစ်သည့် အနန္တဂိုဏ်းဝင်ဆရာ၏ လူမှုရေးအဆင့်အတန်းနှင့်အညီ လျောက်ပတ်တင့်တယ်သည့် လူမှုစီးပွားအဆင့်၊ ယဉ်ကျေးမှုအဆင့်၊ (THE STATUS OF TEACHERS) **ဆရာများ၏ ဂုဏ်သိက္ခာကို** တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းပေးနိုင်ဖို့ ကြိုးစားအားထုတ်သင့်ပါသည်။

ထိုသို့ သတ်မှတ်ပြဋ္ဌာန်းပေးနိုင်ခြင်းဖြင့် ဆရာ ဆရာမများသည် ဆရာများ၏ ဂုဏ်သိက္ခာနှင့်အညီ မြန်မာ့လူ့အဖွဲ့အစည်း၊ မြန်မာ့စီးပွားလူမှုအသိုင်းအဝိုင်း၌ ပါဝင်လှုပ်ရှားရာ၌ နိုးကြားတက်ကြွစွာ တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်လာနိုင်ကြမည်ဖြစ်ရာ ဤသို့ဖြင့် မြန်မာ့လူ့အဖွဲ့အစည်း၏ အားသစ်အင်သစ်ဖြစ်သော မျိုးဆက်သစ် လူငယ်များကို စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက် ထွန်းကားလာအောင် မုချဆောင်ကြဉ်းပျိုးထောင်ပေးသွားနိုင်မည်မှာ အမှန်ပင်ဖြစ်ပါသည်။

သို့ဖြင့် ကမ္ဘာ့လူ့အဖွဲ့အစည်း၊ မြန်မာ့လူ့အဖွဲ့အစည်း၌ အစဉ်ရှင်သန်ရပ်တည်နိုင်သည့် ရှိသေဦးခိုက်ကန်တော့ထိုက်သည့် ကျေးဇူးရှင် အနန္တဂိုဏ်းဝင်ဆရာကောင်း၊ ဆရာတော်၊ ဆရာမြတ်များအဖြစ် တည်တည်တံ့တံ့ ခံ့ခံ့ခိုင်ခိုင်ကျောက်တိုင်ပမာ ခန့်ညားထည်ဝါစွာ ရပ်တည်လာနိုင်ကြမည်ဖြစ်ပါသည်။

*"ကြယ်စင် အနန္တ၊ တွက်ရေမရသို့*
*များစွာ ဂုဏ်ရည်၊ ရွှန်းလက်ကြည်ဖြာ*
***မြတ်ဆရာ**အား၊လေးစားရိုကျိုး*
*မြတ်နိုးသဒ္ဓါ၊ ဖြူစင်စွာဖြင့်*
*ဆယ်ဖြာစုံလက်၊ ကြာမုံယှက်၍*
*မပျက်ဦးခိုက် အပ်သူပါတကား"*

ကမ္ဘာ့ဆရာများနေ့

WORLD TEACHERS' DAY

အောက်တိုဘာလ ၅ရက်



"လူ့အဖွဲ့အစည်းစဉ်ဆက်မပြတ်တိုးတက်ရေး၊ ဆရာ့စွမ်းရည်မြှင့်တင်ပေး"

Empowering Teachers, Building Sustainable Societies

> **လုပ်ငန်းခွင်တွင်းမှ ဆရာ ဆရာမများ၏ အရည်အသွေးကောင်းမွန်တိုးတက်လာစေရေးအတွက် ပညာရေးဆိုင်ရာ၊ ဘာသာရေးဆိုင်ရာ၊ ဉာဏ်သစ်လောင်းမွမ်းမံသင်တန်းများ၊ ပညာရပ်ဆိုင်ရာ၊ ဘာသာရပ်ဆိုင်ရာ ဆွေးနွေးနှီးနှောဖလှယ်ပွဲများ၊ ပြပွဲများ၊ ပြိုင်ပွဲများ ကျင်းပလေ့ကျင့်ပေးခြင်း၊ အသင်အပြကောင်းမွန်သည့် ဆရာရည်ချွန်များ ရွေးချယ်ဖော်ထုတ်ပေးခြင်း၊ ပြည်တွင်းပြည်ပ ပညာတော်သင်များအဖြစ် ရွေးချယ်စေလွှတ်ပေးခြင်းတို့ကိုလည်း တစ်ဖက်တစ်လမ်းမှ အမြဲမပြတ်ဆောင်ရွက်ပေးနေရ။**

# ဂျိမ်းစ်ဘွန်းရုပ်ရှင်သစ်တွင် အမေရိကန်ဒေါ်လာ ၃၇သန်းတန်ကားများကို အပျက်စီးခံရိုက်ကူးခဲ့




ကမ္ဘာကျော် အက်ရှင်ဇာတ်ကားများအနက် ယနေ့ထိတိုင် ကျော်ကြားနေဆဲဖြစ်သော ဂျိမ်းစ်ဘွန်းရုပ်ရှင်များ၏ ရုပ်ရှင်သစ်“Spectre” တွင် အမေရိကန်ဒေါ်လာ ၃၇ သန်းတန်ဖိုးရှိ အော်စတွန်မာတင်အမျိုးအစားကားများကို အပျက်အစီးခံကာ ရိုက်ကူးခဲ့ကြောင်း အဆိုပါရုပ်ရှင်၏ ညှိနှိုင်းရေးမှူး ဂရေးပေါ်ဝဲလ်က ဒေးလီးမေးသတင်းစာနှင့်ပြုလုပ်သော အင်တာဗျူးတစ်ခုတွင် ထုတ်ဖော်ပြောကြားခဲ့သည်။

ကားများကို ရောမမြို့တွင် သွားရောက်ရိုက်ကူးလျက်ရှိသည့် ရုပ်ရှင်၏ အခန်းတစ်ခန်းတွင် တစ်နာရီကို မိုင်တစ်ရာ့တစ်ဆယ်အထက်မောင်းကာ ကားနှစ်စီးဝင်တိုက်သည့် အခန်းကို ရိုက်ကူးခဲ့ကြောင်းလည်း အဆိုပါ ညှိနှိုင်းရေးမှူးက ပြောကြားခဲ့သည်။

အဆိုပါရုပ်ရှင်တွင် ကားစုစုပေါင်း ခုနစ်စီးကို အပျက်စီး အဆုံးရှုံးခံကာ ရိုက်ကူးခဲ့ပြီး ရိုက်ကွင်းများကို ကိုလိုစီယမ်၊ တင်းမ်ဘားမြစ်နှင့် ဘာတီကန် မြို့တော်အနီးတို့တွင် သွားရောက်ရိုက်ကူးခဲ့ကြောင်း သိရသည်။

## ချစ်သူအသစ်ရရှိသွားပြီဖြစ်တဲ့ အိုလီဘာကာလ်ပို



၂၀၁၂ခုနှစ် အမေရိကန်နိုင်ငံ၏ အလှမယ်အိုလီဘာကာလ်ပိုသည် လတ်တလောတွင် အမေရိကန်ဘောလုံးကစားသမားတစ်ဦးဖြစ်သည့် တင်မ်တီးဘောင်နှင့် ချစ်သူအဖြစ်ရွှေလက်တွဲခဲ့ကြပြီး ဟောလိဝုဒ်၏ရေပန်းအစားဆုံးသောစုံတွဲများတွင် ပါဝင်လာခဲ့သည်။

အသက် (၂၈)နှစ်အရွယ် တင်မ်တီးဘောင်နှင့် (၂၃)နှစ်အရွယ် အိုလီဘာကာလ်ပိုတို့နှစ်ဦးသည် ပြီးခဲ့သည့်လက ချစ်သူများဖြစ်ခဲ့ကြသော်လည်း သူတို့နှစ်ဦးစလုံးက တတ်နိုင်သမျှပရိသတ်ရှေ့တွင် အတူတွဲမတွေ့မြင်စေရန်နှင့် သူတို့နှစ်ဦး၏ ချစ်ရေးကို လျှို့ဝှက်ထားရန် ဆန္ဒရှိကြကြောင်း အီးအွန်လိုင်းဒေ့ါကွန်းက ဖော်ပြခဲ့သည်။

အိုလီဗာသည် တင်မ်နှင့် မတွဲမီက သက်တူရွယ်တူ အမေရိကန်ပေါ့ပ်အဆိုတော်တစ်ဦးဖြစ်သည့် နစ်ခ်ဂျိုးနက်နှင့် ချစ်သူများဖြစ်ခဲ့ကြပြီး ချစ်သူသက်တမ်းနှစ်နှစ်အကြာ ယခုနှစ်မေ့ရာသီအစပိုင်းတွင် လမ်းခွဲခဲ့ကြသည်။

အိုလီဘာနှင့်ရင်းနှီးသောမိတ်ဆွေတစ်ဦးက အိုလီဘာသည် ချစ်သူဟောင်း နစ်ခ်နှင့် လမ်းခွဲပြီးနောက်ပိုင်းသည် သူ့အတွက် အလွန်ခက်ခဲသည့်အချိန်များဖြစ်ခဲ့ကာ အသည်းကွဲဝေဒနာကို အပြင်းအထန်ခံစားခဲ့ရကြောင်းနှင့် ယခုကဲ့သို့ ချစ်သူသစ်ရရှိသွားခြင်းအတွက် ဝမ်းသာပါကြောင်းဆိုခဲ့သည်။

## ဘူဆန် အပြည်ပြည်ဆိုင်ရာရုပ်ရှင်ပွဲတော်ကို တက်ရောက်ခဲ့တဲ့ ဟာဂျီဝန်



တောင်ကိုရီးယားမင်းသမီးချောဟာဂျီဝန်ဟာ အောက်တိုဘာ ၁ ရက်က ကျင်းပခဲ့တဲ့ ၂၀၁၅ခုနှစ် ဘူဆန်အပြည်ပြည်ဆိုင်ရာရုပ်ရှင်ပွဲတော်ကို တက်ရောက်ခဲ့ပြီး ယင်းရုပ်ရှင်ပွဲတော်မှာ မီဒီယာတွေရဲ့ စိတ်ဝင်စားခြင်းခံခဲ့ရပါတယ်။

အကြောင်းကတော့သူဝတ်ဆင်လာခဲ့တဲ့ အဝတ်အစားဒီဇိုင်းကြောင့်ပဲဖြစ်ပါတယ်။ ဒေသခံမီဒီယာတွေက ဘူဆန်ရုပ်ရှင်ပွဲတော်ကို ဝတ်ဆင်လာခဲ့တဲ့ ဝတ်စုံဟာ ခန္ဓာကိုယ်အထက်ပိုင်းရောအောက်ပိုင်းကိုပါ အလွန်လှစ်ဟပြထားတဲ့ဝတ်စုံဖြစ်တာကြောင့် သူဝတ်ဆင်ခဲ့သမျှသော ဝတ်စုံတွေအားလုံးထဲမှာ ခန္ဓာကိုယ်ကိုအဖော်ပြဆုံးဝတ်စုံဖြစ်တယ်လို့လဲ မှတ်ချက်ပေးခဲ့ကြပါတယ်။

မီဒီယာတွေက သူ့ကိုဝတ်စုံကြောင့် ဝေဖန်ကြသလို တစ်ပြိုင်တည်းမှာလည်း အသက် (၃၇)နှစ်ရှိပြီဖြစ်တဲ့ မင်းသမီးဟာ ကျန်းမာလှပနေဆဲဖြစ်တယ်ဆိုတာကိုလည်း ချီးကျူးပြောဆိုခဲ့ကြပါတယ်။

ယခုကျင်းပခဲ့တဲ့ ဘူဆန်အပြည်ပြည်ဆိုင်ရာရုပ်ရှင်ပွဲတော်ဟာ အကြိမ်(၂၀) မြောက် ဘူဆန်ရုပ်ရှင်ပွဲတော်ဖြစ်ကာ ယင်းပွဲတော်မှာ ကမ္ဘာတစ်ဝန်းရှိ နိုင်ငံပေါင်း ၇၅ နိုင်ငံမှ ရုပ်ရှင်ဇာတ်ကားပေါင်း ၃၀၄ ကား ပါဝင်ပြသသွားမှာဖြစ်ပါတယ်။

**အေးပြည့် – စုစည်းသည်။**

## သမီးဖြစ်သူရဲ့အသက်မွေးဝမ်းကျောင်းနဲ့ပက်သက်ပြီးစိတ်ပူနေတဲ့ဂျော်နီဒပ်

ဟောလိဝုဒ်အကျော်အမော် ပင်လယ်ဓားပြမင်းသားကြီး ဂျော်နီဒပ်က သူ၏သမီးဖြစ်သူ လီလီရို့စ်ဒပ်သည် လတ်တလော အနုပညာလုပ်ငန်းများတွင် ဖက်ရှင်မော်ဒယ်လ်တစ်ဦး အဖြစ်သာမက သရုပ်ဆောင်တစ်ဦးအဖြစ်ပါ အောင်မြင်မှုများရလာသည့်အပေါ် ဆယ်ကျော်သက် သမီးတစ်ဦး၏ဖခင်အနေဖြင့် စိတ်ပူပန်မိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ဆက်လက်ပြီးမင်းသားက သမီးဖြစ်သူကို ယခုကဲ့သို့ အောင်မြင်သည့် အနုပညာရှင်တစ်ဦးဖြစ်လာလိမ့်မည်ဟု မထင်ထားကြောင်း၊ အထူးသဖြင့် ယခုကဲ့သို့ အသက်(၁၆)နှစ်ဆိုသည့် ငယ်ရွယ်သည့်အချိန်တွင် အောင်မြင်မှုရလိမ့်မည်ဟု မမျှော်လင့်ထားခဲ့ကြောင်း ဂါလာမဂ္ဂဇင်းသို့ ပြောကြားခဲ့သည်။

လတ်တလောတွင် လီလီသည် ဖခင်ဖြစ်သူပါဝင်သရုပ်ဆောင်လျက်ရှိသည့် ၂၀၁၆ခုနှစ်တွင် ထုတ်လွှင့်ပြသသွားမည့် ဟာသနှင့် ထိတ်လန့်ကြောက်ရွံ့ဖွယ်ရာပြွန်းထားသည့် “ Yoga Hosers”ရုပ်ရှင်တွင် ပါဝင်ရိုက်ကူးလျက်ရှိသည်။

# ရုပ်မြင်သံကြားအစီအစဉ်များ

၅ - ၁၀ -၂၀၁၅ (တနင်္လာနေ့)

## မြန်မာ့ရုပ်မြင်သံကြား Enterainment Channel

- ၆း၀၀ အဖွင့်
  - ခြေခြေမြစ်မြစ်နှစ်နှစ် ကာကာချစ်တဲ့ ကာလပေါ်တေးအရသာဂီတရိပ်သာ(အပိုင်း-၁၄၇)
- ၆း၂၅ “မဟော်သဓာ” (အပိုင်း-၁၄) (ဇာတ်သိမ်းပိုင်း) (ဒုတိယပိုင်း)
- ၆း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ “မြင့်မိုရ်မေမေ” (အပိုင်း-၂၈)
- ၇း၄၅ နိုင်ငံခြားဇာတ်လမ်းတွဲ “မင်္ဂလာပါဂင်ချီ” (အပိုင်း-၆)
- ၈း၃၀ တေးဂီတအစီအစဉ်
- ၈း၅၀ “ဥယျာဉ်နန်းက ပန်းသခင်” (စွမ်း၊ လင်းဇာနည်ဇော်၊ ရတနာမိုင်) (ဒါရိုက်တာ-သံလျင်ဖိုးကျော်)
- ၁၀း၃၅ မြန်မာဗီဒီယိုဇာတ်လမ်း “ပန်းသီးမက်ဆေ့ချ်” (နိုင်းနိုင်း၊သင်ဇာဝင့်ကျော်) (ဒါရိုက်တာ-ဇော်မျိုး)
- ၁၂း၀၀ အစီအစဉ်ပြီး၏

**တစ်နေ့ (၆) နာရီစာ (၄) ကြိမ် ပြသပါမည်။**

## MRTV - 4

- ၅း၀၀ ပဥ္စာနီးပါဠိတော်+ရတနသုတ်
- ၅း၄၀ “နောက်ဆုံးည နောက်ဆုံးအချိန်” တရားတော် [ဆရာတော်ဘဒ္ဒန္တ သဒ္ဓမ္မကိတ္တိသာရ (အောင်ဆန်းဆရာတော်)]
- ၇း၅၀ ရန်ကုန်မြင်ကွင်းကျယ်
- ၈း၄၀ ပျော်ရွှင်လေ့လာအင်္ဂလိပ်စာ
- ၉း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နေရောင်အောက်မှာ ပွင့်သောပန်း” (အပိုင်း-၁၀၅)
- ၉း၄၅ အနုပညာမိုးကောင်းကင်
- ၁၁း၀၅ သွားမယ်စားမယ် (My Frieds-2)
- ၁၁း၃၀ Forever Music Tribute Hip Hop Show Time (အပိုင်း-၂) (ပထမပိုင်း)
- ၁၁း၅၅ ကျားခင်စိန်နှင့်တွေ့ဆုံခြင်း
- ၁၂း၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၆၄)
- ၁၂း၃၅ မူဆယ်ဗဟိုစီးပွားရေးဇုန် စီမံကိန်း
- ၂း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “အိမ်နီးချင်း” (အပိုင်း-၅၂)
- ၃း၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ”(အပိုင်း-၇၃)
- ၆း၁၀ Health Fix
- ၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “လျှို့ဝှက်ဒဏ္ဍာရီ”(အပိုင်း-၇၄)
- ၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ “အိမ်နီးချင်း” (အပိုင်း-၅၃)
- ၈း၁၀ Drive It
- ၈း၄၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “နေရောင်အောက်မှာ ပွင့်သောပန်း” (အပိုင်း-၁၀၆)
- ၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ “သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း” (အပိုင်း-၆၅)
- ၁၀း၁၀ Global Panorama (ကိုကိုလှိုင်၊ မျိုးမြတ်သူ)
- ၁၁း၄၅ MRTV-4 Stage
- ၁၂း၁၀ World Of Knowledge
- ၃း၄၅ သာသနာတော်ထွန်းကားအလှ တရားဖြာဝေ ထားဝယ်မြေ

## မြဝတီ

- ၆း၀၃ တရားတော်
- ၆း၁၆ မေတ္တာပို့
- ၆း၂၀ ဓမ္မပူဇာတေး
- ၆း၂၅ ကိုယ်လက်လှုပ်ရှားအားကစား
- ၆း၃၅ မျိုးချစ်တပ်မတော်
- ၆း၅၅ မြန်မာသံစဉ်ချိုနားဝင်
- ၇း၁၀ အမျိုးသားရေးတေးကဗျာ
- ၈း၀၅ VOA အင်္ဂလိပ်စာသင်ခန်းစာ
- ၈း၁၅ ရွှေဟောင်းသုတ
- ၈း၂၀ DVD Hits
- ၈း၃၅ ဟန်ချက်ညီညီနိုင်ငံတော်သစ်ဆီ
- ၉း၁၀ သူနှင့်သူ၏သီချင်းများ
- ၄း၂၀ စိုက်ပျိုးသုတ
- ၄း၃၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
- ၄း၃၅ ဇာတ်လမ်းတို
- ၅း၀၅ မြန်မာသံစဉ်ချိုနားဝင်
- ၅း၁၅ ရင်ခုန်စရာအမှောင်ကမ္ဘာ
- ၅း၃၅ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၆၀)
- ၆း၂၀ သံစဉ်လမ်းကလင်းလက်ကြယ်
- ၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - ရင်နှစ်သီးခြာချစ်လိပ်ပြာ (အပိုင်း-၂၄)
  - ကြယ်ကလေးတို့ရဲ့ဂီတမိုးကောင်းကင်
  - မေးမြန်းစူးစမ်း
  - ယနေ့ညအတွက်မြဝတီ၏တေးလက်ဆောင်
  - ရသစုံလင်ရုပ်မြင်ဇာတ်လမ်း
  - နေတံတိုင်းရဲ့တစ်ဖက်တစ်ချက် အပိုင်း(၁၉)

## mitv

- 07:03 News
- 07:26 Myanmar Delicate Artistic Handy Creations- Lacquareware Making
- 07:50 Black Gold (Part- I)
- 08:03 News
- 08:26 Myanmar Childhood Games (Episode- 1)
- 08:35 Maha Hmuttmuni Buddha Image In Rakhine
- 08:48 Today Myanmar "Broadcasting Law"
- 09:03 News
- 09:26 Trend Of Kachin Dress
- 09:53 Great Minds of Myanmar (Anthropologist U Kyaw Win)
- 10:03 News
- 10:26 All About Orchids
- 10:39 Paper Products... Plain but Pretty
- 07:03 News
- 07:26 Food Trip (Ep-5) (Part-1)
- 07:45 Myanmar Traditional Art Bronze Casting
- 07:51 Chaung Tha Souvenir Business
- 08:03 News
- 08:26 An Aficionado Of Alluring Antiques

# အသက်(၁၃)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဆုပေးပွဲအခမ်းအနားကျင်းပ

နေပြည်တော် အောက်တိုဘာ ၄

ကျောင်းသား ကျောင်းသူများ၏ ပညာရေး၊ ကျန်းမာရေး အပြင် ထူးချွန်သော အားကစားသမားကောင်းများ ပေါ်ထွန်းလာစေရေးအတွက် ရည်ရွယ်ကျင်းပသော ခရိုင်ပညာရေးမှူးဗိုင်း အခြေခံပညာကျောင်းပေါင်းစုံ အသက်(၁၃)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုပေးပွဲ အခမ်းအနားကို ယနေ့နံနက် ၈ နာရီက နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရခရိုင် ပုဗ္ဗသီရိမြို့နယ် အမှတ်(၂၀) အခြေခံပညာအထက်တန်းကျောင်းရှိ အားကစားကွင်း၌ ကျင်းပသည်။



ရှေးဦးစွာ ဗိုလ်လုပွဲအဖြစ် ဇေယျာသီရိမြို့နယ်အမျိုးသမီးဘောလုံးအသင်းနှင့် တပ်ကုန်းမြို့နယ်အမျိုးသမီးဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ဇေယျာသီရိဘောလုံးအသင်းက နှစ်ဂိုး - ဂိုးမရှိဖြင့် အနိုင်ရဗိုလ်စွဲခဲ့သည်။

ထို့နောက် ဆုပေးပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ ပထမဆုရရှိသော ဇေယျာသီရိဘောလုံးအသင်းအား ဥတ္တရခရိုင် ပညာရေးမှူးဦးဘထွန်းက ဒိုင်းဆုပေးအပ်ခဲ့ပြီး ဒုတိယဆု နှင့် ထူးချွန်ဆုရရှိသော အားကစားသမားများအား တာဝန်ရှိသူများက ဆုများအသီးသီးပေးအပ်ခဲ့ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲတွင် ဥတ္တရခရိုင်အတွင်းရှိ တပ်ကုန်း၊ ပုဗ္ဗသီရိ၊ ဇေယျာသီရိ၊ ဥတ္တရသီရိ မြို့နယ်များရှိ အခြေခံပညာကျောင်းများမှ အမျိုးသမီးဘောလုံးသမားများအား မြို့နယ်အလိုက် အသင်းလေးသင်းခွဲ၍ ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။

**ရွှေရဲရင့်**

## အောက်တိုဘာ ၃/၄ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

| | | | | |
|---|---|---|---|---|
| **ပရီမီယာလိဂ်** | | | | |
| ချယ်လ်ဆီး | ၁ | - | ၃ | ဆောက်သမ်တန် |
| အဲဗာတန် | ၁ | - | ၁ | လီဗာပူး |
| အာဆင်နယ် | ၃ | - | ၀ | မန်ယူ |
| ဆွမ်ဆီး | ၂ | - | ၂ | စပါး |
| **စီးရီးအေ** | | | | |
| ကာပီ | ၂ | - | ၁ | တိုရီနို |
| ချီယေဗို | ၁ | - | ၁ | ဗီရိုနာ |
| အမ်ပိုလီ | ၁ | - | ၀ | ဆာစူအိုလို |
| ပါလာမို | ၂ | - | ၄ | ရိုးမား |
| ဆမ်ဒိုးရီးယား | ၁ | - | ၁ | အင်တာမီလန် |
| အူဒီးနီး | ၁ | - | ၁ | ဂျီနိုအာ |
| **စပိန်လာလီဂါ** | | | | |
| ဂရန်နာဒါ | ၁ | - | ၁ | ဒီပို့တီဗို |
| အက်စ်ပန်ညို | ၁ | - | ၂ | ဂီဂျွန် |
| လက်စ်ပဲမက် | ၀ | - | ၂ | အီဘား |
| မာလာဂါ | ၃ | - | ၁ | ဆိုစီဒက် |
| ဗယ်လီကာနို | ၀ | - | ၂ | ဘက်တစ် |
| ဘီဘာအို | ၃ | - | ၁ | ဗလန်စီယာ |

**မောင်မောင်ဇော်**

# ကွင်းလယ်ကစားသမား ရှနိုက်ဒါ အသင်းနှင့် စာချုပ်သစ်ချုပ်ဆို

နယ်သာလန်ကွင်းလယ်ကစားသမား ရှနိုက်ဒါသည် လက်ရှိကလပ် ဂါလာတာစာရေးအသင်းနှင့် စာချုပ်သစ်တစ်ရပ်ထပ်တိုးချုပ်ဆိုခဲ့ရာ ၂၀၁၇-၂၀၁၈ ဘောလုံး ရာသီအထိ ဂါလာတာစာရေးအသင်း၌ ဆက်ရှိနေမည်ဖြစ်သည်။

ကွင်းလယ်ကစားသမား ရှနိုက်ဒါသည် စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်းကြောင့် တစ်ရာသီလစာ ယူရို ၄ ဒသမ ၅ သန်းရရှိမည်ဖြစ်ပြီး ဂါလာတာစာရေးအသင်း ချန်ပီယံလိဂ်(၁၆)သင့်အဆင့်သို့ တက်လှမ်းနိုင်ခဲ့ပါက အပိုဆုကြေးအဖြစ် ယူရို ၂၅၀၀၀၀ ရရှိမည်ဖြစ်ကြောင်းလည်းသိရသည်။

အသက်(၃၁)နှစ်အရွယ်ရှိ ကွင်းလယ်ကစားသမား ရှနိုက်ဒါသည် ၂၀၁၃ ခုနှစ်တွင် အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းမှ ဂါလာတာစာရေးအသင်းသို့ ပြောင်းရွှေ့လာခဲ့သူဖြစ်ပြီး ဂါလာတာစာရေးအသင်းသို့ ရောက်ရှိခဲ့ပြီးနောက် ဆုဖလားနှစ်ကြိမ်အထိ ရယူဆွတ်ခူးပေးနိုင်ခဲ့သူဖြစ်သည်။

လက်ရှိတွင်လည်း ဂါလာတာစာရေးအသင်းသည် စူပါလိဂ်တွင် ဘီဆစ်တက်စ်နှင့် ဖီနာဘာချီတို့အား တစ်မှတ်ဖြတ်ကာ အမှတ်ပေးဇယားထိပ်၌ ဦးဆောင်နေပြီး ချန်ပီယံလိဂ်အုပ်စု(ဃ)တွင်လည်း ဘင်ဖီကာနှင့် အက်သလက်တီကိုမက်ဒရစ်တို့နောက်တွင် တတိယနေရာ၌ ရပ်တည်နေသည်။

ရှနိုက်ဒါပါဝင်ကစားလျက်ရှိသည့် နယ်သာလန် လက်ရွေးစင်အသင်းသည်လည်း လာမည့်စက်တင်ဘာ ၁၀ ရက်တွင် ယူရို ၂၀၁၆ ခြေစစ်ပွဲ ပွဲစဉ်အဖြစ် ကာဇက်စတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်ပြီး အဆိုပါပွဲစဉ်ပြီးနောက် သုံးရက်အကြာတွင် ချက်အသင်းနှင့် ဆက်လက်ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**ငွေကြယ်**




ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် နည်းပြဂွါဒီယိုလာအား စာချုပ်သစ်ချုပ်ဆိုရေးနှင့် စပ်လျဉ်း၍ ဆွေးနွေးသွားမည်ဖြစ်ကြောင်းသိရသည်။ ဘိုင်ယန်နည်းပြ ဂွါဒီယိုလာ အသင်းနှင့်စာချုပ်သက်တမ်းမတိုးခဲ့ပါက ပရီမီယာလိဂ်ကလပ်အသင်းများကလည်း ခေါ်ယူရန်စိတ်ဝင်စားလျက်ရှိနေသော်လည်း ဘိုင်ယန်မြူးနစ်အသင်းကမူ ဂွါဒီယိုလာသည် အသင်းနှင့် စာချုပ်သစ်ချုပ်ဆိုလိမ့်မည်ဟု ယုံကြည်ထားသည်။

နည်းပြဂွါဒီယိုလာသည် ဘိုင်ယန်မြူးနစ်အသင်းသို့ ရောက်ရှိလာခဲ့ပြီးနောက် သုံးနှစ်သက်တမ်းရှိစာချုပ်တစ်ရပ် ချုပ်ဆိုခဲ့ခြင်းဖြစ်ပြီး ယခုနှစ်ဘောလုံးရာသီကုန်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်းသိရသည်။ ထို့ကြောင့် နည်းပြဂွါဒီယိုလာအား လာမည့်ဘောလုံးရာသီတွင် အင်္ဂလန်မြေ၌ မြင်တွေ့ရလိမ့်မည်ဟု ကျွမ်းကျင်သူများက မျှော်လင့်ထားကြသည်။

သို့ရာတွင် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် နည်းပြဂွါဒီယိုလာအား အသင်း၌ ဆက်ရှိနေစေရေးအတွက်အနည်းဆုံး ဘောလုံးရာသီတစ်ရာသီကြာ ဆက်လက်တာဝန်ယူရန် တောင်းဆိုသွားမည်ဟု ဆိုသည်။ လက်ရှိတွင် အင်္ဂလန်ကလပ်အသင်းများဖြစ်ကြသည့် မန်စီးတီးအသင်း၊ မန်ယူအသင်းနှင့် အာဆင်နယ်အသင်းတို့က ဘိုင်ယန်မြူးနစ်အသင်းနည်းပြဂွါဒီယိုလာအား စိတ်ဝင်စားလျက်ရှိပြီး ဗန်ဟားလ်နှင့် အာစင်ဝင်းဂါးတို့သည် ၂၀၁၇ ခုနှစ်တွင် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်ကြောင်းသိရသည်။ ထို့ပြင် ချယ်လ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်ချ်ကလည်း နည်းပြဂွါဒီယိုလာအား ချယ်လ်ဆီးအသင်းသို့ အရောက်ခေါ်ယူသွားမည်ဖြစ်ကြောင်း ပြောကြားထားသည်။ သို့ရာတွင် ဘိုင်ယန်မြူးနစ်နည်းပြဂွါဒီယိုလာအား ခေါ်ယူရန်စိတ်ဝင်စားနေသည့်အသင်း အတော်များပြားနေသော်လည်း လာမည့်ဘောလုံးရာသီတွင် ဂျာမန်မြေ၌ ဆက်ရှိနေမည်လား သို့မဟုတ် ခေါ်ယူရန်အသင့်စောင့်စားနေကြသည့် အင်္ဂလန်ကလပ်အသင်းများဆီသို့ ဦးတည်လာမည်လားဆိုသည်မှာ ဆက်လက်စောင့်ကြည့်ရဦးမည်ဖြစ်သည်။

**ငွေကြယ်**

# မာရှယ်လ်ကို ပြိုင်ဘက်အဖြစ် ရင်မဆိုင်လိုတဲ့ စမောလင်း

မန်ယူနောက်ခံလူ ခရစ်စမောလင်းက သူ့အနေနဲ့ အံ့သြဖွယ် စွမ်းဆောင်ရည်တွေနဲ့ ပြည့်နှက်နေတဲ့ ကလပ်အသင်းဖော်မာရှယ်လ်ရဲ့ ပြိုင်ဘက်အဖြစ်ရင်ဆိုင် ကစားလိုခြင်းမရှိဘူးလို့ ထုတ်ဖော်ပြောကြားလိုက်ပါတယ်။ မာရှယ်လ်အနေနဲ့ ဆယ်ကျော်သက်ကစားတွေထဲမှာ ဈေးအကြီးဆုံးကစားသမားဖြစ်ခဲ့ပြီးနောက်မှာ သူ့ရဲ့ခြေစွမ်းအပေါ် စောင့်ကြည့်သူတွေများပြားလာခဲ့ပါတယ်။

ဒါပေမယ့်လည်း မာရှယ်လ်ဟာ သူ့ရဲ့ကစားဟန်အတိုင်း လွတ်လွတ်လပ်လပ်ပုံစံနဲ့ ကစားပြီးဂိုးတွေဆက်တိုက်သွင်းနိုင်ခဲ့သလို အသင်းဖော်တွေဂိုးသွင်းနိုင်အောင်လည်း ထိရောက်တဲ့ ပံ့ပိုးမှုတွေ ဆောင်ရွက်ပေးနိုင်ခဲ့တာကြောင့် ဝေဖန်မှုတွေကို နှုတ်ဆိတ်သွားစေခဲ့ပါတယ်။မာရှယ်လ်က လီဗာပူးနဲ့ဆောက်သမ်တန်တို့ကို ရင်ဆိုင်ခဲ့တဲ့ပွဲတွေမှာ ပြိုင်ဘက်နောက်တန်း ကစားသမားတွေအတွက်တားဆီးရအခက်ဆုံးကစားသမားဖြစ်ခဲ့ပြီး လေ့ကျင့်ရေးကွင်းမှာလည်း စမောလင်းတို့လို မန်ယူနောက်တန်းလူတွေအတွက် အန္တရာယ်အပေးနိုင်ဆုံးတိုက်စစ်မှူးမျိုးလည်းဖြစ်ပါတယ်။

ဒါပေမယ့်သေချာတာက ပြင်သစ်မှာကျင်းပမယ့် ၂၀၁၆ ဥရောပဖလားမှာ မာရှယ်လ်သာ ပြင်သစ်လက်ရွေးစင် အသင်းကြီးမှာရွေးချယ်ခံရရင် မာရှယ်လ်နဲ့ စမောလင်းတို့ ပြိုင်ဘက်တွေအနေနဲ့ ရင်ဆိုင်ရဖို့ရှိနေပါတယ်။ စမောလင်းကတော့ မာရှယ်လ်ရဲ့ မြန်နှုန်းမြင့်အကွက်မြင်မြင်ထိုးဖောက်မှုတွေက သူဟာနောက်တစ်ချိန်မှာ ထိပ်တန်းကစားသမားဖြစ်လာမယ်ဆိုတာ ကြိုတင်ခန့်မှန်းနိုင်မယ့် နိမိတ်တွေပဲဖြစ်တယ်လို့ သူ့ရဲ့အသင်းဖော်အသစ်ကလေးကို ချီးကျူးလိုက်ပါတယ်။

**မေလှဲ့သင်း**

# နှုတ်ထွက်ရန်အစီအစဉ်မရှိသည့်မော်ရင်ဟိုနှင့်ချယ်လ်ဆီး၏ကပ်ဘေးသင့်ချိန်

ချယ်လ်ဆီးသည် ဆောက်သမ်တန်အသင်းအား အိမ်ကွင်း၌ပင် သုံးဂိုး-တစ်ဂိုးဖြင့်ရှုံးနိမ့်ခဲ့သော်လည်း နည်းပြမော်ရင်ဟိုကမူ ၎င်းအနေဖြင့် ချယ်လ်ဆီးနည်းပြအဖြစ်မှ မည်သည့်အခါမျှ စတင်နှုတ်ထွက်သွားမည်မဟုတ်ကြောင်းဆိုခဲ့သည်။ချယ်လ်ဆီးသည် ပရီမီယာလိဂ်ပွဲစဉ်ရှစ်ပွဲ ယှဉ်ပြိုင်အပြီးတွင် လေးပွဲအထိရှုံးနိမ့်ခဲ့ခြင်းကြောင့် မော်ရင်ဟို၏ အနာဂတ်မှာ မသေချာမရေရာသော အနေအထားသို့ ဆိုက်ရောက်လာခဲ့သည်။

ချယ်လ်ဆီးမှာ နည်းပြကိုယ်တိုင်ဖိအားဝင်နေသလို ကစားသမားများမှာလည်း ယုံကြည်မှု ပျောက်ဆုံးနေခြင်းကြောင့် အရှုံးသံသရာထဲမှ ရုန်းမထွက်နိုင်သော အနေအထားသို့ ရောက်ရှိနေခြင်းဖြစ်သည်။ ယခင်အင်္ဂလန်လက်ရွေးစင်ကစားသမားဟောင်း ဂျေမီရက်ပ်နက်ကမူ မော်ရင်ဟိုမှာ လက်ရှိတွင်သူကစားသမားများကို ကောင်းစွာကိုယ်တွယ်ထိန်းချုပ်နိုင်မှုမပြုနိုင်သလို ဖိအားဝင်နေသဖြင့် ဆုံးဖြတ်ချက် အမှားများချမှတ်မိသောကြောင့် ယခုကဲ့သို့ ရလဒ်များဆိုးရွားနေခြင်းဖြစ်ကြောင်း ဝေဖန်ခဲ့သည်။

အဆိုပါပွဲစဉ်၌ ဆောက်သမ်တန်အသင်းမှ ဒုတိယဂိုးသွင်းယူပြီးနောက် ချယ်လ်ဆီးပရိသတ်အတော်များများမှာ ကွင်းထဲမှ ထွက်ခွာသွားရာ ပွဲသိမ်းခရာမှုတ်ချိန်၌ ပရိသတ်ထက်ဝက်ခန့်သာ ကျန်ရှိတော့သည်။ ချယ်လ်ဆီးသည် ပွဲအစတွင် အကောင်းဆုံး ကစားနိုင်ခဲ့ပြီး ပွဲချိန်၁၀မိနစ်တွင် ဝီလီယံ၏အဖွင့်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့သော်လည်း ပွဲချိန်ကြာမြင့်လာသည်နှင့်အမျှ နောက်တန်းနှင့်ဂိုးသမားတို့၏ အမှားများကြောင့် ချေပဂိုးနှင့် ဦးဆောင်ဂိုးများကို ထပ်မံခွင့်ပြုခဲ့ရရာ ၂၆ နှစ်အတွင်း အဆိုးရွားဆုံး ပရီမီယာလိဂ်ရလဒ်အဖြစ် အိမ်ကွင်း၌ပင် ရှုံးပွဲဆက်ခဲ့ရခြင်းဖြစ်သည်။

ယခုပွဲတွင်ချယ်လ်ဆီးမှာ ကွင်းလယ်ကစားကွက်ကောင်းမွန်သော်လည်း ရှေ့တန်းတိုက်စစ်မှူးရီမီမှာ လူပိုတစ်ယောက်လိုဖြစ်နေပြီး တောင်ပံတိုက်စစ်အားနည်းနေချိန်တွင် ပက်ဒရိုအားဝင်ရောက်ကစားခြင်းမပြုစေခဲ့သော မော်ရင်ဟို၏ ဆုံးဖြတ်ချက်မှာ ကြီးမားသောအမှားဖြစ်ကြောင်းလည်း ရက်ပ်နက်က ထောက်ပြခဲ့သည်။

အမှန်စင်စစ်ချယ်လ်ဆီးမှာ ထွက်ခွာသွားသောကစားသမားများနေရာတွင် သင့်လျော်သော လူစားထိုးမှုမပြုနိုင်ခဲ့ဘဲ ရလဒ်များကျဆင်းနေခဲ့သည်ကို ပြီးခဲ့သည့်ရာသီကြိုခြေစမ်းပွဲများကတည်းကပင် အထင်အရှားမြင်တွေ့ကြရမည်ဟု အားကစားကျွမ်းကျင်သူများက သုံးသပ်ထားသည်။ သို့သော် မော်ရင်ဟိုကမူ အသင်းပိုင်ရှင်ရိုမန်အေဗရာမိုဗစ်ချ်အလိုရှိနေသမျှ ချယ်လ်ဆီး၌ပင်ဆက်ရှိနေမည်ဖြစ်ပြီး ရာသီသိမ်းချိန်တွင် ထိပ်ဆုံးလေးသင်းသို့ ဝင်ရောက်နိုင်မည်ဟု ယုံကြည်ကြောင်းတုံ့ပြန်စကားဆိုခဲ့သည်။

“ကျွန်တော်အနေနဲ့ အရှုံးတွေအတွက် ဘယ်တုန်းကမှ ရှောင်ပြေးတတ်တဲ့လူစားမျိုး မဟုတ်ပါဘူး။ ချယ်လ်ဆီးအသင်းက ကျွန်တော်ကို ဒီမှာဆက်ရှိနေသေးတယ်ဆိုတာက ကမ္ဘာ့အကောင်းဆုံးနည်းပြက သူတို့အသင်းကိုတာဝန်ယူပေးနေတယ်ဆိုတာသိလို့ပါပဲ။ ချယ်လ်ဆီးသမိုင်းထက်အရေးကြီးတာမရှိပါဘူး။ ဒါ့ကြောင့်ရာသီသိမ်းရင် အနိမ့်ဆုံးအဆင့်အဖြစ် ထိပ်ဆုံးလေးနေရာနဲ့ ရာသီသိမ်းအောင် ကျွန်တော်စွမ်းဆောင်ပြမှာပါ” ဟုမော်ရင်ဟိုက အရှုံးအတွက်ကာကွယ်ပြောဆိုခဲ့သည်။

သို့သော် ချယ်လ်ဆီး၏လက်ရှိအနေအထားအရ ခြေစွမ်းပိုင်းနှင့် ယုံကြည်မှုပျောက်ဆုံးနေသော ကစားသမားများကြောင့် မော်ရင်ဟိုအနေဖြင့် လမ်းကြောင်းမှန်ပေါ်ပြန်လည်ဆွဲတင်ရန်မှာ ခက်ခဲနေဦးမည်ဖြစ်သည်။အထူးသဖြင့် မန်စီးတီးအားရှုံးနိမ့်ခဲ့ပြီးနောက်ပိုင်း ချယ်လ်ဆီး၏ရလဒ်များမှာ ပိုမိုဆိုးရွားလာခဲ့ကာ အာဆင်နယ်အားအနိုင်ရရှိခဲ့သော ပွဲစဉ်၌လည်းလူအင်အားနှစ်ယောက်အသာဖြင့်ကစားခဲ့ရ၍သာအနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

**မေလှဲ့သင်း**

# အရှိန်မထိန်းနိုင်သောယာဉ် ရပ်ထားသောယာဉ်သုံးစီးအားတိုက်မိ



**ရန်ကုန် အောက်တိုဘာ ၄**

ရန်ကုန်မြို့ အလုံမြို့နယ် စောရန်ပိုင်တောင်ရပ်ကွက် ငုဝါလမ်းတွင် အရှိန်မထိန်းနိုင်သောယာဉ်က ရပ်ထားသော ယာဉ်သုံးစီးအား ဆင့်ကဲတိုက်မိမှု အောက်တိုဘာ ၄ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ထိုနေ့ နံနက် ၁ နာရီ ၂၀မိနစ်ခန့်က အလုံမြို့နယ် ငုဝါလမ်းအတိုင်း တောင်မှ မြောက်သို့ ဆက်ပိုင်ထွန်းမောင်းနှင်လာသော 8A/------ Town Ace ခဲရောင်ယာဉ်သည် အလုံမြို့နယ် စောရန်ပိုင် တောင်ရပ်ကွက် ငုဝါလမ်းအရောက်တွင် အရှိန်မထိန်းနိုင်ဘဲ လမ်းဘေးတွင်ရပ်ထားသော 6H----၊ 1E/----၊ 4C/---- ယာဉ်တို့အား ဆင့်ကဲတိုက်မိသဖြင့် Town Ace ယာဉ်မှာ ဦးခေါင်းပိုင်းပျက်စီး၊ ရှေ့လေကာမှန်ကွဲသွားပြီး 6H/--- ယာဉ်မှာ ရှေ့လေကာမှန်ကွဲ၊ ညာ မီးသီးကွဲပြီး၊ 4C/--- ယာဉ်နှင့် 1E/---- ယာဉ်တို့မှာ ကားဘော်ဒီပိုင်း အနည်းငယ်ပျက်စီးသွားကာ ယာဉ်တိုက်မှုကြောင့် ယာဉ်ပေါ်ပါသူ ကိုညီညီထွန်းနှင့် ယာဉ်မောင်း ဆက်ပိုင်ထွန်းတို့တွင် ဒဏ်ရာများရရှိခဲ့သဖြင့် ရန်ကုန်ပြည်သူ့ဆေးရုံကြီးတွင် အတွင်းလူနာ(မစိုးရိမ်ရ)အဖြစ် တင်ပို့ကုသထားပြီး ယာဉ်မောင်းအား အလုံမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**တင်မောင်ဦး(အလုံ)**

# ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိ တစ်ဦးသေဆုံး၊ သုံးဦးဒဏ်ရာရ

**နေပြည်တော် အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက် စတိုင်လက်ဖက်ရည်ဆိုင်ရှေ့တွင် ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင် တိုက်မိမှုတစ်ခု စက်တင်ဘာ ၃၀ ရက်က ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ယင်းနေ့ ညနေ ၆ နာရီ ၄၅ မိနစ်က ရွှေဘို-ကျောက်မြောင်း ကားလမ်းအတိုင်း အနောက်မှအရှေ့သို့ ရွှေဘိုမြို့ အမှတ်(၁၀)ရပ်ကွက်နေ မောင်းနှင်ပြီး ပခုက္ကူမြို့နယ် ရှဉ့်ကျော်ကျေးရွာနေ ကိုမျိုး(ခ) မျိုးမြင့်အောင် လိုက်ပါလာသော 41/--- SUMBO STAR-125 ဆိုင်ကယ်နှင့် အရှေ့မှ အနောက်သို့ ပင်လယ်ဘူး မြို့နယ် အုန်းပြင်ကျေးရွာနေ ဝေဆန်း မောင်းနှင်ပြီး ခင်ဦးမြို့နယ် မှန်တောကျေးရွာနေ မနုနုဝေလိုက်ပါလာသော 31/---- KENBO-125 ဆိုင်ကယ်တို့ အရှိန်မထိန်းနိုင်ဘဲ မျက်နှာချင်းဆိုင် တိုက်မိခဲ့ရာ သန်းဝေဦးတွင် ဒဏ်ရာများ ရရှိကာ အခင်းဖြစ်နေရာတွင် သေဆုံးသွားခဲ့ပြီး ကိုမျိုး(ခ)မျိုးမြင့်အောင်၊ ဝေဆန်းနှင့် နုနုဝေတို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် ယာဉ်မောင်း သန်းဝေဦးနှင့် ဝေဆန်းတို့ နှစ်ဦးအား ရွှေဘိုမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# လှိုင်လင်တွင် စိတ်ကြွရူးသွပ်ဆေးပြားသုံးသောင်းကျော် သိမ်းဆည်းရမိ

**နေပြည်တော် အောက်တိုဘာ ၄**

မူးယစ်တပ်ဖွဲ့စု(၂၇) လှိုင်လင်မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အောက်တိုဘာ ၂ ရက်က လှိုင်လင်မြို့ နမ့်စန်မြို့မှ လှိုင်လင်မြို့သို့ ခွန်တင်အောင်မိုးမောင်းနှင်ပြီး မရှဲလာဝင်းလိုက်ပါလာသည့် မော်တော်ဆိုင်ကယ်ကို ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၃၄၄၀၀ သိမ်းဆည်းရမိသည်။

အလားတူ အောက်တိုဘာ ၁ ရက်က တောင်ကြီး-ဇလဲကျေးရွာ သွားကားလမ်းတွင် မင်းမင်းဦး မောင်းနှင်လာသည့် မော်တော်ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၅၅ ပြား သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



ခွန်တင်အောင်မိုးနှင့် မရှဲလာဝင်းတို့ နှစ်ဦးအား သိမ်းဆည်းရမိမူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။



ရန်ကုန်မှ ပဲခူးသို့ ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်မြောက်ပိုင်း (၃၆)ရပ်ကွက်နေသူ ကျော်စိုးမိုးမောင်းနှင်ပြီး မြန်မာဘီယာများတင်ဆောင်လာသည့် 6C-----JONE GONG ၂၂ ဘီးနောက်တွဲယာဉ်သည် အင်းတကော်မြို့နယ် လက်ပံဝင်းကျေးရွာ ပဲခူး-ရန်ကုန်လမ်းမ မိုင်တိုင်အမှတ် (၃၉/၂-၃) အကြားတွင် တိမ်းမှောက်မှု ဖြစ်ပွားနေသည်ကို အောက်တိုဘာ ၃ ရက် နံနက် ၃ နာရီခွဲက တွေ့ရစဉ်။

မျိုးသန်း (ပဲခူး)

**နေပြည်တော် အောက်တိုဘာ ၄**

# တရားမဝင်သယ်ဆောင်လာသော နွားများ သိမ်းဆည်းရမိ

မကွေးတိုင်းဒေသကြီး မင်းတုန်းမြို့နယ် မင်းတုန်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံးမှ ဝန်ထမ်းများနှင့် မြို့နယ်စည်ပင်မှ ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ၃၀ ရက် နံနက် ၂ နာရီက နွားများ တရားမဝင် သယ်ဆောင်လာကြောင်း သတင်းအရ သရက်-မင်းတုန်း ကားလမ်း မိုင်တိုင်အမှတ်(၂၅/၆) အနီးတွင် စောင့်ဆိုင်းစဉ် မင်းတုန်းမှ သရက်မြို့ အနောက်မြောက် ရပ်ကွက်နေ ဦးကျော်လင်းမောင်းနှင်ပြီး တစ်ရပ်ကွက်တည်းနေ ဝေဖြိုးအောင် ယာဉ်နောက်လိုက်နှင့် နွားပိုင်ရှင်ဖြစ်သူ ဦးသိန်း ထွန်း(ခ)အီစွတ်တို့ လိုက်ပါလာသည့် 8A/---- Nissan ခြောက်ဘီးယာဉ်အား ရပ်တန့်စစ်ဆေးရာ ယာဉ်ပေါ်မှ ခွင့်ပြုချက် အထောက်အထား တစ်စုံတစ်ရာပြသနိုင်ခြင်းမရှိဘဲ တရားမဝင် သယ်ဆောင်လာသော နွားထီး ၁၁ ကောင်အားတွေ့ရှိ၍ သိမ်းဆည်းခဲ့ပြီး ဦးသိန်းထွန်း(ခ)အီစွတ်ပါသုံးဦးအား အလယ်ချောင်း နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**

# အကောက်ခွန်မဲ့ စားသောက်ပစ္စည်းများ မီးရှို့ဖျက်ဆီး

**နောင်ချို အောက်တိုဘာ ၄** ။ ။ တရားမဝင်အကောက်ခွန်မဲ့ပစ္စည်းများ ကုန်သွယ်မှုတားဆီးထိန်းချုပ်ရေးအဖွဲ့သည် နောင်ချိုမြို့အဝင်အေးရှား ဝေါလ်တိုးဂိတ်အနီးယာယီအခြေပြုလျက် မန္တလေး-မူဆယ်ကားလမ်းကြောင်း တစ်လျှောက် ခရီးသည်တင်မှန်လုံယာဉ်၊ ယာဉ်ကြီး၊ ယာဉ်ငယ်များကို စစ်ဆေးကြရာ သိမ်းဆည်းရမိသည့် ပြည်သူများ စားသုံးလျှင် အန္တရာယ်ဖြစ်စေသော စားသောက်ကုန်ပစ္စည်းများ တရုတ်ဘီယာပုလင်းမျိုးစုံ၊ ခေါက်ဆွဲခြောက်၊ နှမ်းဖတ် တရုတ်နို့မှုန့်အိတ်များ၊ အေးခဲဘဲသားဖာများကို အောက်တိုဘာ ၄ ရက်နံနက်ပိုင်းက ပူးပေါင်းစစ်ဆေးရေး (Mobile Team) လရ(၁)အဖွဲ့တို့က မီးရှို့ဖျက်ဆီးခဲ့ကြောင်းသိရသည်။

**စိုးဝင်း(နောင်ချို)**

တနင်္လာနေ့တိုင်း ထွက်ရှိပါပြီ
အင်တာနက်ဂျာနယ်
INTERNET journal
အတွဲ (၁၆)၊ အမှတ် (၃၈)
UCSY Product Show နှင့် Google Developer Festival Yangon 2015 ပွဲနှစ်ခုလုံးကို တာဝန်ယူခဲ့သော ရန်ကုန်ကွန်ပျူတာတက္ကသိုလ်မှ ကျောင်းသားတစ်ဦးနှင့်တွေ့ဆုံခြင်း

အလင်းအမြင်
Memory ချစ်ပ်တစ်မျိုးကို သုတေသီများဖန်တီး
Marketing – 09 730 32928 | Subscription – 09 730 53320

မြို့ ရွာ တစ် ခွင် သာ စေ ချင် မီး တွင် မ ပေါ့ နှင့်

မျိုး 380164
09 5017088
09250640699
ခရီးစဉ်အမျိုးမျိုးနှင့်လစဉ်
ကားမျိုးစုံ ငှားရန်ရှိသည်၊
ယာဉ်ပိုင်ရှင်များ ဆက်သွယ်ပါ။

ရေတာနာရှင် ... ကျိုက်ထီးရိုး / ချောင်းသာ (နေ့စဉ်)
+ အင်းလေးဖောင်တော်ဦးဘုရားပွဲ၊ ပင်းတယ၊ တောင်ကြီး ကက္ကူ ထမ်းမ်း(၄)ရက် (Oct 23/27)
+ ပုဂံ (စွယ်တော်လေးဆူ)၊ ပြည်ငါးပြည်၊ ပုပ္ပါး(၄)ရက် + မန္တလေး ပြင်ဦးလွင်၊ စစ်ကိုင်း၊ မင်းကွန်း(၄)ရက်
+ မော်လမြိုင်၊ ကျိုက္ကမီ၊ စက်စဲ(၃)ရက်။ + ဆက်ရှ-ထားဝယ်(ရွှင်ကိုးရွှင်)၊ မောင်းမကန်ကမ်းခြေ (၆)ရက်
01-392704, 09 73017110, 09 5066657

## ပြင်ဆင်ဖတ်ရှုပါရန်

၂-၁၀-၂၀၁၅ ရက် ကြေးမုံသတင်းစာ စာ(၈)ပါ ရွေနန်းစံအကျိုးဆောင်မှ ကန့်ကွက်နိုင်ကြောင်းကြော်ငြာတွင် "ဤကြော်ငြာပါသည့်နေ့မှစ၍ (၁)ပတ်အတွင်း" ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

Myan Shwe Pyi Tractors Ltd မှ သွင်းကုန်လိုင်စင်အမှတ် IL6 15-16(1987) Date (10-7-2015) ပျောက်ဆုံးသွားပါ၍ တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန်။
Ph:09-5098637

ဦးအောင်ဟိန်းကျော်
ရေးပြော၊ ဘာသာပြန် စာအုပ်(လုံးဝ)မကိုင်ဘဲသင်တဲ့ဆရာ
အင်္ဂလိပ်စာရေးနည်း
အင်္ဂလိပ်စကားပြော သင်တန်း
▪ နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
● အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ● ရေးနည်း(Pre.,Vol:1,2,3)
ဆရာဖြစ်အင်္ဂလိပ်စာ (Ceritificate/Diploma)
▪ 392468
09517184
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်

# မိမိတို့၏ပိုင်ဆိုင်မှုအတွက် ဥပဒေအရ စိတ်ပိုင်းဆိုင်ရာလုံခြုံမှုရရှိစေရန်ရည်ရွယ်၍ ကျေးရွာများက လိုလားလျှင် ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်များ ထုတ်ပေးသွားမည်

**မကွေး အောက်တိုဘာ ၄**

မကွေးမြို့နယ်အတွင်း ကျေးရွာနေပြည်သူများအနေဖြင့် မိမိတို့၏ပိုင်ဆိုင်မှုအတွက် ဥပဒေအရ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုများရစေရန်ရည်ရွယ်၍ အခြေအနေ အချိန်အခါသင့်၍ ကျေးရွာများကလိုလားမှုရှိလျှင် ညွှန်ကြားချက်နှင့်အညီ မြေငှားဂရန်များ ထုတ်ပေးသွားမည်ဖြစ်ကြောင်း အောက်တိုဘာ ၂ ရက် ညနေ ၃ နာရီက ဒဟတ်ကန်ကျေးရွာ သာသနာ့ဝိပုလကာရီကျောင်းတိုက်တွင် ကျင်းပသော ကျေးရွာမြေငှားဂရန်ထုတ်ပေးခြင်းအခမ်းအနား၌ မကွေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက ပြောကြားခဲ့သည်။

"ကျေးရွာမှာနေထိုင်သူတွေရဲ့ အိမ်တွေကို ပိုင်ဆိုင်မှုဂရန်လုပ်ပေးခြင်းဖြင့် ပိုင်ဆိုင်မှုနယ်နိမိတ် အတိုင်းအတာ တိတိကျကျသိမယ်။ မိမိတို့နေထိုင်တဲ့အိမ်ဝိုင်းဟာ သားစဉ်မြေးဆက် လွှဲပြောင်းလို့ရ၊ ရောင်းချလို့လည်းရတယ်။ ဒို့မြေဒို့ပိုင်တယ်၊ ဘယ်သူမှ ကျူးလို့မရဘူး၊ ကျော်လို့မရဘူးဆိုတဲ့အသိနဲ့ ဥပဒေဆိုင်ရာအရ စိတ်ပိုင်းဆိုင်ရာ လုံခြုံမှုရရှိမှာပဲဖြစ်ပါတယ်။ မကွေးမြို့နယ်အတွင်း ကျေးရွာ ၁၄၆ ရွာအနက် ဒဟတ်ကန်ရွာမှာ ပထမဆုံးစမ်းသပ်ပြီး ကျေးရွာမြေငှားဂရန်တွေ ထုတ်ပေးတဲ့အခါမှာ အောင်မြင်မှုရှိတာကို တွေ့ရပါတယ်။ ဒီရွာလိုပဲ ပြဿနာအရှုပ်အရှင်းနည်းမယ်။ နောက်ဆက်တွဲ ပြဿနာမရှိဘူးဆိုရင် တစ်ရွာပြီးတစ်ရွာပေးသွားမယ့်အစီအစဉ် ရှိပါတယ်။ အခြေအနေ အချိန်အခါသင့်ရင် ကျေးရွာများကလည်းလိုလားရင် ညွှန်ကြားချက်နဲ့အညီ မြေငှားဂရန်တွေ ထုတ်ပေးသွားမှာပါ" ဟု မကွေးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးစောထွန်းဦးက ပြောသည်။

ဒဟတ်ကန်ကျေးရွာအတွင်း မူလမြေကွက် ၁၄၅ ကွက်တွင် ယာမြေပေါ်ရှိ အခြားနည်းဖြင့် အသုံးချခွင့်လျှောက်ထားသည့် အကွက်၊ ကားလမ်းဘေး လမ်းဧရိယာနှင့် မလွတ်သည့် အကွက်နှစ်ကွက်၊ ဂရန်ထုတ်ပေး၍မရသော ၀ ဒသမ ၀၂ ဧက၊ ပေ (၂၀ × ၄၀ ) မပြည့်သောအကွက်နှစ်ကွက်၊ ပိုင်ဆိုင်မှုအငြင်းပွားသည့် အကွက်သုံးကွက်၊ လူမနေ ဆက်သွယ်၍မရသည့် အကွက်နှစ်ကွက်မှလွဲ၍ ကျန်မြေ ၁၃၅ ကွက်အား တာဝန်ရှိသူများမှ ၁၀ နှစ် သက်တမ်းရှိ ကျေးရွာမြေငှားဂရန်များ ထုတ်ပေးခဲ့ခြင်းဖြစ်ပြီး မြို့ပြပုံစံအတိုင်း အကွက်ရိုက်ပေးခြင်းမဟုတ်ဘဲ ကျေးရွာဒေသခံများက မူလပိုင်ဆိုင်သည့်မြေကို တိုင်းတာကာ ပိုင်ဆိုင်မှုအကျယ်အဝန်း အရှိအတိုင်းကို အထက်မြန်မာပြည် မြေနှင့်အခွန် ဥပဒေပုဒ်မ ၅၁ (က) အရလည်းကောင်း၊ အောက်မြန်မာပြည် မြေနှင့်အခွန်ဥပဒေပုဒ်မ ၂၉ အရလည်းကောင်း ကျေးရွာမြေငှားဂရန်များ ထုတ်ပေးခြင်းဖြစ်ကြောင်း တာဝန်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

မြေငှားဂရန်ချထားပေးမှုနှင့်ပတ်သက်၍ ဒေသခံတစ်ဦးဖြစ်သူ မဖြိုးဖြိုးဝင်းက "အစ်မခံစားချက်ကို ပြောပါဆိုရင်တော့ ပျော်တာပေါ့။ အရင်က ယာစရိတ်လိုလို့ ချေးရင် ငါးကျပ်တိုး၊ တစ်ဆယ်တိုးချေးလို့လွယ်တာမဟုတ်ဘူး။ ဂရန်ထုတ်မပေးခင်တုန်းက ဝိုင်းဈေးက သိပ်မရှိဘူး။ ဂရန်ထုတ်ပေးမယ်ကြားကတည်းက ဈေးတွေကောင်းလာတာ။ ခုတကယ်ထုတ်ပေးတော့ ဈေးကောင်းပိုရပြီပေါ့။ ခုဆိုရင် ပေ (၈၀×၆၀) တစ်ကွက်ကို သိန်း ၈၀ လောက် တန်ကုန်ပြီ။ ယာစရိတ်လိုရင် ငွေချေးဖို့ အာမခံချက်ကောင်းကောင်း ရပြီပေါ့" ဟု ပြောသည်။

ဒဟတ်ကန်ကျေးရွာ ဒေသခံများအတွက် ကျေးရွာမြေငှားဂရန်များအား မကွေးတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးဟန်မောင်၊ မကွေးခရိုင်အုပ်ချုပ်ရေးမှူး ဦးအုန်းသန်းနှင့် တာဝန်ရှိသူများက စာရွက်စာတမ်းဖိုးကုန်ကျစရာမလို၊ မြို့တစ်ခေါက်မှ လာစရာမလိုဘဲ လက်ဝယ်အရောက် လာရောက်ပေးအပ်ခဲ့ခြင်းဖြစ်ပြီး ကျေးရွာအနေဖြင့် မြေငှားဂရန်ရရှိပြီးဖြစ်၍ စည်ပင်သာယာနယ်နိမိတ်အတွင်း သွတ်သွင်းခြင်း၊ ပြည်ထဲရေးဝန်ကြီးဌာန ခွင့်ပြုချက်ဖြင့် မြို့ရပ်ကွက် ပြင်ဆင်ဖွဲ့စည်းသည့်အခါ မြို့ရပ်ကွက်အတွင်း ထည့်သွင်းခြင်းများ၊ ဆောင်ရွက်နိုင်သည့် အခွင့်အလမ်းတို့ ရရှိလာမည်ဖြစ်ကြောင်း သိရသည်။

**ဧယျတု(မကွေး)**

## ပျူရှေးဟောင်းမြို့များ စီမံခန့်ခွဲမှုဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ (ဟန်လင်း) ကျင်းပ

**ရွှေဘို အောက်တိုဘာ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ ကမ္ဘာ့အမွေအနှစ် ပျူရှေးဟောင်းမြို့များ စီမံခန့်ခွဲမှုဆိုင်ရာ ရှင်းလင်းဆွေးနွေးပွဲ(ဟန်လင်း) အခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက ရန်ကြီးအောင်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားတွင် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်က မြန်မာ့ရှေးဟောင်းယဉ်ကျေးမှု အမွေအနှစ်များ ကာကွယ်ထိန်းသိမ်းရေးနှင့် ယဉ်ကျေးမှုအခြေခံ အလုပ်အကိုင်အခွင့်အလမ်းများကို ရှင်းလင်းဆွေးနွေးပြောကြားပြီး ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးထူးလွင်က ရှင်းလင်းဆွေးနွေးမှုများကို ကြိုဆိုကြောင်း ပြောကြားခဲ့သည်။

ယင်းနောက် UNESCO အဖွဲ့မှ ကျွမ်းကျင်ပညာရှင် Dr. Richard က ကမ္ဘာ့အမွေအနှစ် ပျူရှေးဟောင်းမြို့များ စီမံခန့်ခွဲမှုအစီအစဉ်ဆိုင်ရာများကို လည်းကောင်း၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ ညွှန်ကြားရေးမှူး ဦးသန်းဇော်ဦးက သုတေသနလုပ်ငန်း၊ ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းတို့တွင် ဒေသဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသခံပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်ကြရန် ဆွေးနွေးပြောကြားခဲ့သည်။

ဆက်လက်ပြီး အခမ်းအနားသို့တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းခဲ့ရာ ဒုတိယဝန်ကြီး ဒေါ်စန္ဒာခင်နှင့် တာဝန်ရှိသူများက ပြန်လည်ဖြေကြားခဲ့ပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုးစိုးဇော်က ရှင်းလင်းတင်ပြဆွေးနွေးမှုများကို ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့သည်။

**ခင်ဦးစိုးဝေ**

## မော်လမြိုင်မြို့တွင် အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့အခမ်းအနား ကျင်းပ

**မော်လမြိုင် အောက်တိုဘာ ၄**

အပြည်ပြည်ဆိုင်ရာ သက်ကြီးရွယ်အိုများနေ့ အခမ်းအနားကို အောက်တိုဘာ ၁ ရက် နံနက် ၉ နာရီတွင် မော်လမြိုင်မြို့ သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် ပြည်နယ်လူမှုဝန်ထမ်းဦးစီးမှူးက အမှာစကားပြောကြားရာတွင် လူသားတို့၏ အသက်ရှည်မှု ပိုမိုမြန်တိုးတက်လာခြင်းသည် မျက်မှောက်ခေတ်တွင် ကြုံတွေ့ရသည့် အကြီးမားဆုံး အပြောင်းအလဲနှင့် စိန်ခေါ်မှုများထဲမှ တစ်ခုဖြစ်ကြောင်း၊ ပြောင်းလဲလာသည့် လူဦးရေဖွဲ့စည်းမှုပုံစံနှင့်အတူ လိုက်ပါပြုပြင်ပြောင်းလဲနိုင်ခြင်းမရှိလျှင် အသက်အရွယ်အမျိုးမျိုးသော လူသားများအတွက် ရေရှည်တည်တံ့ပြီး ကျေနပ်စရာကောင်းသော အနာဂတ်ဘဝပိုင်ဆိုင်မှုကို ခက်ခဲစေမှာအမှန်ဖြစ်ကြောင်း၊ ယင်းကြောင့် လူမှုအသိုင်းဝိုင်းတွင် သက်ကြီးရွယ်အိုများကို ခွဲခြားဆက်ဆံမှုမပြုဘဲ အခွင့်အရေးနှင့် ဂုဏ်သိက္ခာကို ကာကွယ်စောင့်ရှောက်ပေးရုံသာမက လူ့အဖွဲ့အစည်းအတွင်းမှာ အပြည့်အဝပါဝင်ဆောင်ရွက်နိုင်ရေးကိုလည်း လုပ်ဆောင်သွားရမည်ဖြစ်ကြောင်း ပြောခဲ့သည်။

အဆိုပါအခမ်းအနားသို့ မွန်ပြည်နယ်အတွင်းရှိ ဘိုးဘွားရိပ်သာလေးခုမှ အဘိုး၊ အဘွားများ၊ မော်လမြိုင်မြို့ပေါ်ရပ်ကွက်မှ အဘိုး၊ အဘွားများ၊ မော်လမြိုင်မြို့ နယ်စစ်မှုထမ်းဟောင်းအဖွဲ့ဝင်အဘိုးများ၊ ရပ်ရွာအခြေပြု သက်ကြီးရွယ်အိုစောင့်ရှောက်ရေးအဖွဲ့မှ အဘိုးအဘွားများတက်ရောက်ခဲ့ကြပြီး ၎င်းတို့အား ဂုဏ်ပြုပစ္စည်းများနှင့်ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်းသိရသည်။

**ဆက်နေမင်းအောင်**

## မော်တော်ယာဉ်ဥပဒေသစ်အား ပညာပေးဆောင်ရွက်



**တာချီလိတ် အောက်တိုဘာ ၄**

မြန်မာနိုင်ငံရဲတပ်ဖွဲ့ ယာဉ်ထိန်းရဲတပ်ဖွဲ့မှူး အမှတ်(၃) ယာဉ်ထိန်းတပ်ဖွဲ့မှူး ခရိုင်ယာဉ်စည်းကမ်းထိန်းသိမ်းရေးကော်မတီဥက္ကဋ္ဌ ဒုတိယရဲမှူးကြီးလှမင်း၏ လမ်းညွှန်မှုဖြင့် အမှတ်(၁၁၇) ယာဉ်ထိန်းရဲတပ်ဖွဲ့စု တာချီလိတ်မြို့ တပ်ဖွဲ့စုမှူး ဒုရဲမှူးအောင်ကိုကိုဦးစီးသည့် တပ်ဖွဲ့ဝင်များသည် ၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅၅ ၏ မော်တော်ယာဉ်ဥပဒေအား အများပြည်သူများ သိရှိနိုင်ရေးအတွက် တာချီလိတ်မြို့ပေါ် အများပြည်သူများ သွားလာတတ်သည့် ဈေးများ၊ ရပ်ကွက်များသို့ အသံချဲ့စက်ဖြင့် နေ့စဉ်နံနက်တစ်ကြိမ်၊ ညတစ်ကြိမ် လှည့်လည်ဟောပြော အသိပညာပေးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အောက်တိုဘာ ၂ ရက် နံနက် ၉ နာရီက တပ်ဖွဲ့စုမှူး ဒုရဲမှူးအောင်ကိုကိုဦးစီးသည့် တပ်ဖွဲ့ဝင်များသည် တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ ရှမ်းရိုးမကွင်းအနီးနှင့် ရန်အောင်မြေ (၃) ရပ်ကွက်ရှိ မင်္ဂလာပါပန်းခြံရှေ့ ဗိုလ်ချုပ်လမ်းမကြီးပေါ်တွင် မော်တော်ယာဉ်နှင့် ဆိုင်ကယ်မောင်းနှင်သူများအား ယာဉ်မောင်းနှင်စဉ် ယာဉ်နှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများ၊ ယာဉ်မောင်းလိုင်စင်များ တစ်ပါတည်းယူဆောင်လာရန်၊ ယာဉ်မောင်းနှင်စဉ် ယာဉ်မောင်းသူနှင့်ယာဉ်ပေါ်ခရီးသည်များ ခါးပတ်ကြိုးတပ်ထားရန်၊ ဖုန်းမပြောရန်၊ အရက်သေစာသောက်စားမူးယစ်မမောင်းနှင်ရန်၊ ခရီးသည်တင်ယာဉ်နှင့် ကုန်တင်ယာဉ်များ အန္တရာယ်ဖြစ်စေနိုင်သည့် သတ်မှတ်ကုန်၊ သတ်မှတ်အမြင့်ထက်ပိုမတင်ရန်၊ ဆိုင်ကယ်မောင်းနှင်သူများ ဦးထုပ်ဆောင်းရန်၊ မေးသိုင်းကြိုးမြဲမြံစွာတပ်ရန်၊ နှစ်ဦးထက်ပိုမစီးရန်၊ ဖုန်းမပြောရန်၊ မီးနီဖြတ်မောင်းနှင်ခြင်းမပြုရန်၊ သတ်မှတ်ယာဉ်ကြောအတိုင်း စနစ်တကျမောင်းနှင်ရန်၊ အန္တရာယ်ဖြစ်စေနိုင်သည့် အရှိန်ဖြင့် မမောင်းနှင်ကြရန် ယာဉ် ၁၅၃ စီး၊ မော်တော်ဆိုင်ကယ် ၂၁၆ စီးတို့အား အသိပညာပေးပြောကြားပြီး လက်ကမ်းစာစောင်များဖြန့်ဝေခဲ့ကြောင်း သိရသည်။

**မော်ကြီး(တြိဂံနယ်မြေ)**



## လားရှိုးခရိုင် ကွမ်းလုံမြို့တွင် ပုလဲသွယ် စပ်မျိုးစပါး ဝတ်မှုန်ကူးပွဲတော် ကျင်းပ

**ကွမ်းလုံ အောက်တိုဘာ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) လားရှိုးခရိုင် ကွမ်းလုံမြို့နယ်တွင် ပုလဲသွယ်(၁) စပ်မျိုးစပါးမျိုးစေ့ထုတ်စိုက်ခင်းတစ်ဧက ဝတ်မှုန်ကူးပွဲအခမ်းအနားကို အောက်တိုဘာ ၂ ရက် နံနက် ၁၁ နာရီက ကွင်းအမှတ် (၁၂) တောင်သူဦးလီဟွာချန်း၏ လယ်မြေတွင် ကျင်းပခဲ့ကြောင်း သိရသည်။

စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဌေးလွင်က မျိုးစေ့ထုတ်စိုက်ခင်း စိုက်ပျိုးနည်းစနစ် အဆင့်ဆင့်ကို တောင်သူများအား ပညာပေးရှင်းလင်းဆွေးနွေးခဲ့ပြီး စိုက်ပျိုးရေးဦးစီးဌာန ဝန်ထမ်းများက အကူဝတ်မှုန်ကူးခြင်းလုပ်ငန်းကို လက်တွေ့ ဆောင်ရွက်ပြသခဲ့သည်။

အဆိုပါအခမ်းအနားသို့ ရှမ်းပြည်နယ်(မြောက်ပိုင်း) စိုက်ပျိုးရေးဦးစီးဌာန ဒုပြည်နယ်ဦးစီးမှူးနှင့် ပြည်နယ် ရုံးဝန်ထမ်းများ၊ ကွမ်းလုံမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်စိုက်ပျိုးရေးကြီးကြပ်မှုအဖွဲ့ဝင်များ၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများနှင့် ဒေသခံတောင်သူများ တက်ရောက်ခဲ့ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## လိုင်စင်မဲ့မော်တော်ယာဉ် ပုသိမ်မြို့တွင် ဖမ်းမိ

**ပုသိမ် အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် စက်တင်ဘာ ၂၉ ရက်က အမှတ် (၁၀) ယာဉ်ထိန်းဒုတပ်ဖွဲ့ခွဲမှ ရဲတပ်ကြပ်ကြီးအောင်ထွန်းသည် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း တာဝန်ဆောင်ရွက်နေစဉ် Demio အနီရောင် မော်တော်ယာဉ်တစ်စီးမှာ ဖောင်းကြွနံပါတ်ပြား တပ်ဆင်ထားခြင်းမရှိသည်ကို တွေ့ရှိရ၍ မသင်္ကာဖြစ်ကာ ရပ်တန့်စစ်ဆေးစဉ် ယာဉ်မောင်းမှာ မော်တော်ယာဉ်အား ရပ်ထားခဲ့ပြီး ထွက်ပြေးသွားခဲ့သည်။

ရဲတပ်ကြပ်ကြီး အောင်ထွန်းသည် တာဝန်မှူး ဒုရဲအုပ်ဇော်ဇော်(ယာဉ်ထိန်း)ထံ သတင်းပို့ပြီး လိုက်လံစုံစမ်းရာ ဝင်းထွန်း(၃၂)နှစ် (၃)ရပ်ကွက် ပုသိမ်မြို့ နေသူဖြစ်ကြောင်း သိရပြီး ၎င်းအားခေါ်ယူစစ်ဆေးရာ မှတ်ပုံတင်ထားခြင်းမရှိသော လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း သိရှိရသဖြင့် ဒုရဲအုပ်ဇော်ဇော်၏ တိုင်တန်းချက်အရ အောက်တိုဘာ ၁ ရက်တွင် ပုသိမ်မြို့မရဲစခန်းမှ ပို့ကုန်သွင်းကုန်ဥပဒေအရအမှုဖွင့်ပြီး ၎င်းအား ဖမ်းဆီးစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်မောင်မြင့်(ပြန်/ဆက်)**

# ကလေး – ပြင်သာလမ်းပြုပြင်ခြင်းလုပ်ငန်းများစတင်ဆောင်ရွက်



**ကလေး အောက်တိုဘာ ၄**

ကလေးဒေသ ရေကြီးရေလျှံမှုကြောင့် ပျက်စီးသွားသော ကလေး-ပြင်သာလမ်း ပြုပြင်ခြင်း လုပ်ငန်းများကို နိုင်ငံတော်သမ္မတ၏ လမ်းညွှန်ချက်ဖြင့် မူလအနေအထားထက် သာလွန်စေရေး ဆည်မြောင်းဦးစီးဌာနမှ တာဝန်ယူ ပြုပြင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလမ်း ပြုပြင်ခြင်းလုပ်ငန်း ဆောင်ရွက်ရာတွင် လမ်းဘေးဝဲယာ ရေနုတ်မြောင်း အရှည် ၇၀၀၀ ပေ တူးဖော်ခြင်း၊ လမ်းအရှည် ၁ မိုင် အား ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းများကို စတင်ဆောင်ရွက်လျက်ရှိရာ ခန့်မှန်း လုပ်ငန်းဆောင်ရွက်ချိန် ၄၅ ရက်သာ ကြာမြင့်မည်ဖြစ်သည်။

ယင်းလုပ်ငန်း ဆောင်ရွက်မှုများကို စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ်၏ ဦးဆောင်မှုဖြင့် အချိန်မီပြီးစီးနိုင်ရေးအတွက် ကလေးခရိုင် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်ထူးသည် ဆည်မြောင်းဦးစီးဌာန၊ တည်ဆောက်ရေး(၄)မှ ဦးမော်မော်နိုင်နှင့်အတူ အောက်တိုဘာ ၂ ရက်နေ့ ညနေပိုင်းတွင် ကွင်းဆင်းကြည့်ရှု စစ်ဆေးခဲ့ကြောင်း သိရသည်။

အဆိုပါလမ်း ပြုပြင်ဆောင်ရွက်မှု လုပ်ငန်းများ ပြီးစီးပါက ကလေးမြို့မှ ပြင်သာ ဆိပ်ကမ်းဖက်သို့ ပြည်သူများသွားလာရေး များစွာအဆင်ပြေချောမွေ့လာမည်ဖြစ်သည်။

ယင်းအပြင် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးနှင့် လုံခြုံရေးလုပ်ငန်းဆောင်ရွက်ရာတွင် အလွန်အထောက်အကူပြုလာမည်ဖြစ်ကြောင်း ဒေသခံများ၏ပြောပြချက်အရသိရသည်။

**ဂျိုးနက်**

# ခုတင်(၅၀)ဆံ့ဆေးရုံ၌ လူနာ ၁၀၀ ခန့်တက်ရောက်ကုသမှု ခံယူနေရ၍ ခုတင်များလိုအပ်

**ကျောင်းကုန်း အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ ပြည်သူ့ဆေးရုံကြီးသည် (၂၅) ခုတင်ဆံ့မှ ခုတင် (၅၀) ဖြစ်လာသည်မှာ တစ်နှစ်ပြည့်မြောက်ခဲ့ပေပြီ။ သို့သော် လာရောက်ကုသသော လူနာများမှာ ပျမ်းမျှ(၁၀၀) ကျော်တက်ရောက်ကုသနေကြရာ လူနာထားစရာ နေရာအခက်အခဲများ ဖြစ်ပေါ်လျက်ရှိသည်။ တာဝန်ခံဆရာကြီးနှင့် လက်ထောက်ဆရာဝန်များ၊ သူနာပြုဆရာမများနှင့်အလုပ်သမားများပါ မအားလပ်အောင် တာဝန်ထမ်းဆောင်နေကြရပေသည်။ ခုတင်(၅၀)ဆံ့နှင့်အညီ ရောက်ရှိလာသော လူနာများအား အချိန်နှင့်တစ်ပြေးညီ ကုသပေးလျက်ရှိပေသည်။ ဆေးဝါးများ အခမဲ့ထုတ်ပေးခြင်း၊ ဆေးရုံတွင် မရှိသော ဆေးဝါးမှသာ ပြင်ပဆိုင်များသို့ ဝယ်ယူခိုင်းခဲ့ပေသည်။

ကျောင်းကုန်းမြို့ ပြည်သူ့ဆေးရုံတွင် သွေးလှူဒါန်းသော အဖွဲ့သုံးဖွဲ့ခန့်ရှိရာ လူနာများ သွေးလိုလျှင် အချိန်နှင့်တစ်ပြေးညီ ကူညီပေးနေသော လူငယ်အဖွဲ့များရှိသဖြင့် အဆင်ပြေချောမွေ့လျက်ရှိပေသည်။ အောက်ဆီဂျင် မပြတ်လပ်အောင် စွမ်းဆောင်ပေးသော အဖွဲ့လည်းရှိကြောင်း သိရသည်။

သို့သော် အချို့က စည်းကမ်းမဲ့စွာ အမှိုက်စွန့်ပစ်ခြင်းများ၊ ရေလောင်းအိမ်သာ ရေမလောင်းခြင်းများ၊ စည်းပျက်ကမ်းပျက် ကွမ်းတံတွေး ထွေးခြင်းများကို ကျူးလွန်လျက်ရှိကြပေသည်။ သန့်ရှင်းရေးဝန်ထမ်းများအနေဖြင့် လူအင်အားနှင့်မမျှ လိုက်လံဖြေရှင်းနေကြရ ပေသည်။ ဒေသခံပြည်သူများအနေဖြင့် မည်သူ့မှာ တာဝန်ရှိသနည်းဟု သိချင်စိတ်ပြင်းပြလျက်ရှိကြောင်း သိရသည်။ ခေတ်မီဖွံ့ဖြိုးတိုးတက်သော စည်းကမ်းပြည့်ဝသည့် ဒီမိုကရေစီ နိုင်ငံတော်သစ်ကြီးဆီသို့ ဦးတည်လျှောက် လှမ်းနေကြရာ လူတစ်ဦးချင်းဆီမှာ စည်းကမ်းပြည့်ဝဖို့ လိုမည်သည်။

လူနာများထားစရာ နေရာခက်ခဲခြင်း၊ ခုတင်ခက်ခဲခြင်းများ နေ့စဉ်နှင့်အမျှ ဖြစ်ပေါ်နေရာ မိဘပြည်သူများ စေတနာရှေ့ထားပြီး လှူဒါန်းလိုပါလျှင် ခုတင်တစ်လုံးလျှင် ကျပ် ၁၄၀၀၀၀ နှင့် လူနာသုံးဗီရို တစ်လုံးလျှင် ကျပ် ၇၅၀၀၀ ဖြင့် မည်သူမဆို လှူဒါန်းနိုင်ကြောင်းနှင့် ဆက်သွယ်လှူဒါန်းလိုပါက မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး ဒေါက်တာအေးနိုင် ဖုန်း-၀၉၈၅၉၀၉၈၉ နှင့် ၀၉၂၅၀ ၈၁၉၉၉၇ သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**ဝင်းကြိုင်(ပြန်/ဆက်)**

# ကန့်ကြီးထောင့်မြို့နယ်တွင် ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းဆွေးနွေး

**ကန့်ကြီးထောင့် အောက်တိုဘာ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန့်ကြီးထောင့်မြို့နယ်တွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို အောက်တိုဘာ ၁ ရက်တွင် ဧရာသီရိသုခခန်းမ၌ ကျင်းပခဲ့ကြောင်းသိရသည်။

အခမ်းအနားတွင် ကန့်ကြီးထောင့်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုလတ်က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြို့နယ် ရဲတပ်ဖွဲ့မှူးရဲမှူးကြည်လွင်က ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေး စီမံထားရှိမှုများအား ရှင်းလင်းဆွေးနွေးခဲ့သည်။ ဆက်လက်၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးရွှေအေးက ရွေးကောက်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး ဆွေးနွေးခဲ့ပြီး လက်ထောက်ပညာရေးမှူး ဦးအောင်ကျော်စိုးက မဲရုံမှူး၊ ဒုတိယမဲရုံမှူးများ ခန့်အပ်ထားရှိမှုများအား ရှင်းလင်းဆွေးနွေးခဲ့သည်။

အဆိုပါ အခမ်းအနားသို့ မြို့နယ်ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်၊ ကျေးရွာအုပ်စု ကော်မရှင်ဥက္ကဋ္ဌနှင့် အတွင်းရေးမှူးများ၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ စုစုပေါင်း အင်အား ၂၅၆ ဦး တက်ရောက်ကြောင်း သိရသည်။

**ဇင်မာဦး(ပြန်/ဆက်)**

# ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေး ကလေးခရိုင်တွင်ကျင်းပ

**ကလေး အောက်တိုဘာ ၄**

မကြာမီကျင်းပမည့် ပါတီစုံ ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် အနေဖြင့် နိုင်ငံရေးပါတီများ ပါဝင်ဖွဲ့စည်းထားသည့် ၂၇ ဦးပါဝင်သော ခရိုင်ရွေးကောက်ပွဲဆိုင်ရာ ညှိနှိုင်းရေးကော်မတီအစည်းအဝေးကို အောက်တိုဘာ ၂ ရက် နံနက်ပိုင်းက ခရိုင်ကော်မရှင် အစည်းအဝေးခန်းမ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးဂင့်ခန့်ပေါင်က ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ အကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲအလွန် ကာလများ၌ အထူးသတိထား ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ ရှင်းလင်းပြောကြားခဲ့သည်။

ဆက်လက်၍ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင် ဦးမြင့်စိုး(ခရိုင်ဥပဒေအရာရှိ)က ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန် ခုနစ်ရပ်နှင့် ပေါ်ပေါက်လာနိုင်သည့် အငြင်းပွားမှု ခြောက်မျိုးကို အသေးစိတ်ရှင်းလင်းဆွေးနွေးခဲ့သည်။

ယင်းနောက် တက်ရောက်လာကြသော နိုင်ငံရေးပါတီများက သိရှိလိုသည်များကို မေးမြန်းပြီး ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲဥက္ကဋ္ဌက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**ကြေးမုံ**

FEG
Future Engineer Generation
Vocational, Computer & Language Training School
ဒုတိယထပ်၊ ၃၈လမ်းဈေးပလာဇာ (စည်ပင် ၉ ထပ်ရုံး)၊ ဆိပ်ကမ်းသာလမ်း (အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
၀၉၇၃၁၉၂၆၂၅၅၊ ၀၉၅၁၅၃၃၇၇
fegtrainingschool@gmail.com
facebook:FEGtrainingschool

အဆောက်အဦဆိုင်ရာ လျှပ်စစ်ဝါယာရင်းကျွမ်းကျင်အထူးသင်တန်း
လျှပ်စစ်တိုင်းတာရေးနှင့်ပစ္စည်းများ၊ 1ф, 3ф စနစ်အဆောက်အအုံဝါယာရင်း သွယ်တန်းခြင်းနှင့် အသုံးပြုသည့် Breakers, Switch, Socket များနှင့် Safety device များ၊ ဝါယာဆိုဒ်တွက်ချက်ခြင်း၊ မိုးကြိုးလွှဲတိုင်စိုက်ခြင်း၊ Earth ချခြင်းများကို လျှပ်စစ်ကျွမ်းကျင်မှု စံသတ်မှတ်ချက်များနှင့်အညီ အခြေခံကောင်းများရရှိစေရန် လုပ်ငန်းခွင်လက်တွေ့နှင့်တွဲ၍ သင်ကြားပေးမည်။ (စာတွေ့ ၆၀%၊ လက်တွေ့ ၄၀%)
12.10.2015 Mon, Tue (8:00AM-3:00PM)
ပထမဆုံးသင်တန်းအပ်သူ (၅) ဦးအတွက် ၂၀% Discount ရရှိမည်

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
Ph: 209077, 209388

သိုးရာသီ ခရီးသွား
အင်းလေးဖေါင်တော်ဦးပွဲတော်
တောင်ကြီး၊ ပင်းတယ၊ ကက္ကူ၊ ထန်စန်း
ထွက်ခွာ-၅၀၀၀၀/-Oct - 16,23,30
(၁၀)ဦးစယ်လျှင် တစ်ဦးအခမဲ့
ကားအမျိုးမျိုးစင်းလုံးငှားသည်။
420144148, 421153797




(၇)ရက်စခန်း မြတ်ပဋ္ဌာန်း အထူးတရားပွဲ
ရန်ကုန်တိုင်း၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၁၀၄) ရပ်ကွက်၊ ဗန္ဓုလလမ်း ရွှေဝါဝင်းမိုးကုတ်ဝိပဿနာဓမ္မရိပ်သာကြီးတွင် (၃၁ . ၁၀ . ၁၅)မှ (၆ . ၁၁ . ၂၀၁၅)ထိ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတမိုးကုတ်ဆရာတော်ကြီး၏ ဥပနိဿယ အတိုင်း ရွှေဝါဝင်းကျောင်းဆရာတော် ဒေါက်တာအရှင်အာသဘ (Ph.D)မှ ပဋ္ဌာန်းတရားတော်များကို (၇)ရက်တိုင်တိုင် ဟောကြားမည်ဖြစ်ပါ၍ တရားစခန်းဝင်လိုသော ယောဂီများသည် (၃၀ . ၁၀ . ၂၀၁၅)နေ့၊ ညနေ (၄း၀၀)နာရီအရောက် ကြွရောက်ကြပါရန် ဖိတ်ကြားအပ်ပါသည်။
ဆက်သွယ်ရန်ဖုန်း – ၀၉ ၅၁၂၉၆၅၆ ၊ ၀၉ ၇၉၁၀၆၆၃၃၈
၀၉ ၈၇၅၅၂၉၁၅၀ ၊ ၀၉ ၇၃၀၂၆၉၂၄ တို့ကိုဆက်သွယ်စုံစမ်းနိုင်ပါသည်။

Shwe Zabu Deik Group of Companies
1.Chief Accountant Female(1)Post
2.Receptionist Female(1)Post
3.Driver Male (2)Posts
For No.(1): B.Com, CPA, ACCA, Exp on Financial Managment, (Construction field)(စီးပွားရေးတက္ကသိုလ် ကျောင်းဆင်းများသာ လျှောက်ထားရန်) (Age-30to50)
No(2): ဘွဲ့ရ၊ ကွန်ပျူတာအခြေခံ၊ စကားပြောပြေပြစ်၍ ရုပ်ရည်အသင့်အတင့်ရှိရမည်။ (Age 19-27)
N0.(3): လိုင်စင်(အနီ)၊ အိမ်စီးကားမောင်းရန်၊ လစာ-၂၈၀၀၀၀ အထက်။ (အသက် 40 မှ 60)
အလုံ၊ ကမ်းနားလမ်း၊ သစ်တောမှတ်တိုင်အနီးသို့ လာရောက်လျှောက်ထားနိုင်ပါသည်။
Contact: 01-2301763, 09-795343992,
Email-hrassistant.szbd@gmail.com

မောင်းမကန်
အိမ်၊ ခြံ၊ မြေ မှ
ဒဂုံဆိပ်ကမ်းမြို့နယ်ရှိမြေကွက်များဝယ်ယူလိုပါသည်။
Ph : 43025530, 5092815

မီးသားစု ကုမ္ပဏီလီမိတက် အိမ်၊ခြံ၊မြေ မှရောင်း/ငှားမည်

မြို့နယ်စုံရှိ မြေညီ၊တိုက်ခန်း၊ကွန်ဒို(ရောင်း/ငှား)

| | | | |
|---|---|---|---|
| 1.မြတ်မွန်ကွန်ဒိုသဃ္ဃန်းကျွန်း | (1380Sqft)M1,S2 | - | 1Sqft-1L |
| 2.ယောမင်းကြီးလမ်း၊ဒဂုံ | (15×60)Hall,RCခန်း | GF+1F | 5000L |
| 3.ရွှေဗမ္မဒိပ်ကွန်ဒို၊အလုံ | (2100Sqft)M2,S2 | - | 3700L |
| 4.သိမ်ဖြူလမ်း၊မ၊မ/တညာ | (15×60)Hall,RCခန်း | GF | 3500L |
| 5.Royalဇောတိကကွန်ဒို | (1400Sqft)M1,S1,AC2 | 4F | 2000L |
| 6.သတိပဋ္ဌာန်လမ်း၊တမ | (12½×50)Hall | GF+1F | 1600L |
| 7.(၁၂)လမ်း၊လမတ | (25×50)M1,S2 | PH | 1600L |
| 8.ကမ္ဘာအေးဘုရားလမ်း | (20×60)S1,ဖုန်း | 5F | 900L |
| 9.ရွှေနှင်းဆီကွန်ဒို၊အလုံ | (2400Sqft)M2,S1,AC4 | - | $-4500 |
| 10.သံသုမာလမ်း၊သဃ္ဃန်း | (19×60)ထုပ်ငန်းကောင်း | GF | 12L |
| 11.အဥ္ဇလီဖြိုးကွန်ဒို၊လှိုင် | (1450Sqft)M1,ပြင်ဆင်ပြီး | - | 11L |

မြို့နယ်စုံရှိ လုံးချင်း/မြေ (အငှား)

| | | | |
|---|---|---|---|
| 1.ကုန်းမြင့်ရိပ်သာလမ်း၊မ | (120×170)ကျောင်းဖွင့်ရန်ကောင်း | မြေ | 100L |
| 2.တာမွေအဝိုင်းအနီး(လမ်းမတန်း) | (50×110)ထုပ်ငန်းရ | RC1 | 50L |
| 3.မိုးကောင်းလမ်းမအနီး | (100×100) | RC2 | 40L |
| 4.ကမ္ဘာ့ဇလမ်း | (50×100)M1,S2,AC3 | RC2 | 35L |
| 5.ပြည်လမ်း(ကမ္ဘာ့ဇေတဝန်အနီး) | (55×65)M2,S2,Ph,AC6 | BN2 | $-3200 |
| 6.ရတနာလမ်း၊မ | (40×60) | RC1 | 30L |
| 7.ပင်လုံလမ်း၊မ(ဘိုတိုလှိုင်အနီး) | (60×100)ထုပ်ငန်းရ | မြေ | 30L |
| 8.အောင်မြေသာစည် | (40×70)M2,S2,AC7 | RC2 | 27L |
| 9.သုမင်္ဂလာအိမ်ရာ | (80×100) | RC2 | 25L |
| 10.သုဝဏ္ဏလမ်း၊ကျယ် | (60×90)ကားservice ကောင်း | မြေ | 18L |
| 11.ရတနာကျွန်း၊ရိပ်သာ | (60×80)M1,S3,Ph,AC3 | RC1 | 10L |

☎ - 0973054542, 0973494343, 0973161672
မြို့နယ်စုံရှိ လုံးချင်း၊မြေနှင့်ကွန်ဒိုတိုက်ခန်းများကိုဆက်သွယ်အပ်နှံရန် ဖိတ်ခေါ်အပ်ပါသည်။

အခန်းဆက်ဝတ္ထုရှည်



# ကမ္ဘာကုန် ကျယ်သရွေ့ဝယ်

တက္ကသိုလ်ဘုန်းနိုင်

**ယမန်နေ့မှအဆက်**

"ညီမတို့ရဲ့ကျေးဇူးကို အစ်ကိုတို့ တစ်သက် မမေ့ဘူး၊ အခုနေတော့ ဒီစကားနဲ့ပဲ တုံ့ပြန်နိုင်တယ်ညီမတို့"

တစ်သက်နှင့်တစ်ကိုယ် အချမ်းမြဆုံး၊ အနူးညံ့ဆုံး၊ အသိမ်မွေ့ဆုံးသော ဝေဒနာကို ရင်ဝယ်ကိုယ်စီ ခံစားချက် အေးဝင်းနှင့်သက်ခိုင်တို့သည် ကျောင်းဆောင်သို့ပြန်လာခဲ့ကြ၏။

အိပ်မည်ပြုပြီးမှ သက်ခိုင်သည် ကိုယ့်အခန်းကိုယ်ပြန်ကြည့်မိ၏။အိမ်ရာလိပ်မှတစ်ပါး အခန်းသည် ဗလာဟင်းလင်းဖြစ်နေသည်။

ရင်မှာလည်း ဗလာဖြစ်နေဖို့ကောင်းသည်။သို့ရာတွင် ဈေးသည်မလေး၏မေတ္တာကြောင့်ရင်သည် ပြည့်လျှမ်းနေ၏။

ထိုအခိုက်အတန့်တွင် ယုမောင်သည်ကျောင်းသားနှစ်ဦးနှင့်ပေါ်လာ၏။

ယုမောင်က နိဒါန်းမပျိုးဘဲ ဆို၏။

"တို့ ပြည်ခရိုင်က ကျောင်းသားတွေ ပြန်ဖို့ ကားငှားပြီးပြီ၊ ပင်းယဟောမှာစုအိပ်ကြတယ်၊ တိုတိုပဲ သက်ခိုင် . . ငါ မင်းကို ပြန်လိုက်ခဲ့ဖို့ ဒုတိယအကြိမ် လာခေါ်တာပဲ"

"ကျေးဇူးတင်ပါတယ် သူငယ်ချင်း၊ ငါလည်း ဒုတိယအကြိမ် ငြင်းပါရစေ"

ယုမောင်သည်မျက်လွှာချလိုက်၏။ ပြီးမှ သံပြတ်နှင့်မေး၏။

"မင်းအမေ ဒေါ်သက်သက်ဆီ ဘာမှာလိုက်ဦးမလဲ"

"မှာစရာ မရှိပါဘူး သူငယ်ချင်း၊ငါ ဘာလုပ်နေမယ်ဆိုတာကို ငါ့အမေသိပါတယ်"

ယုမောင်သည်-

"ကဲ . . ဒါဖြင့် ငါပြန်မယ်"ဟု ဆို၍နေရာမှ ထသည်။ လက်ပင် ဆွဲမနှုတ်ဆက်။ အခန်းဝရောက်မှ သူက လှည့်ပြီးဆို၏။

"မင်းကို ငါ တတိယ ခေါ်တဲ့အချိန် တစ်ချိန်ဟာ ရောက်လာဦးမှာပဲ သက်ခိုင်"

သက်ခိုင်က ဝမ်းနည်းစွာ ပြုံးပြ၏။

"အဲဒီအချိန်ကျတော့ ငါလည်း တတိယအကြိမ် ငြင်းရပြန်ပါဦးမှာပဲ ယုမောင်"

ယုမောင်သည် ချာခနဲ လှည့်ထွက်သွား၏။ သက်ခိုင်က ငြိမ်လျက် သူတို့ခြေသံကို နားထောင်နေမိသည်။ သူတို့ ခြေသံသည် စစ်ချီတက်သံဟန် ပေါက်နေ၏။ ဘယ်ကိုသာ ချီတက်လေမည်နည်း။ ဘယ်ကိုသာ ချီတက်လေမည်နည်း။

**အခန်း-၂၇**

**နွေရိပ်မြင်မြင်**

၁၉၃၉ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက် အင်္ဂါနေ့။

အင်းစိန်တိုက်ပွဲကြီး စခဲ့သည်။ အမှန်မှာ ကေအင်ဒီအိုတို့၏ ရှုထောင့်မှကြည့်လျှင် ရန်ကုန်တိုက်ပွဲကြီး စခဲ့သည်ဟု ခေါ်ရမည်ထင်သည်။ အကြောင်းကား . . . သူတို့ ချိန်သည်မှာ ရန်ကုန်မြို့တော်သာ ဖြစ်၍တည်း။

ရန်ကုန်မြို့သူမြို့သားများ၊ ရဲသားများ၊ စစ်ဝန်ထမ်းများ၊ စစ်ရဲများ၊ တပ်မတော်သားများအားလုံးသည် ဖြစ်သလို စုစည်း၍ ဖြစ်သလို ခုခံကြသည်။

စိတ်မြန်သော စစ်ပညာတတ်ပြီးသူအချို့ ခေါင်းဆောင်၍ တက္ကသိုလ်ကျောင်းသားတစ်သိုက်ကလည်းလူစု လက်နက်ရှာကာ ရွှေတန်းစစ်မျက်နှာသို့ ထွက်တိုက်ကုန်ကြသည်။

သက်ခိုင်တို့ မဖြစ်စေချင်သော အခြေအနေသည် ဖြစ်ပေါ်၍လာပေပြီ။

ထိုနေ့ တစ်နံနက်လုံး သက်ခိုင်သည် သမဂ္ဂအဆောက်အအုံ၌ အချိန်ကုန်သည်။

အပျော်တမ်းတပ်အတွက် ဇွဲကောင်းကောင်းနှင့် စောင့်နေသူများအတွက် သမဂ္ဂက ထမင်းကျွေးထားသည်။ မြို့ပေါ်မှ စေသနာရှင်များကြောင့် သမဂ္ဂတွင် ဆန်အိတ်များ၊ ဆီပုံးများ၊ ဟင်းချက်ဖွယ်ရာများ ရောက်ရှိနေ၏။

အပေါ်ထပ် စာကြည့်ခန်းထဲ၌မူ သမဂ္ဂအမှုဆောင်များနှင့်တပ်မတော်သားဟောင်း ကျောင်းသား ခေါင်းဆောင်တို့ ခေါင်းချင်းရိုက် ဆွေးနွေးကြသည်။ သက်ဆိုင်ရာ အာဏာပိုင်တို့နှင့် တွေ့ဆုံရေးက ကိစ္စတစ်ခု ဖြစ်သည်။ သွေးကြွကာ ခွပ်ဒေါင်းအလံလွှင့်၍ စစ်မျက်နှာဆီ ဇွတ်သွားမည့်သူများအား ထိန်းသိမ်းရသည်မှာလည်း အခြားတစ်ကိစ္စဖြစ်၏။

နေ့လယ်ပိုင်းတွင် သတင်းကောင်းရ၏။ စစ်ဌာနချုပ်မှ ပုဂ္ဂိုလ်ကြီး တစ်ဦးက တယ်လီဖုန်းနှင့် ပခုက္ကူမှ ကျောင်းသား ကိုကြည်တင်တို့သည် တယ်လီဖုန်းစောင့်တာဝန်ကျကြသည်။

ကြည်တင်နှင့် သက်ခိုင်တို့သည် မစိန်ညွန့် ဆေးပေါ့လိပ် တစ်လိပ်စီကို ခွှေခွှေတာတာ သောက်ရင်း တစ်နေ့ လယ်လုံး တယ်လီဖုန်း စောင့်ကြ၏။

ဆောင်း၏ နောက်ဆုံးတစ်နေ့လယ်သည် ပတ်ဝန်းကျင်၌ လူသူရှင်းနေသောကြောင့် ခါတိုင်း သာမန် အချိန်ဆိုလျှင် ပျင်းရိဖွယ်ရှိနေမည်။

ပိတောက်ပင်မှ ရွက်ဝါဦးတို့သည် တစ်ရွက်ချင်း ဖြည်းဖြည်းမှန်မှန် ကြွေကျနေ၏။ တိမ်ရှင်းသော ကောင်းကင်ပြာပြာမှ နေရောင်သည် ထိန်ထိန်လင်းလင်း ကျရောက်နေသောကြောင့် တက္ကသိုလ်ရိပ်သာလမ်းသည် မည်းမည်းပြောင်ပြောင် တောက်ပနေ၏။ လေရူးမပီတပီ ဝှေ့သောအခါ ရွက်ဝါတို့သည် ထခုန်ပြီးနောက် ကတ္တရာလမ်းကို ဖြတ်ကူးကြသည်။

ဆေးပေါ့လိပ်ဖွာရင်း တယ်လီဖုန်း ထိုင်စောင့်နေသော အလုပ်မှာအမှန်ပင် ပျင်းဖို့ကောင်းသည်။ ရာသီက လည်း ငိုက်မျဉ်းဖွယ်ကောင်းသည်။

သက်ခိုင်တို့ကား မပျင်းနိုင်။ ငိုက်မျဉ်းချင်စိတ်လည်းမရှိ။ သူတို့ ရင်မှာ မျှော်လင့်မှုနှင့် ခုန်နေ၏။ စိုးရိမ်မှုနှင့်လည်း တုန်နေ၏။

မင်္ဂလာဒုံနှင့် အင်းစိန်ဘက်မှ အမြောက်သံကြီးများ မှန်မှန်ပေါ်ထွက်လာနေ၏။ အမြောက်သံ ပေါ်လာတိုင်း ဆင်နတိုရီယံမှ မှန်တံခါးတို့သည် သိမ့်သိမ့်ဆတ်ဆတ် လှုပ်ခါတတ်၏။

နေသာစောင်းသွားသည်။ တယ်လီဖုန်းက မလာ။ သမဂ္ဂမှ တာဝန်ရုပ်သိမ်းခွင့်ပေးသဖြင့် သက်ခိုင်တို့ တယ်လီဖုန်းဘေးမှ ခွာခဲ့ကြသည်။

ပထမဦးဆုံးအနေနှင့် သက်ခိုင် စိတ်ပျက်သွားမိ၏။

ရည်ရွယ်ချက်မရှိဘဲ ပြည်လမ်းအတိုင်း လျှောက်၍ ကျောင်းဆောင်ဘက် ပြန်ခဲ့သည်။

ကျောင်းဆောင်အဝင်ဝ၌ ဂျစ်ကားတစ်စီးကို တွေ့သည်။ ဂျစ်ကားပေါ်၌ မောင်ရှိန်နှင့် တင်မောင်စိုးတို့ ပါလာကြ၏။

သူတို့နှင့်အတူ သူတို့အဆောင်၌ နောက်ဆုံး ချန်ထားသော အိပ်ရာလိပ်နှင့် အခြားအထုတ်အပိုးကလေး များကိုပါ တွေ့ရသည်။

"ဟေ့ကောင်တွေ . . . ဒါ ဘယ်လဲ"

မောင်ရှိန်က မျက်နှာငယ်လေးနှင့် ဖြေ၏။

"တင်မောင်စိုးတို့အိမ် ရွှေ့နေတော့မလို့ကွာ၊ အချိန်ရှိတုန်း အလုပ်ကလေး ဘာလေးလည်း ရှာမလို့၊ ဒီမှာ ကြာကြာနေရင် ထမင်းငတ်တာနဲ့သေမှာ"

"ဒါထက် . . . အေးဝင်းကော"

"အေးဝင်းရယ် . . . တားလို့မရဘူး၊ ကိုအုန်းခိုင်တို့ အသိုက်ရဲ့ ရွှေတန်းစစ်မျက်နှာကို လိုက်သွားတယ်"

တင်မောင်စိုးက သက်ခိုင်ကို ခေါ်သည်။

"မင်းလည်း ငါတို့နဲ့ပဲ အိမ်လိုက်ခဲ့ကွာ၊ မရှိအတူ ရှိအတူပေ့၊ ဒီမှာတော့ ဆက်မနေနဲ့တော့ကွာ"

နဂိုက စိတ်ပျက်နေသော သက်ခိုင်မှာ အားလျော့ချင်သကဲ့သို့ ဖြစ်သွား၏။

"ဒီတစ်ညတော့ စောင့်ကြည့်ဦးမယ်ကွာ၊ မဟန်ရင်တော့ မင်းတို့နဲ့ငါ လိုက်နေပ့ါမယ်၊ အခုလည်း မင်းတို့ကားနဲ့ ငါလိုက်ခဲ့မယ်၊ ငါ့ကို ဝင်ဒါမီယာမှာ ချပေးခဲ့"

သက်ခိုင်သည် ဂျစ်ကားနှင့် လိုက်ခဲ့ပြီး ဝင်ဒါမီယာ၌ ဆင်းနေရစ်၏။

ဦးချစ်တိုးက သတိပေး တားမြစ်ထားသည့်ကြားက ခြေလှမ်းများကို မိမိ တားမရသည်ကိုသာ သိ၏။

ခြံဝ၌ ရပ်မိခါမှ သက်ခိုင်သည် စိတ်တစ်မျိုး ပြောင်း၍ ပြန်လှည့်မည်ပြုသည်။ သို့ရာတွင် နောက်ကျသွားလေပြီ။

ခြံတွင်း၌ မလေးနွယ်သည် ခြံဝဆီသို့ ပြေးလာခဲ့၏။

"မောင် . . . လာလေ၊ ဝင်လေ၊ ဘာရပ်လုပ်နေတာလဲ"

ဒိုရာသင်းနှင့် မလှသူတို့ကလည်း အနီးသို့ ရောက်လာကြ၏။

"အတော်ပဲ ကိုသက်ခိုင် ရောက်လာတာ၊ ကျွန်မတို့ သတင်းမျိုးစုံကြားနေရလို့မေးစရာတွေ ရှိနေတယ်"

သက်ခိုင်သည် သူတို့အားလုံးနှင့်အတူ လိုက်ခဲ့ပြီး ဒန်းအနီးရှိ ခုံတန်းတွင် ဝင်ထိုင်လိုက်၏။

မလှသူက ဆိုသည်။

"ကိုသက်ခိုင် အသက်ရှည်ဦးမယ်၊ ကျွန်မတို့ အခုပဲ ရှင့်အကြောင်းပြောနေကြတာ"

**ဆက်လက်ဖော်ပြပါမည်။**

**(၁၉၆၆ ခုနှစ်က ထုတ်ဝေခဲ့သော ဆရာ တက္ကသိုလ်ဘုန်းနိုင်၏ စာအုပ်မှ အခေါ်အဝေါ်နှင့် အသုံးအနှုန်းများ၊ စာလုံးပေါင်းသတ်ပုံနှင့် သဒ္ဒါအထား အသိုများကို မူရင်းအတိုင်း ဖော်ပြခြင်းဖြစ်ပါသည်။)**


## လျှပ်စစ်စွမ်းအားဝန်ကြီးဌာန
## မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း
## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၏ ပစ္စည်းများအား ရန်ကုန်စတို၊ ရန်ကုန်ဆိပ်ကမ်းနှင့် စီမံကိန်းစခန်းတို့မှ စီမံကိန်းနေရာအသီးသီးတို့ သယ်ယူပို့ဆောင်ရန် မြန်မာကျပ်ငွေဖြင့် တင်ဒါခေါ်ယူလိုပါသည်-

၂။ တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၅-၁၀-၂၀၁၅ ရက်

၃။ တင်ဒါပိတ်မည့်ရက် - ၈-၁၀-၂၀၁၅ ရက်

၄။ တင်ဒါပိတ်မည့်အချိန် - ၁၂:၀၀ နာရီ

၅။ တင်ဒါပုံစံနှင့်အသေးစိတ်အချက်အလက်များကို အောက်ပါလိပ်စာတွင်လာရောက် စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း၊ ပစ္စည်းစီမံရေးဌာန**
**ရုံးအမှတ်(၂၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၀၂၀၉၊ ၄၁၀၂၈၂**



## ဖိတ်ကြားအပ်ပါသည်

jrermEiiyiv , u;oabmom;t vyorm;rsm;tzcsy

'w , tu rEpywvnrsuEmpn tpn;ta0;tcr;tem;

မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်၏ နှစ်စဉ်ကျင်းပပြုလုပ်သော နှစ်ပတ်လည်မျက်နှာစုံညီအစည်းအဝေးကို ဒုတိယအကြိမ်အဖြစ် ၂၀၁၅ခုနှစ်၊ အောက်တိုဘာလ ၁၀ ရက်(စနေနေ့) နံနက် ၉:၀၀နာရီတွင် ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ပြည်လမ်းရှိ Novotel Yangon Max Hotel (Pyay Conference Room)တွင် ကျင်းပပြုလုပ်မည်ဖြစ်ပါသည်။

အခမ်းအနားတွင် မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ် (MSF)နှင့် မြန်မာနိုင်ငံ သင်္ဘောသားဝန်ဆောင်မှု လုပ်ငန်းရှင်များအဖွဲ့ချုပ် (MSESF)တို့၏ Collecting Bargaining Agreement (CBA) သဘောတူညီ မှုစာချွန်လွှာ လက်မှတ်ရေးထိုးမည်ဖြစ်ပါသဖြင့် အခမ်းအနားသို့ တက်ရောက်လို သောအဖွဲ့ချုပ်ဝင် သင်္ဘောသားများသည် ဖိတ်စာများကို ၇-၁၀-၂၀၁၅ရက် နောက်ဆုံးထား၍ အဖွဲ့ချုပ်ရုံးအမှတ်(၅၃)၊ ၃၇-လမ်း၊ ကျောက်တံတားမြို့နယ်၊ ဖုန်း-၃၇၅၈၂၀၊ ၃၉၂၀၇၆၊ ၃၈၀၅၉၂သို့ ဆက်သွယ်၍ ဖိတ်စာများကို အခမဲ့ထုတ်ယူ တက်ရောက်နိုင်ကြပါသည်။

**မြန်မာနိုင်ငံပင်လယ်ကူးသင်္ဘောသား အလုပ်သမားများအဖွဲ့ချုပ်**



## ရထားပို့ဆောင်ရေးဝန်ကြီးဌာန
## ကုန်းလမ်းပို့ဆောင်ရေး
## အဆင့်မြင့်ယာဉ်ကြီးမောင်းသင်တန်း

၁။ အဆင့်မြင့်ခရီးသည်တင်ယာဉ်ကြီးများ ကိုင်တွယ်ထိန်းသိမ်းမောင်းနှင်မှုသင်တန်းကို ၁၀-၁၀-၂၀၁၅ရက်မှစ၍ ရထားပို့ဆောင်ရေးဝန်ကြီးဌာန၊ ကုန်းလမ်းပို့ဆောင်ရေး(နေပြည်တော်၊ ရန်ကုန်၊ မန္တလေး)ရှိ ယာဉ်မောင်းသင်တန်းကျောင်းတွင် အဆင့်မြင့်ယာဉ်ကြီးများဖြင့် ဖွင့်လှစ်သွား မည်ဖြစ်ပါသည်။

၂။ သင်တန်းနှင့် ပတ်သက်၍ အသေးစိတ်သိလိုသောအချက်များကို အောက်ပါအတိုင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

(က) ကုန်းလမ်းပို့ဆောင်ရေး၊ နေပြည်တော်(ရွာတော်) ခရေလမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့(နေပြည်တော်ဘူတာကြီးအနီးနှင့် ကညနအရှေ့ဘက်) (ဖုန်းနံပါတ်) ၀၆၇-၅၁၀၀၃၂၊ ၀၉-၇၉၈၂၂၈၄၁၇၊ ၀၉-၄၀၂၇၀၁၉၂၆

(ခ) ကုန်းလမ်းပို့ဆောင်ရေး(ရန်ကုန်) အခြေစိုက်အလုပ်ရုံ(၂)၊ မြောက်ဒဂုံ၊ ၅၁ ရပ်ကွက်၊ မြဝတီမင်းကြီးလမ်း (ဖုန်းနံပါတ်) ၀၁-၅၈၀၁၃၆၈၊ ၀၉-၇၃၀၂၁၁၇၆

(ဂ) ကုန်းလမ်းပို့ဆောင်ရေး(မန္တလေး) အခြေစိုက်အလုပ်ရုံအမှတ်(၄) ယာဉ်မောင်းသင်တန်းကျောင်း ကန်တော်ကြီးအရှေ့ဘက်၊ စစ်ကိုင်းမန္တလေးလမ်းနှင့် လမ်းသစ်လမ်းထောင့် (ဖုန်းနံပါတ်) ၀၉-၅၃၆၆၁၈၆၊ ၀၂-၅၉၀၂၃၊ ၀၉-၄၃၀၆၂၂၆၂








## ရောင်းမည်

အောင်မင်္ဂလာအဝေးပြေးရှိ

ကားဂိတ်အခန်းရောင်းမည်။

Ph:09-421173587,

09-261308990



## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ယဉ်ကျေးမှုဝန်ကြီးဌာန
## ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန
## အမှတ်(၁၅)၊ နေပြည်တော်
## ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာဒီပလိုမာသင်တန်း
## သင်တန်းသားများခေါ်ယူခြင်း

၁။ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာ တက္ကသိုလ်(ရန်ကုန်)တို့ ပူးပေါင်း၍ပြည်မြို့ရှိ ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း (ပြည်)၌ ဘွဲ့လွန်အသုံးချ ရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်း ၂၀၁၅-၂၀၁၆ ပညာသင်နှစ်ကို ဖွင့်လှစ်သွားမည်ဖြစ်ပါသည်။

(က) သင်တန်းအမည် - ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာ ဒီပလိုမာသင်တန်း

(ခ) သင်တန်းကာလ - (၁)နှစ်

(ဂ) ပညာအရည်အချင်း - ဘွဲ့တစ်ခုခုရရှိပြီးသူဖြစ်ရမည်။

(ဃ) သင်တန်းဖွင့်လှစ်မည့်နေ့ - ၂၀၁၅ခုနှစ်၊ နိုဝင်ဘာလ ပထမပတ်

(င) ပေးအပ်မည့်ဒီပလိုမာ - ဘွဲ့လွန်အသုံးချရှေးဟောင်းသုတေသနပညာ ဒီပလိုမာ Post Graduate Diploma in Applied Archaeology (P.G.D.A.A)

(စ) သင်တန်းတည်နေရာ - ရှေးဟောင်းသုတေသနနည်းပညာသင်တန်းကျောင်း (ပြည်)၊ မှော်ဇာ၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီး။

၂။ လျှောက်ထားလိုသူများသည် ဌာနဆိုင်ရာဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာဌာနအကြီးအကဲ၏ ခွင့်ပြုချက်ဖြင့် လျှောက်ထားကြရမည်ဖြစ်သည်။ ဝင်ခွင့်လျှောက်လွှာပုံစံများကို ၁၀-၁၀-၂၀၁၅ ရက်မှစ၍ ရှေးဟောင်းသုတေသနနှင့်အမျိုးသား ပြတိုက်ဦးစီးဌာန(နေပြည်တော်)၊ ရှေးဟောင်းသုတေသနနှင့်အမျိုးသားပြတိုက်ဦးစီးဌာန(ရန်ကုန်ဌာနခွဲ)၃၂ဒီ၊ ဖိုမိုင်ခွဲ ပြည်လမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန(မန္တလေးဌာနခွဲ) ၇၈လမ်း၊ ဦးပွားလမ်းနှင့် ၄၃လမ်းကြား၊ ပယ်ပုံတော်ကျောက်စာဝင်း၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ် (ရန်ကုန်)၊ ဒဂုံမြို့သစ်(တောင်ပိုင်း)၊ ရန်ကုန်မြို့၊ ညွှန်ကြားရေးမှူးရုံး၊ ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ကမ္ဘာ့အမွေအနှစ်ဒေသများဌာနခွဲ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီးနှင့် ရှေးဟောင်းသုတေသန နည်းပညာသင်တန်းကျောင်း(ပြည်)မှော်ဇာ၊ ပြည်မြို့၊ ပဲခူးတိုင်းဒေသကြီးတို့၌ ဝယ်ယူလျှောက်ထားနိုင်ပါသည်။ လျှောက်လွှာများကို ၅-၁၁-၂၀၁၅ ရက်နောက်ဆုံးထား၍ ပေးပို့လျှောက်ထားကြရမည်။

သတင်းစာမျက်နှာ - ၁၃






themirror.npt@gmail.com
www.facebook.com/themirrordaily

# ဧရာဝတီတိုင်းဒေသကြီး မဲစာရင်းမှန်ကန်မှု ရာခိုင်နှုန်းတော်တော်များများ အာမခံနိုင်ဟုဆို

သီရိ

ဧရာဝတီတိုင်းဒေသကြီး မဲစာရင်းမှန်ကန်မှု ရာခိုင်နှုန်းတော်တော်များများကို အာမခံနိုင်ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင် ဦးဝင်းကိုက ပြောသည်။

"ဧရာဝတီတိုင်းဒေသကြီးကတော့ ကျွန်တော်တာဝန်ခံတဲ့အတွက် ဧရာဝတီတိုင်းဒေသကြီးကိုပဲ ကိုယ်စားပြုပြောမယ်။ ဧရာဝတီတိုင်းဒေသကြီးမှာ ဇွန် ၂၂ရက်က အခြေခံမဲစာရင်းတွေ ကြေညာလိုက်တယ်။ ပြောမယ်ဆိုရင် တချို့ကျန်နေခဲ့ပါတယ်လို့ လျှောက်ထားတဲ့လူ သောင်းကျော်ရှိတယ်။ နောက် သေတဲ့သူတွေကို ကန့်ကွက်တာ လေးထောင်ကျော်လောက်ရှိတယ်။ ကျန်တာ နာမည်တို့၊ ကိုယ်ရေးအချက်အလက်တို့၊ မှတ်ပုံတင်တို့ ပြင်ချင်ပါတယ်ဆိုတဲ့လူလည်း ငါးထောင် ခြောက်ထောင်ရှိတယ်။ အဲဒီဟာတွေနဲ့ပတ်သက်လို့ ကျွန်တော်က ပထမအကြိမ်ကြေညာတုန်းကပြောရင် အိမ်ထောင်စုအလိုက်၊ မဲရုံအလိုက်၊ လမ်းအလိုက် အားလုံးအိုကေပဲ။ ခုနပြောသလို သာမန်အားဖြင့် ကျန်နေခဲ့တယ်ဆိုတဲ့ သူတွေရဲ့ လျှောက်ထားချက်တွေလည်းရှိတယ်။ အဲဒီလျှောက်ထားချက်တွေကို နောက်ဆုံးကြေညာဖို့ ကျွန်တော်ဆော့ဖ်ဝဲထဲကို ရိုက်ထည့်တဲ့အခါကျတော့ ဒါလည်း ကျွန်တော်ကွင်းဆင်းကြည့်မှ သိတာ။ ဆော့ဖ်ဝဲထဲကို ရိုက်ထည့်တဲ့အခါကျတော့ ကွန်ပျူတာပေါ်မှာရိုက်ထည့်သွားတယ်။ ဒါပေမယ့် မဲစာရင်းကပ်ဖို့ ထုတ်တဲ့အချိန်မှာ ထုံးစံအတိုင်းပေါ့။ ၁၄ရက်နေ့ကို ကြေညာမယ်ဆိုတော့ အတင်းထုတ်တဲ့အချိန်မှာ အဲဒီဟာတွေကပ်ဖို့ တချို့လည်း ရပ်/ကျေးကော်မရှင်လက်ထဲမှာ တချို့လည်းကပ်လိုက်ပြီးပေါ့။ အဲဒီ ကြည့်တဲ့အချိန်မှာ အက္ခရာစဉ်တွေနဲ့ဖြစ်တယ်။ အိမ်ထောင်စုလိုက်တွေ မဟုတ်တော့ဘူး။ မဲရုံလိုက်တွေ မဟုတ်တော့ဘူး။ ဒီတော့ တချို့လူတွေက ပုံစံတောင်းထားပါလျက်နဲ့မပါလာဘူးလို့ ပြောတယ်။ ကျွန်တော်လိုက်ရှာတဲ့အခါမှာလည်း အောက်က ကော်မရှင်တွေက တွေ့တဲ့လူတွေ့တယ်။ မတွေ့တဲ့လူ မတွေ့တော့ ကွန်ပျူတာရဲ့နည်းပညာကိုလည်း ကျွန်တော်မကျွမ်းဘူး။ ကိုယ်ကိုယ်တိုင် ကွန်ပျူတာဆော့ဖ်ဝဲကိုကြည့်တဲ့အခါမှာ ရပ်/ကျေးမှာ ရပ်ကွက်ကျေးရွာနာမည်ပါ။ ဥပမာ စက္ကဝတ်ရပ်ကွက်၊ ဘယ်ကျေးရွာလို့ ပြောလိုက်တာနဲ့ အဲဒီ စက္ကဝတ်ရပ်ကွက် ဘယ်ကျေးရွာဆိုပြီး စာတန်းလေးရှည်သွားလို့ နှစ်ကြောင်းဖြစ်သွားတာနဲ့ စာရွက်ထုတ်တဲ့အချိန်မှာ အောက်ကလူတစ်ယောက်က အလိုအလျောက် ပျောက်ထွက်သွားတာ။ အဲဒီလိုမျိုး အမှားတွေဖြစ်တဲ့အတွက် နောက်ဆုံးမဲစာရင်းမှာ အသံတွေ အများကြီးထွက်တယ်"ဟု ဦးဝင်းကိုက ဆက်ပြောသည်။

အဆိုပါ နောက်ဆုံးမဲစာရင်း မှားယွင်းချက်အခြေအနေများနှင့်ပတ်သက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို တင်ပြတောင်းဆိုရာ လူထုအဆင်ပြေမည့် နည်းလမ်းများ အသုံးပြု၍လုပ်ဆောင်ရန် ညွှန်ကြားခဲ့ကြောင်း ၎င်းက ပြောသည်။

"ဥက္ကဋ္ဌကြီးက ဒီနောက်ဆုံးဆော့ဖ်ဝဲကို သုံးလို့ မရရင် မသုံးပါနဲ့။ လူထုတောင်းထားတဲ့ပုံစံ (၃)တွေ၊ ခုနပြောတဲ့ ကန့်ကွက်ထားတဲ့ပုံစံ (၄)တွေ၊ သူတို့ပြင်ဆင်ထားတဲ့ ၄(ဂ) တွေဖြစ်အောင်လုပ်ပါလို့ ဆိုတဲ့အတွက် ခုန ကိန်းဂဏန်းတွေကို ကျွန်တော်တို့ အခုပြင်ခိုင်းတယ်။ ကျွန်တော်တို့ကိုယ်တိုင် အကုန်လုံးတော့ မကြည့်နိုင်ဘူး။ တစ်ရပ်ကွက်၊ နှစ်ရပ်ကွက်လောက် မြို့နယ်ကော်မရှင်မှာ နဂိုရှိပြီးသားဟာ Excel ပြောင်း၊ Excel ပြောင်းပြီးတော့အဲဒီ အခုလျှောက်ထားတဲ့ ပုံစံ(၃)တွေ ထပ်ရိုက်ထည့်၊ ထပ်ရိုက်ထည့်တဲ့အခါမှာ Excel ဖြစ်တဲ့အတွက် ထည့်လိုက်လို့ရှိရင် A ရိုက်ရင် A ထွက်လာတဲ့ ဦးဖြူရိုက်ရင် ဦးဖြူထွက်လာတာပဲ။ ဆော့ဖ်ဝဲမသုံးဘဲနဲ့ ရှိပြီးသားစာရင်းကတော့ ဆော့ဖ်ဝဲထဲက စာရင်းကို Excel ပြောင်းလိုက်တယ်။ Excel ပြောင်းပြီးတော့ လူထုတောင်းဆိုထားတဲ့ဟာတွေကို သူ့အိမ်ထောင်စုလိုက် ဘယ်လမ်းက ဘယ်သူကလိုတယ်ဆိုရင် အဲဒီလူအဲဒီနေရာမှာ ရိုက်ထည့်လိုက်တယ်။ ဆယ်ယောက်တစ်တွဲ၊ ဆယ်ယောက်တစ်တွဲထုတ်တဲ့အခါမှာ ရပ်ကွက်အတော်များများမှာ အတော်အဆင်ပြေတယ်။ အတော်အဆင်ပြေတဲ့အတွက် အခုဒီတစ်ပတ် နှစ်ပတ်အတွင်းမှာ အပြီးလုပ်ဆိုပြီးတော့ ကျွန်တော်ခိုင်းထားခဲ့တယ်။ အဲဒါကြောင့်ကျွန်တော်က ရာခိုင်နှုန်းတော်တော်များများ အာမခံနိုင်တယ်လို့ ပြောတာဖြစ်ပါတယ်"ဟု ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးဝင်းကိုက ပြောသည်။

အဆိုပါ တစ်နိုင်ငံလုံး နောက်ဆုံးမဲစာရင်းကို စက်တင်ဘာ ၁၄ ရက်မှ ၂၇ရက်ထိ ရပ်ကွက်နှင့်ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြေညာခဲ့သည်။

# တောင်ငူခရိုင် ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီ အစည်းအဝေး ကျင်းပ

**တောင်ငူ အောက်တိုဘာ ၄**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရွေးကောက်ပွဲလုပ်ငန်းစဉ်များနှင့် စပ်လျဉ်း၍ အငြင်းပွားမှု/ပြဿနာတစ်စုံတစ်ရာ ပေါ်ပေါက်လာပါက အချိန်မီဆောင်ရွက်ဖြေရှင်းနိုင်ရန်အတွက် ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီကိုဖွဲ့စည်းခဲ့ရာ အဆိုပါကော်မတီ၏ အစည်းအဝေးကို အောက်တိုဘာ ၃ ရက် မွန်းလွဲ ၁ နာရီက တောင်ငူခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနဘုရင့်နောင်ခန်းမတွင် ပြုလုပ်ခဲ့သည်။

အစည်းအဝေးတွင် ခရိုင်ကော်မရှင် အဖွဲ့ဝင်များ၊ နိုင်ငံရေးပါတီကိုယ်စားလှယ်များက အသီးသီး မိတ်ဆက်ကြပြီး ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေးကော်မတီဥက္ကဋ္ဌ ဦးစောဌေးက အမှာစကားပြောကြားရာတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကြီး ချောမောအောင်မြင်ပြီးမြောက်ရေးအတွက် နိုင်ငံရေးပါတီများ၊ ခရိုင်ကော်မရှင် အဖွဲ့ဝင်များအားလုံး ပူးပေါင်းဆောင်ရွက်ကြပြီး ခရိုင်ကော်မရှင်က ဆောင်ရွက်ပေးရမည့် လုပ်ငန်းကိစ္စများရှိပါကလည်း အချိန်မရွေးဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အားလုံးပူးပေါင်းဆောင်ရွက်သွားကြမည်ဖြစ်ကြောင်း၊ စေ့စပ်ညှိနှိုင်းရေးကော်မတီ အဖွဲ့ဝင်များအနေဖြင့်လည်း ဆွေးနွေးလိုသည်များရှိပါက ဆွေးနွေးပေးကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ကော်မတီအတွင်းရေးမှူး ဦးမျိုးညီညီက စေ့စပ်ညှိနှိုင်းရေးကော်မတီ၏ လုပ်ငန်းတာဝန်များကို ရှင်းလင်းပြောကြားပြီး ခရိုင်ရွေးကောက်ပွဲဆိုင်ရာ စေ့စပ်ညှိနှိုင်းရေး ကော်မတီအဖွဲ့ဝင်များက သိလိုသည်များ မေးမြန်းဆွေးနွေးခဲ့ကြသည်။

၂၀၁၅ ခုနှစ်အထွေထွေရွေးကောက်ပွဲတွင် တောင်ငူခရိုင်အတွင်း မဲဆန္ဒရှင်ဦးရေ ၇၇၇၃၆၄ ဦး ရှိကြောင်း သိရသည်။

**တောင်ငူ(ပြန်/ဆက်)**





# ကျောက်တံခါးမြို့နယ်တွင် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်းဖွင့်လှစ်

**ကျောက်တံခါး အောက်တိုဘာ ၄**

ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးမြို့ စည်ပင်သာယာခန်းမတွင် အောက်တိုဘာ ၃ ရက် နံနက် ၈နာရီခွဲက ရွေးကောက်ပွဲဆိုင်ရာ ပညာပေးသင်တန်း ဖွင့်လှစ်ခဲ့သည်။

သင်တန်းဖွင့်ပွဲတွင် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌ ဦးစောဘီသိန်းက အဖွင့်အမှာစကား ပြောကြားခဲ့သည်။

ဆက်လက်၍ ပဲခူးခရိုင်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲ ခရိုင်ရွေးကောက်ပွဲ ကော်မရှင်အရာရှိ ဦးမင်းသက်နောင်က မြို့နယ်ကော်မရှင်နှင့် ရပ်ကျေးကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌနှင့်အတွင်းရေးမှူးများ၊ ပညာရေးဌာနမှ ရွေးကောက်ပွဲတွင် မဲရုံမှူးနှင့် ဒုတိယမဲရုံမှူးများ၊ အဖွဲ့ဝင်များအဖြစ် တာဝန်ယူဆောင်ရွက်မည့် ဆရာဆရာမ ၄၀၄ဦးတို့အား နိုဝင်ဘာလတွင် ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် သတ်မှတ်စည်းကမ်းများ၊ ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဝိုင်းဝန်းဆောင်ရွက်တတ်စေရန်နှင့် လုပ်ငန်းတာဝန်များခွဲဝေချထား ဆောင်ရွက်နိုင်ရေးအတွက် သင်ခန်းစာများကို နှစ်ရက်ကြာ သင်ကြားပို့ချပေးသွားမည်ဖြစ်ကြောင်း၊ အဆိုပါသင်တန်းသို့ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၅၃၉ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**ခင်ကို(ကျောက်တံခါး)**

□□□

# ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး တွေ့ဆုံညှိနှိုင်းပွဲ ကျင်းပ

**လားရှိုး အောက်တိုဘာ ၄**

ရှမ်းပြည်နယ် လားရှိုးမြို့နယ်၌ နိုဝင်ဘာ ၈ ရက်တွင် ကျင်းပမည့်ရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တွေ့ဆုံညှိနှိုင်းပွဲကို အောက်တိုဘာ ၃ ရက် မွန်းလွဲ ၁ နာရီခွဲက မြို့တော်ခန်းမ၌ ကျင်းပသည်။

အဆိုပါအခမ်းအနားတွင် လားရှိုးမြို့နယ် မြို့နယ်ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ လားရှိုးမြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးမောင်မောင်လွင်က တရားမျှတသော၊ လွတ်လပ်သော ပါတီစုံအထွေထွေရွေးကောက်ပွဲကြီး အောင်မြင်စွာ ကျင်းပနိုင်ရေးအတွက် ကော်မရှင်အဆင့်ဆင့်နှင့်အတူ ဌာနဆိုင်ရာများ၊ မဲဆန္ဒရှင်ပြည်သူများအားလုံ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ လားရှိုးမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအဖွဲ့ဝင် လားရှိုးမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးစိုင်းဇော်မင်းက ရွေးကောက်ပွဲနှင့်ပတ်သက်၍ မဲရုံမှူး၊ ဒုတိယမဲရုံးမှူး သင်တန်းပေးနိုင်ရေး ကြိုတင်မဲလက်မှတ်များနှင့်ပတ်သက်ပြီး အသိပညာပေး ရှင်းလင်းဆွေးနွေးခဲ့သည်။

ထို့နောက် လားရှိုးမြို့နယ် ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးစီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ရဲမှူးတင်ဖေဝင်းက ရွေးကောက်ပွဲဆိုင်ရာ လုံခြုံရေးအစီအမံများ ဆောင်ရွက်ထားရှိမှု၊ အထူးရဲခန့်အပ်ထားရှိမှု အခြေအနေများကို တင်ပြခဲ့ကြောင်းသိရသည်။ **(မြို့နယ် ပြန်/ဆက်)**

**ရွေးကောက်ပွဲကျင်းပရန် ၃၄ ရက်သာ လိုတော့သည်။**

# စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ ဒုတိယဥက္ကဋ္ဌ ဦးစောထွန်းကြည်က ၎င်းတို့ ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၄ ရက်ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါ ဟောပြောတင်ပြချက် အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ပြည်ထောင်စုဖွားညီနောင်တိုင်းရင်းသား ပြည်သူများခင်ဗျား အားလုံးမင်္ဂလာပါ။**

ကျွန်တော်ကတော့ ကရင်ပြည်နယ်မှ စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ (K.U.D.P) ဒုတိယဥက္ကဋ္ဌ ဦးစောထွန်းကြည် ဖြစ်ပါတယ်။

စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီရဲ့ ရည်ရွယ်ချက်၊ သဘောထားများ၊ မူဝါဒလုပ်ငန်းစဉ်များကို အကျဉ်းချုံးတင်ပြသွားပါမယ်။

(၁) စည်းလုံးညီညွတ်သော ကရင်ပြည်သူများအတွင်း တရားမျှတသော၊ လွတ်လပ်သော၊ ညီညွတ်သော လောကပါလတရားများ ထွန်းကားစေ၍ ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံဖြစ်စေရန် နိုင်ငံသား၊ တိုင်းရင်းသားပြည်သူများနှင့်အတူ ပူးပေါင်းလက်တွဲဆောင်ရွက်မည်။

(၂) ကမ္ဘာ့ငြိမ်းချမ်းရေးကို ရည်စူးပြီး ကမ္ဘာ့နိုင်ငံအသီးသီးနှင့် မိတ်ဝတ်မပျက် ပေါင်းသင်းဆက်ဆံရေးဆောင်ရွက်၍ ငြိမ်းချမ်းစွာ အတူယှဉ်တွဲရေး၊ လူ့အခွင့်အရေးများကို စောင့်ထိန်းရန် ကြိုးပမ်းမည်။

(၃) နိုင်ငံအတွင်း အတူနေတိုင်းရင်းသားလူမျိုးတို့၏ စကား၊ စာပေအနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်များ၊ ရိုးရာဓလေ့ထုံးတမ်းစဉ်လာတို့ကို လေးစား၍ ကရင်လူမျိုးတို့၏ စကားစာပေ၊ စာပေအနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး တိုးတက်စေရန် ကြိုးပမ်းဆောင်ရွက်မည်။

(၄) နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးရာများကို အများနှင့်အတူ တိုးတက်မြင့်မားအောင် ဆောင်ရွက်ရာတွင် တရားသေဝါဒ ကျင့်သုံးစွဲကိုင်ထားမှုမရှိဘဲ ကရင်လူမျိုးများအတွက် တိုင်းရင်းသားပြည်သူများနှင့်အတူ လက်တွဲပူးပေါင်းဆောင်ရွက်သွားမည်။

(၅) လူမျိုးရေး တန်းတူညီမျှမှုကို ရယူလျက် စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ကို ခိုင်မြဲစွာ မွေးမြူ၍ ထာဝစဉ်စည်းလုံးညီညွတ်သော၊ တည်တံ့ခိုင်မြဲသော ပြည်ထောင်စုကြီးကို နိုင်ငံသား၊ တိုင်းရင်းသားလူမျိုးများအားလုံးနှင့် အတူတကွ ပူးပေါင်းဆောင်ရွက်မည်ဆိုတဲ့ သဘောထား ငါးရပ်ထားရှိပြီး ရည်ရွယ်ချက်ကို ဆက်လက်တင်ပြသွားပါမယ်။

ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံအတွင်း မှီတင်းနေထိုင်လျက်ရှိသော ကရင်လူမျိုးနွယ်စုအားလုံး သွေးစည်းညီညွတ်သော မျိုးချစ်စိတ်ဓာတ်ရှင်သန်ကြီးထွားပြီး နိုင်ငံတော်အဓွန့်ရှည်တည်တံ့ရေး၊ တည်ငြိမ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေး၊ လူ့အခွင့်အရေးအပြည့်အဝတန်းတူရရှိရေးနှင့် စည်းကမ်းပြည့်ဝသော ဒီမိုကရေစီထွန်းကားရေးတို့ကို အခြေခံ၍ ပြည်ထောင်စုမြန်မာနိုင်ငံတော်ကို ဆက်လက်တည်ဆောက်သွားရန်။

တိုင်းရင်းသားလူမျိုးများ၊ လူမျိုးတစ်မျိုးနှင့်တစ်မျိုး (သို့မဟုတ်) တိုင်းရင်းသားလူမျိုးအချင်းချင်း အခြားဘာသာ၊ သာသနာကို မထိခိုက်စေဘဲ ဥပဒေနှင့်အညီ မိမိတို့၏ ရှိပြီးစကား၊ စာပေ၊ ယဉ်ကျေးမှုအမွေအနှစ်၊ အနုပညာ၊ ကိုးကွယ်သည့် ဘာသာသာသနာနှင့် ဓလေ့ထုံးတမ်းများကို လွတ်လပ်စွာ ကိုးကွယ်ပြုစုပျိုးထောင်ဆောင်ရွက်နိုင်ပိုင်ခွင့်ရှိစေရန် ရည်ရွယ်ချက်ထားရှိကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။

**ပြည်ထောင်စုဖွားညီနောင်တိုင်းရင်းသားများခင်ဗျား**

ဆက်လက်ပြီး စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီရဲ့ နိုင်ငံရေး၊ စီးပွားရေး၊ ပညာရေး၊ လယ်သမားနှင့် အလုပ်သမားအရေး၊ တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအရေး၊ ဒီမိုကရေစီနှင့်တိုင်းရင်းသားပါတီများအရေး၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေး၊ တပ်မတော်အခန်းကဏ္ဍများကို တင်ပြသွားပါမယ်။

နိုင်ငံရေးမူဝါဒအနေနဲ့ တိုင်းရင်းသားလူမျိုးများ၏ တန်းတူညီမျှမှု အခွင့်အရေးများကိုရယူပြီး ခိုင်မာသော၊ စည်းလုံးညီညွတ်သော၊ စစ်မှန်သော ပြည်ထောင်စုစနစ်ဆီသို့ကူးပြောင်းသွားရန်။

စီးပွားရေးမူဝါဒကတော့ စစ်မှန်သောဈေးကွက်စီးပွားရေးစနစ်ကို လက်ခံ၍ လက်ဝါးကြီးအုပ်ခြင်း၊ ဈေးကစားခြင်းကို နိုင်ငံတော်က သတ်မှတ်ထားသည့်ဥပဒေနှင့်အညီ ကာကွယ်မည်။

ပညာရေးမူဝါဒကတော့ အထက်တန်းအဆင့်အထိ၊ အခမဲ့ပညာရေးစနစ်ဖြစ်ပြီး ဗလငါးတန်ဖွံ့ဖြိုးတိုးတက်ရေးကို ဦးတည်သော ဘက်စုံအတွေးအခေါ်အယူအဆမှန်ကန်ရေးတို့အတွက် ဆောင်ရွက်မည်။

လယ်သမားများနှင့် အလုပ်သမားအခွင့်အရေးအနေနဲ့ လယ်လုပ်သူလယ်လုပ်ပိုင်ခွင့်ရှိစေရမယ်။ လယ်လုပ်သူလယ်ပိုင်ခွင့်ရှိစေရမယ်ဟူသော မူဝါဒနှင့် လုံးဝခြားနားသည့်အကြောင်းမှာ လယ်လုပ်သူလယ်ပိုင်ခွင့်ကြောင့် ကျေးရတက်များကသာ လယ်ပိုင်ရှင်ဖြစ်သွားကြသည်။ လယ်ယာလုပ်သားများက မြေမဲ့ယာမဲ့ဘဝ ရောက်ခဲ့ရသည့် သာဓကများရှိခဲ့ပြီးဖြစ်သည်။ နိုင်ငံအတွက် လိုအပ်သော ဈေးကွက်ဝင်သီးနှံများကို တောင်သူလယ်သမားများက ထုတ်လုပ်စေပြီး ထုတ်လုပ်ရန်လိုအပ်သော စိုက်ပျိုးစရိတ်၊ ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ မျိုးကောင်းမျိုးသန့်ရရှိရေးကို ကြိုးပမ်းဆောင်ရွက်ပေးမည်။ လယ်လုပ်ပိုင်ခွင့်နှင့် အကျိုးခံစားခွင့်ကို ဥပဒေနှင့်အညီ ခံစားနိုင်အောင် အာမခံမည်။ တောင်သူလယ်သမားများက လူမှုစီးပွားဘဝတိုးတက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်သည့်စနစ် ခေတ်မီတိုးတက်ရေးကို အားပေးကူညီသွားမည်။

အလုပ်သမားများ၏ အလုပ်လုပ်ပိုင်ခွင့်၊ အလုပ်ခွင်တည်မြဲနိုင်ခွင့်၊ အားလပ်ချိန်ရပိုင်ခွင့်၊ မီးဖွားခွင့်၊ လျော်ကြေးရပိုင်ခွင့် စသည့် ခံစားပိုင်ခွင့်များနှင့် အလုပ်သမားများ လူမှုဖူလုံရေးစနစ် ခံစားခွင့်ရရှိအောင်ဆောင်ရွက်သွားမည်။ အလုပ်သမားများအတွက် ပြည်ပအလုပ်အကိုင်အခွင့်အလမ်းများ ဖော်ဆောင်ပေးမည်။ အနည်းဆုံးလစာသတ်မှတ်ပြဋ္ဌာန်း၍ လူနေမှုစရိတ်နှင့် သဟဇာတသင့်တင့်မျှတစွာ လိုက်လျောညီထွေဖြစ်အောင် ဆောင်ရွက်မည်။

တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုအရေးအနေနဲ့ နိုင်ငံအတွင်းရှိ အခြားသော ညီနောင်တိုင်းရင်းသားလူမျိုးများ၏ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်၊ ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာ၍ဖွံ့ဖြိုးတိုးတက်အောင်ပူးပေါင်းကူညီဆောင်ရွက်သွားမည်။ ကရင်အမျိုးသားတို့၏ ရှေ့ဘိုးဘွားအစဉ်အဆက်မှ ထိန်းသိမ်းစောင့်ရှောက်လာခဲ့သည့် စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုအမွေအနှစ်၊ ထုံးတမ်းစဉ်လာများကို ထိန်းသိမ်းပြီး ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်မည်။

ဒီမိုကရေစီအင်အားနှင့် ပတ်သက်၍ စည်းကမ်းပြည့်ဝသောဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးတွင် ပါဝင်မည့် ပြည်နယ်တွင်းရှိ ဒီမိုကရေစီအင်အားစုပါတီများနှင့်အပြုသဘောထိတွေ့ဆက်ဆံပြီး မတူခြားနားသည်များကို ဘေးဖယ်၍ ဦးတည်ချက်၊ ရည်ရွယ်ချက်တူညီမှုများရှိလျှင် လက်တွဲပြီး မတူညီမှုများရှိခဲ့လျှင် ခွဲခြားလုပ်ဆောင်သွားမည်။

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ရေးနှင့်ပတ်သက်ပြီး နိုင်ငံတော်၏ နိုင်ငံတော်ပိုင်ရေပေါ်ရေအောက်၊ မြေပေါ်မြေအောက် သယံဇာတများကို လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် သဘာဝပတ်ဝန်းကျင်ကို မထိခိုက်မပျက်စီးအောင် ပြည်သူများနှင့်အတူ အားသွန်ခွန်စိုက် ဆောင်ရွက်မည်။

ဆက်လက်ပြီး တပ်မတော်အခန်းကဏ္ဍနှင့်ပတ်သက်လို့ တင်ပြသွားပါမယ်။ နိုင်ငံတော်အဓွန့်ရှည်တည်တံ့ခိုင်မြဲရေးနှင့် ပြည်တွင်းပြည်ပရန်ကာကွယ်ရေး၊ နိုင်ငံတော်ကို အန္တရာယ်ပြုထိပါးလာနိုင်သည့် လုပ်ရပ်မှန်သမျှကို အဓိကကဏ္ဍ ဟန့်တားစေပြီး စည်းကမ်းပြည့်ဝသော "ဒီမိုကရေစီနိုင်ငံတော်"ဆီသို့ စိတ်ရင်းစေတနာကောင်းစွာဖြင့် ကူညီဆောင်ရွက်ပေးမည်။ တစ်ခုတည်းသော တပ်မတော်ကို လက်ခံသည်လို့ မူဝါဒလမ်းစဉ် ခုနစ်ရပ် ချမှတ်ထားကြောင်း တင်ပြအပ်ပါတယ်ခင်ဗျာ။

**ပြည်ထောင်စုဖွားညီနောင် တိုင်းရင်းသားပြည်သူများခင်ဗျား**



မြန်မာနိုင်ငံအတွင်း ပျံ့နှံ့စွာ မှီတင်းနေထိုင်ကြတဲ့ ကရင်လူမျိုးတွေဟာ မျိုးနွယ်စုများပြားလှပါတယ်။ မျိုးနွယ်စုများပြားလှတဲ့ ကရင်လူမျိုးတွေဟာ တစ်စုနဲ့တစ်စု မတူကွဲပြားခြားနားကြပေမယ့်လည်း လူမျိုးအပေါ်မှာ၊ ပြည်နယ်အပေါ်မှာ၊ နိုင်ငံအပေါ်မှာထားကြတဲ့ စေတနာတွေကတော့ အတူတူပဲဖြစ်ပါတယ်။

ကျွန်တော်တို့ စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီသည် ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးကို နိုင်ငံသားတိုင်းရဲ့ ကာကွယ်စောင့်ရှောက်ရမယ့် တာဝန်ရှိကြောင်းကို ကျွန်တော်တို့ပါတီအနေနဲ့ အပြည့်အဝခံယူပါတယ်။

ဒါကြောင့် တောင်ပေါ်မြေပြန့် တိုင်းရင်းသားများအားလုံးလိုလားတောင့်တနေသောစစ်မှန်တဲ့ ဒီမိုကရေစီနှင့်စစ်မှန်တဲ့ဖက်ဒရယ်စနစ်ကသာ ခေတ်မီဖွံ့ဖြိုးသော ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီးကို တည်ဆောက်နိုင်မယ်လို့ ကျွန်တော်တို့ ပါတီအနေနဲ့ အပြည့်အဝခံယူပြီး ပါတီရဲ့ ရည်မှန်းချက်အဖြစ်လည်း ခံယူပါတယ်။

ပြည်ထောင်စုဖွားတိုင်းရင်းသားများအားလုံး လိုလားတောင့်တနေတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို အမြန်ဆုံးရရှိစေပြီး အေးချမ်းသာယာတဲ့ လူဘောင်လူ့လောက တည်ဆောက်တဲ့နေရာမှာ ကျွန်တော်တို့ စည်းလုံးညီညွတ်သော ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီအနေနဲ့ ကျရာကဏ္ဍမှာ တတ်နိုင်သမျှ အပြည့်အဝ ပါဝင်ဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ပြည်ထောင်စုဖွား ညီနောင်တိုင်းရင်းသားမဲဆန္ဒရှင်များ ခင်ဗျား**

ကျွန်တော်တို့ စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီသည် နိုင်ငံနဲ့ ပြည်သူများ၊ ကရင်လူမျိုးများအတွက် ကောင်းအောင်ကြိုးစားမယ့် ကရင်လူမျိုးတွေပဲ ဖြစ်ကြပါတယ်။ လွတ်လပ်ပြီးမျှတတဲ့ ၂၀၁၅ ရွေးကောက်ပွဲကြီးဖြစ်အောင် ပြည်သူတွေနဲ့အတူ ပါဝင်ပြီး ဆန္ဒကို ပယောဂမပါဘဲဖော်ထုတ်ကြဖို့ မိမိပေးမယ့်"မဲတစ်ပြား" အကျိုးများအောင် ဆောင်ရွက်ပေးနိုင်မယ့် ပုဂ္ဂိုလ်ကို အလံမကြည့်၊ ပါတီမကြည့်ဘဲ ရွေးချယ်သွားကြဖို့ အရေးကြီးပါတယ်။

ကျွန်တော်တို့ စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီကတော့ နိုင်ငံနှင့်လူမျိုးအတွက် အခြေအနေနဲ့ အချိန်အခါအပေါ်မူတည်ပြီး အမြင်တူ၊ ခံစားချက်တူ၊ ခံယူချက်တူသူများနဲ့ ပူးပေါင်းညှိနှိုင်းပြီး ကရင်လူမျိုးများနဲ့ တိုင်းရင်းသားပေါင်းစုံတို့၏ အရေးကို မနိုင်ဝန်မထမ်းဘဲ လက်လှမ်းမီသရွေ့ ကြိုးပမ်းလုပ်ဆောင်သွားမှာဖြစ်ကြောင်း ကတိပြုတင်ပြအပ်ပါတယ်။

နိုင်ငံရေးပါတီတိုင်းဟာ တိုင်းပြည်နဲ့လူမျိုးအတွက် တိုးတက်အောင်၊ ပြောင်းလဲပြုပြင်နိုင်အောင် ကောင်းတဲ့ မူဝါဒလုပ်ငန်းစဉ်များ၊ ရည်ရွယ်ချက်များထားရှိပြီး ခေတ်မီတိုးတက်စည်းကမ်းရှိတဲ့ ဒီမိုကရေစီ နိုင်ငံတော်ကြီး တည်ဆောက်ဖို့ အာသီသပြင်းထန်ကြပါတယ်။ ဒါပေမယ့် အမှန်တကယ် လက်တွေ့ကျကျ ဆောင်ရွက်နိုင်စွမ်းရှိတဲ့ လူတွေဖြစ်ဖို့ အရေးကြီးပါတယ်။

လူရိုးလူဖြောင့် လူကောင်းလူတော်၊ သစ္စာသမာဓိရှိကြဖို့တော့လိုပါတယ်။ ပါတီကိုကြည့်၊ လူကိုလည်း ကြည့်ပြီးတော့ တိုင်းပြည်နဲ့လူမျိုးကို အမှန်တကယ်ချစ်တဲ့လူမျိုး၊ ပုဂ္ဂိုလ်မျိုးကိုသာ ရွေးချယ်ကြဖို့ တိုက်တွန်းလိုပါတယ်။

ဒါကြောင့် တိုင်းပြည်အကျိုး၊ ပြည်နယ်အကျိုး၊ ကရင်လူမျိုးအကျိုးကို အပြောနဲ့အလုပ်ညီကြတဲ့ပုဂ္ဂိုလ်မျိုး၊ အရည်အချင်းပြည့်ဝသူမျိုးကို သတိသမ္ပဇဉ်ဉာဏ်နှင့် ယှဉ်ကာရွေးချယ်မဲပေးကြဖို့ ပန်ကြားရင်း နိဂုံးချုပ်အပ်ပါတယ်။

**အားလုံးပြည့်စုံကြပါစေ။**

## ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာများ သထုံတွင် အသိပညာပေးဆွေးနွေး

**သထုံ အောက်တိုဘာ ၄**

ရွေးကောက်ပွဲကာလတွင် ပြည်သူများဘေးအန္တရာယ်ကင်းရှင်းပြီး အေးချမ်းသာယာကာ လွတ်လပ်မျှတစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ အသိပညာပေးတွေ့ဆုံဆွေးနွေးပွဲကို အောက်တိုဘာ ၃ ရက် နံနက် ၉ နာရီခွဲက သထုံခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံးအစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် သထုံခရိုင်ရွေးကောက်ပွဲလုံခြုံရေးစီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ခရိုင်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက အမှာစကားပြောကြားပြီး ခရိုင်ဥပဒေအရာရှိ ဦးတင်မောင်က ရွေးကောက်ပွဲဆိုင်ရာဥပဒေများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်စိုးလွင်က ရွေးကောက်ပွဲလုံခြုံရေးဆိုင်ရာ စီမံဆောင်ရွက်ထားရှိမှုများနှင့် ဆက်လက်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**သက်ဦး(သထုံ)**

# လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက ၎င်းတို့၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**လော်ဝေါ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုကော်မတီအထွေထွေအတွင်းရေးမှူး ဦးဘီဟောင်းဇယ်က ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို အောက်တိုဘာ ၄ ရက် ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြား အစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**



**ချစ်ခင်လေးစားအပ်ပါသော ပြည်ထောင်စုဖွား တိုင်းရင်းသားမိဘလုပ်သားပြည်သူများခင်ဗျား-**

ရုပ်မြင်သံကြား၊ ရေဒီယို၊ သတင်းစာထဲ ရှုမြင်နေကြသော မဲဆန္ဒရှင်မိဘလုပ်သားပြည်သူများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုမွန်တောင်းမေတ္တာပို့သအပ်ပါသည်။ ကျွန်တော်ကတော့ လော်ဝေါ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ ဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး ဦးဘီဟောင်းဇယ်ဖြစ်ပါသည်။ ယခုလို လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကိုယ်စား ဆွေးနွေးခွင့်ရရှိသည့်အတွက် စီစဉ်ပေးသော ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ကျေးဇူးတင်ပါသည်။ ကျွန်တော့်အနေဖြင့် လော်ဝေါ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီကို မိတ်ဆက်ပေးရင်း ပါတီ၏ ရည်ရွယ်ချက်၊ အခြေခံမူ၊ ပါတီ၏ ဝါဒသဘောထားများကို တင်ပြဆွေးနွေးသွားမည်ဖြစ်ပါသည်။ လော်ဝေါ်လူမျိုးသည် မြန်မာနိုင်ငံမြောက်ဘက်၊ မေခမြစ် (လောင်ဗြစ်) မြစ်ဖျား၊ လော်ခိုး၊ တထုံဂျင်၊ လော်ချိန်၊ လော်ဆော၊ ဖောင်းဂျော်၊ လကင်၊ ဝဆယ်၊ ဝမြစ်၊ ဂျောမော လောက်ကွမ်ဖော်၊ ချောဝေါတောင်တန်း၊ ချာယဉ်ဘမ်တောင်တန်း၊ ဘရှဲရှတ်လော့၊ ဟန်းဂေါရော့တော်ဘမ် ဒေသမှအစပြု၍ ယခုဆော့လော်မြို့နယ်၊ ချီဖွေမြို့နယ်များတွင် BC - 500-300 လောက်ကတည်းက အတည်တကျ တောပိုင်၊ တောင်ပိုင်များအဖြစ် နေထိုင်လာခဲ့ပြီးဖြစ်ပါသည်။ ယခုအခါ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မြန်မာနိုင်ငံ အနှံ့အပြားတွင် နေထိုင်လျက်ရှိပါသည်။ ၁၈၂၄ ခုနှစ်မတိုင်ခင် လော်ဝေါ်လူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအကပဒေသာများ၊ ဇမ်ဂေါ၊ ဂျီဂေါပွဲတော်များ အလွန်ထွန်းကားလာခဲ့ပါသည်။ အင်္ဂလိပ်အစိုးရမတိုင်ခင်နှင့် မြန်မာနိုင်ငံလွတ်လပ်ရေးရပြီး အစိုးရလက်ထက်တစ်လျှောက်လုံး ၁၉၆၃ ခုနှစ်အထိ လော်ဝေါ်လူမျိုးများ မြေရှင်ပဒေသရာဇ်တောပိုင်၊ တောင်ပိုင်များအဖြစ် ပိုင်ဆိုင်ခဲ့သည်။ မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိပြီးနောက်ပိုင်း ပါလီမန်ဒီမိုကရေစီခေတ်၊ ဆိုရှယ်လစ်ခေတ်၊ ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးကာလနှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးခေတ်မှ ပါတီစုံဒီမိုကရေစီခေတ်သို့ ရောက်ရှိလို့လာခဲ့ပါသည်။ လော်ဝေါ် လူမျိုးလူဦးရေစာရင်းမှာ ၂၀၀၅ ခုနှစ် ခန့်မှန်းစာရင်းအရ ကချင်ပြည်နယ်တွင် ၁၈၄၆၄၈ဦး၊ ရှမ်းပြည်နယ် ၁၅၈၈၃၀ဦး၊ အခြားတိုင်းနှင့် ပြည်နယ်မှာ ၁၄၇၅၉ဦး စုစုပေါင်း ၃၅၈၂၃၇ဦးခန့် ရှိပါသည်။ ပါတီစုံဒီမိုကရေစီခေတ်တွင် လော်ဝေါ်အမျိုးသားများသည် စိတ်ဝင်စားစွာ အမျိုးသားနိုင်ငံရေးပါတီ တည်ထောင်ခွင့်ရရှိပါသဖြင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အား ကျေးဇူးတင်ရှိပါကြောင်း တင်ပြအပ်ပါသည်။

**လေးစားအပ်ပါသော မိဘလုပ်သားပြည်သူများခင်ဗျား-**

**လော်ဝေါ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ရည်ရွယ်ချက်မှာ-**

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတည်းဟူသော ဒို့တာဝန်အရေးသုံးပါးကို အစဉ်ထိန်းသိမ်းမည်။

၂။ လော်ဝေါ်လူမျိုးများသည် နိုင်ငံရေးအမြင်ပွင့်လင်းလာ၍ မြန်မာနိုင်ငံတိုင်းရင်းသားအချင်းချင်း ချစ်ခင်ရင်းနှီးစွာ ရင်ပေါင်တန်းကာ နိုင်ငံတော်တာဝန်များကို ထိရောက်စွာပါဝင်ထမ်းဆောင်နိုင်ရန်။

၃။ လော်ဝေါ်လူမျိုးများစည်းလုံးညီညွတ်မှုရရှိပြီး နိုင်ငံတော်၏ခွန်အားဖြစ်စေရန်နှင့် နိုင်ငံတော်အစိုးရနှင့် လော်ဝေါ်အမျိုးသားအရေးကို ပွင့်လင်းမြင်သာစွာဆွေးနွေးတိုင်ပင်နိုင်ရန်။

၄။ အမျိုးသားစာပေ၊ ဓလေ့ထုံးတမ်းစဉ်လာနှင့် အနုပညာကဏ္ဍ၊ ယဉ်ကျေးမှုအမွေအနှစ်များကို ထိန်းသိမ်းစောင့်ရှောက်သွားနိုင်ရန်။

၅။ ဒေသခံလူထုဖြစ်သော လူမျိုးဘာသာ ကျား/မ မရွေး၊ တောင်သူလယ်သမား၊ အလုပ်သမားနှင့် ကလေးသူငယ်များ၏ လူနေမှုဘဝဖွံ့ဖြိုးတိုးတက်ရေးကို အစွမ်းဆောင်နိုင်ဆုံး ချမှတ်ဆောင်ရွက်သွားနိုင်ရန်။

၆။ ဆင်းရဲနွမ်းပါးခြင်းမှ လွတ်မြောက်ရေး၊ ဒေသအေးချမ်းသာယာရေးနှင့် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်အောင် ဆောင်ရွက်သွားရန်တို့ ဖြစ်ပါသည်။

**လေးစားအပ်ပါသော မိဘလုပ်သားပြည်သူများခင်ဗျား -**

**လော်ဝေါ် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ အခြေခံမူမှာ အောက်ပါအတိုင်းဖြစ်သည်-**

၁။ နိုင်ငံရေးပါတီတည်တံ့နိုင်ရေးအတွက် လော်ဝေါ်လူမျိုး Nhae (16) Nhae, Lhaovo Ethnicgroup (16) နှင့် ပြည်သူလူထု၊ ပါတီဝင်အင်အားကို အခြေခံသည်။

၂။ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ဒီမိုကရေစီကျင့်စဉ်ကို အခြေခံတည်ဆောက်သွားမည်။

၃။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံစည်းမျဉ်းနှင့် ရွေးကောက်ပွဲကျင်းပရေးကော်မရှင်၏ ဥပဒေ၊ နည်းဥပဒေများကို အခြေခံ၍ ဖွဲ့စည်းတည်ထောင်မည်။

၄။ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ခေတ်နှင့်အညီပြောင်းလဲနေသော ကမ္ဘာ့အခြေအနေနှင့် ဖြစ်ရပ်မှန်ပေါ်အခြေခံ၍ တိုးတက်မှုရှိသော မူဝါဒစနစ်ကို ကျင့်သုံးသွားမည်ဖြစ်သည်။

၅။ ရွေးကောက်ပွဲ၏အကျိုးရလဒ်ဖြစ်သော အာဏာရပါတီနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်သလို နိုင်ငံတော်အစိုးရနှင့် သဘောထားကြီးစွာ ရပ်တည်သွားမည်ဖြစ်သည်။

၆။ ပါတီသည် ပါတီအရေးနှင့် နိုင်ငံတော်အရေးယှဉ်လာလျှင် နိုင်ငံတော်အရေးကို ဦးစားပေးရမည်။ အလားတူပါတီသည် ပါတီအရေးနှင့် လုပ်သားပြည်သူများ၏ အရေးယှဉ်လာလျှင် လုပ်သားပြည်သူလူထုအရေးကို ဦးစားပေးလုပ်ဆောင်ရမည်။ ထိုနည်းတူ အမျိုးသားအရေးနှင့် ပါတီအရေးယှဉ်လာလျှင် အမျိုးသားအရေးကို ဦးစားပေးရမည်။ ပါတီအကျိုးနှင့် မိမိအကျိုးယှဉ်လာလျှင် ပါတီအကျိုးကို ဦးစားပေးဆောင်ရွက်ရမည်။

၇။ ပါတီသည် မည်သည့်အဖွဲ့အစည်း၊ မည်သည့်ပုဂ္ဂိုလ်၏ ဩဇာခံမဖြစ်ရ။ လွတ်လပ်စွာကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သော နိုင်ငံရေးပါတီဖြစ်သည်။

**လေးစားအပ်ပါသော မိဘလုပ်သားပြည်သူများခင်ဗျား -**

**ပါတီ၏ ဝါဒသဘောထားမှာ အောက်ပါအတိုင်းဖြစ်သည် -**

၁။ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် ဒေသခံလူထုဖြစ်သော လုပ်သားပြည်သူတစ်ရပ်လုံးကို ကိုယ်စားပြုသော နိုင်ငံရေးပါတီဖြစ်သည်။ လော်ဝေါ်နိုင်ငံရေးပါတီက အနစ်နာခံ၍ ဒေသခံလူထု(လူမျိုး၊ ဘာသာ၊ ကျား/မ မရွေး၊ ဒေသမရွေး)အတွက် ဖွံ့ဖြိုးရေး၊ မရှိဆင်းရဲခြင်းမှ လွတ်မြောက်စေရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် သွားလာရေး စသည်တို့ကို အဓိကထားဆောင်ရွက်ရန် လိုအပ်သည်။

၂။ နိုင်ငံတော်သည် တိုင်းရင်းသားပေါင်းစုံ၊ တောင်သူလယ်သမား၊ အလုပ်သမား၊ လူငယ်ထု၊ ပြည်သူလူထုတစ်ရပ်လုံးနှင့် ဖွဲ့စည်းထားသော နိုင်ငံတော်ဖြစ်သည်။ သို့ဖြစ်ပါ၍ နိုင်ငံရေးသည် နိုင်ငံတော်၏အရေးဖြစ်သလို ပြည်သူလူထုတစ်ရပ်လုံး၏ အရေးဖြစ်သည်။

၃။ နိုင်ငံရေးပါတီများသည် နိုင်ငံရေးကိုဦးဆောင်သည်။ နိုင်ငံရေးသည် Policy မူဝါဒစနစ်ပေါ် အခြေခံဖွဲ့စည်းတည်ဆောက်သည်။ နိုင်ငံရေး Policy မူဝါဒစနစ်သည် လူအများစုဖြစ်သော လုပ်သားပြည်သူတစ်ရပ်လုံး၏ ဆန္ဒကိုဖော်ထုတ်ပေးရန် ပေါ်ပေါက်လာသောမူဝါဒစနစ်ဖြစ်သည်။

၄။ လွှတ်တော်ကိုယ်စားလှယ်များသည် ပြည်သူလူထု၏ ကိုယ်စားလှယ်များဖြစ်သည်။ ပြည်သူလူထု၏ ဆန္ဒကို အပြည့်အဝဖော်ဆောင်ပေးရန် တာဝန်ရှိသည်။

၅။ နိုင်ငံတော်အာဏာသည် ပြည်သူလူထု၏လက်ထဲတွင်ရှိသည်။ နိုင်ငံတော်၏ မူလပိုင်ရှင်မှာ ပြည်သူလူထုဖြစ်သည်။ လုပ်သားပြည်သူတို့၏ အကျိုးစီးပွားအလို့ငှာ နိုင်ငံတော်ကို ဖွဲ့စည်းသည်။

၆။ ပါတီသည် အခြားသောနိုင်ငံရေးပါတီများနှင့် နိုင်ငံတော်အကျိုး သယ်ပိုးဆောင်ရွက်ရာတွင် မိတ်ဖက်အဖြစ် လက်တွဲဆောင်ရွက်သွားမည်။

၇။ ပါတီသည် လူမျိုးဘာသာ၊ ကျား/မ မရွေး၊ တောင်သူလယ်သမား၊ အလုပ်သမား၊ လူငယ်၊ ပြည်သူလူထုတစ်ရပ်လုံး၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူ့အခွင့်အရေးနှင့် ရပိုင်ခွင့်များကို လူထု၏လိုအပ်ချက်အရ ဒေသအလိုက် ဆောင်ရွက်သွားမည်။

၈။ လူမျိုးစုငယ်များ၏ အမည်နာမဖော်ထုတ်ရေးကို ဆောင်ရွက်သွားမည်။

၉။ ပါတီသည် အမျိုးသားနိုင်ငံရေးပါတီဖြစ်သည်နှင့်အညီ Democracy လမ်းကြောင်းပေါ်သို့ ကျင့်ကြံအားထုတ်နေရင်း အမျိုးသားအရေးကို ကြိုးပမ်းဆောင်ရွက်နေမည်။

၁၀။ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည် နိုင်ငံတော်၏ အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး၊ ပြည်သူလူထု၏ ဘဝလုံခြုံရေးတွင် ပါဝင်ဆောင်ရွက်သွားမည်။

၁၁။ သယံဇာတတူးဖော်ရေး၊ စက်ရုံအလုပ်ရုံတည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ရာတွင် ပုဂ္ဂလိကပိုင်/ ကုမ္ပဏီပိုင်၊ နိုင်ငံတော်ပိုင် စသော စီးပွားရေးကဏ္ဍ၏ ပိုင်ဆိုင်မှု နှင့် ရင်းနှီးမြှုပ်နှံမှုတွင် Transparency ပွင့်လင်းမြင်သာမှုရှိရေးအတွက် အထောက်အကူပြုလုပ်ဆောင်သွားပါမည်။

**နိုင်ငံခြားရေးမူဝါဒသဘောထား**

၁။ လွတ်လပ်သော နိုင်ငံခြားရေးမူဝါဒကို ကျင့်သုံးမည်။

၂။ နိုင်ငံတကာဆက်ဆံရေးတွင် ကမ္ဘာ့ငြိမ်းချမ်းရေးကို ထိန်းသိမ်းကာကွယ်ရန်နှင့် ငြိမ်းချမ်းစွာအတူနေ ထိုင်ရေးမူကြီး (၅)ချက်ကို ကျင့်သုံးသွားမည်။

၃။ ကမ္ဘာ့ကုလသမဂ္ဂ ပဋိညာဉ်စာချုပ်များကို လေးစားလိုက်နာဆောင်ရွက်သွားမည်။

**ဘာသာရေးဆိုင်ရာ သဘောထား**

၁။ တိုင်းရင်းသားတိုင်းသည် မိမိသက်ဝင်ယုံကြည်ကိုးကွယ်ရာဘာသာကို လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိသည်။

၂။ ဘာသာသာသနာဂိုဏ်းအချင်းချင်း ထိခိုက်နစ်နာမှုမရှိစေဘဲ အခြေခံဥပဒေနှင့်အညီ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိအောင် ဖော်ဆောင်သွားမည်။

၃။ နိုင်ငံတော်အတွင်းရှိ ဘာသာသာသနာဂိုဏ်းဂဏအချင်းချင်း မေတ္တာရှေ့ထား၍ နားလည်မှု၊ သင့်မြတ်မှုအစဉ်ရှိနေရန် ဖော်ဆောင်သွားမည်။

**လေးစားအပ်ပါသော မိဘလုပ်သားပြည်သူများခင်ဗျား -**

လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီက လုပ်ဆောင်ရမည့်လုပ်ငန်းစဉ်ကို တင်ပြသွားမည်ဖြစ်သည်။

**နိုင်ငံရေးလုပ်ငန်းစဉ်**

၁။ ပါတီစုံဒီမိုကရေစီထွန်းကားရေးမူဝါဒစနစ်ကို ချမှတ်၍ ပွင့်လင်းမြင်သာမှုရှိစွာ အစဉ်စောင့်ထိန်းကျင့်သုံးဆောင်ရွက်သွားရန်။

၂။ နိုင်ငံတော်အတွင်း၌ သူတစ်ပါးအား ထိခိုက်နစ်နာဆုံးရှုံးမှုမဖြစ်စေဘဲ လွတ်လပ်စွာ ပြုမူဆောင်ရွက်လုပ် ကိုင်နေထိုင်ခြင်း၊ ဖွင့်ဟဖော်ထုတ်ပြောဆို ရေးသားခြင်း၊ ကြံဆတွေးတောခြင်း၊ သက်ဝင်ကိုးကွယ်ခြင်း၊ လွတ်လပ်စွာတီထွင်ဖန်တီးခြင်း စသည်တို့ကို လုပ်ဆောင်ခြင်းအားဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော ပါတီစုံဒီမိုကရေစီ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ကြီးကို တည်ထောင်ရင်း လော်ဝေါ်တစ်မျိုးသားလုံး စည်းလုံးညီညွတ်မှုရရှိပြီး ဒေသခံလူထုအတွက် ဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်သွားရန်။

**စီးပွားရေးလုပ်ငန်းစဉ်များ**

၁။ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်ကို ကျင့်သုံးဆောင်ရွက်သွားရန်။

၂။ ဈေးကွက်စီးပွားရေးစနစ်တွင် တိုင်းရင်းသား၊ နိုင်ငံသား၊ လုပ်ငန်းရှင်များအား အခွင့်အရေးနှင့် လုပ်ပိုင်ခွင့်များကို အပြည့်အဝရရှိအောင် ဆောင်ရွက်ပေးရန်။

၃။ ပြည်တွင်းပြည်ပမှ လုပ်ငန်းရှင်များကို ဖိတ်ခေါ်၍ ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားရန်။

၄။ ဒေသခံတိုင်းရင်းသားများ၏ စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးနှင့် ဈေးကွက်ရရှိရေးအတွက် ကူညီဆောင်ရွက်သွားရန်။

၅။ စိုက်ပျိုးရေးကို အခြေခံ၍ လိုအပ်သော စက်မှုလုပ်ငန်းများကို တိုးမြှင့်ဆောင်ရွက်သွားရန်။

၆။ ကျေးလက်ဒေသရှိ ဆင်းရဲမွဲတေမှုပြဿနာကို ပပျောက်အောင် လုပ်ဆောင်သွားရန်။

**ပညာရေးလုပ်ငန်းစဉ်များ**

၁။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုး တိုးတက်လာစေရန် အစဉ်တွန်းအားပေးဆောင်ရွက်သွားရန်။

၂။ နိုင်ငံတကာပညာရေးစနစ်နှင့် စံနှုန်းမီအောင် အားပေးဆောင်ရွက်သွားရန်။

၃။ ပညာရည်ထူးချွန်သူများအား ဆုံးခန်းတိုင်အောင် ပညာသင်ကြား ဆည်းပူးနိုင်ရေးအတွက် ကူညီပံ့ပိုးပေးရန်။

၄။ မသင်မနေရအခမဲ့ပညာရေးစနစ်ကို နိုင်ငံတကာပညာရေးအဆင့် ဖော်ဆောင်ပေးသွားရန်။

၅။ ဒေသခံတိုင်းရင်းသားများ၏ စာပေ ပညာသင်ကြားရေးကို အစိုးရစာသင်ကျောင်းများ၌ မသင်မနေရစနစ်ဖြင့် ချမှတ်ဆောင်ရွက်သွားရန်။

ကျန်းမာရေးလုပ်ငန်းစဉ်များ-

၁။ ပြည်သူလူထု၏ ကျန်းမာရေးစောင့်ရှောက်မှုကို ဆေးရုံကြီးမှ ကျေးလက်ဒေသရှိ ဆေးပေးခန်းများတိုင်အောင် အခမဲ့ဆေးဝါးကုသခြင်းများ အပြည့်အဝခံစားနိုင်ရေးအတွက် ဆောင်ရွက်သွားရန်။

၂။ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ခေတ်မီနည်းပညာ၊ စက်ပစ္စည်းများ၊ ဆေးဝါးများနှင့် ကုသမှုပေးနိုင်ရန် ဆောင်ရွက်သွားမည်။

၃။ ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း၊ တိုင်းရင်းဆေးပညာကဏ္ဍကို အဆင့်အတန်းမြင့်မားစွာ ပေါ်ထွက်လာအောင် ဆောင်ရွက်သွားရန်။

၄။ မြို့ပြနှင့် ကျေးလက်ဒေသ ကျန်းမာရေးစောင့်ရှောက်မှု ကွာဟချက်မရှိရလေအောင် ဆောင်ရွက်သွားရန်။

**လူမှုရေးယဉ်ကျေးမှုလုပ်ငန်းစဉ်များ**

၁။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုဓလေ့ထုံးတမ်း၊ ယဉ်ကျေးမှုစာပေ၊ အနုပညာတေးဂီတတူရိယာများကို ဖော်ထုတ်မြှင့်တင်သွားရန်။

၂။ တိုင်းရင်းသားတို့၏ အခွင့်အရေးနှင့် ရပိုင်ခွင့်များကို ဖွဲ့စည်းပုံအခြေခံ စည်းမျဉ်းဥပဒေနှင့်အညီ လွတ်လပ်စွာတောင်းဆိုခြင်း၊ ရွေးချယ်ပိုင်ခွင့်ရှိခြင်း၊ ယုံကြည်ကိုးကွယ်ခွင့်ရှိခြင်းများအတွက် အစဉ်ဆောင်ရွက်သွားမည်။

၃။ တိုင်းရင်းသားများ၏ လူမှုကိစ္စအဝဝ နိုင်ငံတော်၏ အရေးကိစ္စကဲ့သို့ အလေးထားဆောင်ရွက်သွားရန်။

**အမျိုးသားရေးလုပ်ငန်း**

၁။ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီသည်အမျိုးသားနိုင်ငံရေးပါတီဖြစ်သည်နှင့်အညီ တိုင်းရင်းသားမျိုးနွယ်စုများ၏ မူလအခွင့်အရေးများဖြစ်သော ပိုင်ဆိုင်ခွင့်၊ လုပ်ပိုင်ခွင့်၊ရပိုင်ခွင့်၊ကြံစည်ဖန်တီးခွင့်၊ ယုံကြည်ကိုးကွယ်ခွင့်၊ လွတ်လပ်ခွင့်များရရှိအောင် ဆောင်ရွက်သွားရန်။

၂။ တိုင်းရင်းသားစည်းလုံးညီညွတ်ရေး၊ တိုင်းပြည်အေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတွင် ပါဝင်ဆောင်ရွက်ရန်။

၃။ ဌာနီတိုင်းရင်းသားများ၏ နယ်မြေလုံခြုံရေး၊ဘဝလုံခြုံရေး၊သဘာဝသယံဇာတပစ္စည်းကာကွယ်စောင့်ရှောက်ရေးတို့ကို ဆောင်ရွက်သွားရန်။

၄။ တိုင်းရင်းသားများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားချမ်းသာရေး၊ ရိုးရာယဉ်ကျေးမှု အနုပညာထွန်းကားရေး၊ စာပေမြင့်မားရေး၊လူနေမှုဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အစဉ်လုပ်ဆောင်သွားရန်။

**နိဂုံး**

**ချစ်ခင်လေးစားအပ်ပါသောမဲဆန္ဒရှင် မိဘလုပ်သားပြည်သူအပေါင်းတို့နှင့်တကွ လော်ဝေါ်မျိုးနွယ်စုများခင်ဗျား-**

**နိဂုံးချုပ်အနေဖြင့် ဆွေးနွေးလိုသည်မှာ** လော်ဝေါ်လူမျိုး၏ အထိမ်းအမှတ် တံဆိပ်အကြောင်း မိတ်ဆက်ပေးလိုပါသည်။ တံဆိပ်-ကြက်ဖနှင့်အလံက ဓားလွယ်ဖြစ်ပါသည်။အဓိပ္ပာယ်မှာ ကြက်ဖသည် လူသားအပေါင်းတို့ကို အချိန် နာရီပေးပါသည်။ မိုးလင်း၊ မိုးချုပ်၊ နေဝင် နေထွက် ၂၄ နာရီအချိန်ကို ကြက်တွန်သံဖြင့် အချက်ပေးနေပါသည်။တစ်ဆက်တည်းမှာပဲ ကြက်အမျိုးသည် မိခင်ကြက်ဥထဲမှ ဖောက်ထွက်၍ လောကထဲသို့ ရောက်ရှိလာပြီး မိခင်နို့တိုက်ကျွေးခြင်းမရှိဘဲ ကိုယ့်ဘာသာ ရှာဖွေစားသောက်ကာ အသက်ရှင်သောသတ္တဝါဖြစ်ပါသည် ။ဓားသည် လူသားများအတွက် ဘဝအသက်ရှင် လုပ်ကိုင်စားသောက်ရာတွင် မရှိမဖြစ် လိုအပ်သော အသက်မွေးဝမ်းကျောင်း လက်နက်ကိရိယာဖြစ်ပါသည်။ ဓားလွယ်သည် ရိုးရာယဉ်ကျေးမှုအရ အမြတ်တနိုးထားရှိသော ရိုးရာသုံးပစ္စည်းဖြစ်ပါသည်။ လော်ဝေါ် လူမျိုး၏ ရိုးသားမှုကို ဖော်ပြသော ဘဝနေထိုင်ဆင်းသက်လာပုံကို ကြက်၊ ကြက်ဖနှင့် ဓား၊ဓားလွယ် အထိမ်းအမှတ်တံဆိပ်၊ အလံဖြင့် အဓိပ္ပာယ်ဖော်ဆောင်ထားခြင်းဖြစ်ပါကြောင်း တင်ပြအပ်ပါသည်။

လော်ဝေါ်လူမျိုးသည် မြန်မာနိုင်ငံခေတ်အဆက်ဆက်တွင် ကျော်ဖြတ်လာခဲ့ ရာ မြန်မာနိုင်ငံရေးတွင် လွတ်လပ်ရေးရပြီးနောက်ပိုင်း ပါလီမန်ဒီမိုကရေစီခေတ်မှ ယနေ့တိုင်အောင်နိုင်ငံရေးပါတီများတွင် ပါဝင်ဆောင်ရွက်လာခဲ့ကြပါသည်။ သို့သော်မိမိတို့ လော်ဝေါ်အမျိုးသားနိုင်ငံရေးပါတီအဖြစ် တည်ထောင်လာခဲ့ခြင်း မရှိခဲ့ပါ။ ယခု ၂၀၁၅ ခုနှစ်မှစ၍ လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုး ရေးပါတီသည် ပထမဦးဆုံး ဖွဲ့စည်းတည်ထောင်နိုင်သော နိုင်ငံရေးပါတီဖြစ်ပါသည်။အခုလို နိုင်ငံရေးပါတီတည်ထောင်ခွင့်ရရှိသည့်အတွက်ကြောင့် နိုင်ငံတော်ရွေးကောက်ပွဲကော်မရှင်အား အထူးကျေးဇူးတင်ရှိပါကြောင်း ပြောကြားလိုပါသည်။ ယခုကျင်းပမည့် ရွေးကောက်ပွဲတွင် မဲဆန္ဒရှင်မိဘလုပ်သားပြည်သူလူထုအပေါင်းတို့သည် အသည်းနှလုံးကြားထဲက မဲတစ်ပြားကို နိုင်ငံတော်အတွက် ဆန္ဒမဲပေးကြမည်ဖြစ်ပါသည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် ဖွံ့ဖြိုးတိုးတက်သောပါတီစုံဒီမိုကရေစီ နိုင်ငံတော်ဖြစ်လာအောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရာတွင် လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီလည်း ပါဝင်ပါကြောင်း ဆွေးနွေးလိုပါသည်။ ပါတီစုံဒီမိုကရေစီစနစ်တွင် မဲဆန္ဒရှင် ပြည်သူလူထု၏ အဆုံးအဖြတ်သည်အရေးကြီးပါသည်။ မဲဆန္ဒရှင်မိဘလုပ်သားပြည်သူများက ပါတီကို ရွေးချယ်တတ်ရန်၊ လူပုဂ္ဂိုလ်ကို ရွေးချယ်တတ်ရန် လိုအပ်လာပြီဖြစ်ပါသည်။နိုင်ငံရေးပါတီများသည် နိုင်ငံတော်ကို ပို၍ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ရန် ပါတီ၏ ရည်ရွယ်ချက်၊မူဝါဒသဘောထားများကို ပါတီတိုင်းကိုယ်စီချမှတ်ကာ ရွေးကောက်ပွဲအတွက် တာစူနေကြပြီး ဖြစ်ပါသည်။ ထိုသို့ ပါတီစုံဒီမိုကရေစီစနစ်၏ အကောင်းဘက်ကို အားပြိုင်လွန်ဆွဲခြင်း အကျိုးရလဒ်သည်နိုင်ငံတော်၏ အနာဂတ်ကိုဖော်ဆောင်လျက်ရှိပါသည်။ သို့ဖြစ်ပါ ၍ ပါတီစုံဒီမိုကရေစီစနစ် ပိုမိုထွန်းကားလာစေရန် လိုအပ်ပါကြောင်း ဆန္ဒပြုဆွေးနွေးတင်ပြအပ်ပါသည်။

**ချစ်ခင်လေးစားအပ်ပါသော တိုင်းရင်းသားညီအစ်ကို မိဘလုပ်သားပြည်သူအပေါင်းတို့ခင်ဗျား-**

လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၏ ရည်ရွယ်ချက်၊ မူဝါဒသဘာထား၊ လုပ်ငန်းစဉ်များကို အတိုချုပ် ဆွေးနွေးခဲ့ပြီးဖြစ်ပါသည်။ရှုစားနားထောင်အားပေးကြသော မိဘလုပ်သားပြည်သူများအားလုံး စိတ်၏ ချမ်းသာခြင်း၊ ကိုယ်၏ ကျန်းမာခြင်းရရှိပြီး မင်္ဂလာအပေါင်းနှင့်ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်းတောင်းရင်း နိဂုံးချုပ်အပ်ပါသည်ခင်ဗျား။

**(လော်ဝေါ်အမျိုးသားစည်းလုံးညီညွတ်ရေးနှင့်ဖွံ့ဖြိုးရေးပါတီကိုဆန္ဒမဲပေးကြပါစို့)**

# ခေတ်သစ်ပြည်ထောင်စုပါတီက
# ၎င်းတို့၏မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ် စသည်တို့ကို ဟောပြောတင်ပြ

**ခေတ်သစ်ပြည်ထောင်စုပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းက ၎င်းတို့ပါတီ၏ မူဝါဒ၊ သဘောထား၊ လုပ်ငန်းစဉ်စသည်တို့ကို အောက်တိုဘာ ၄ ရက်ညပိုင်းတွင် ရေဒီယိုနှင့် ရုပ်မြင်သံကြားအစီအစဉ်များမှ ဟောပြောတင်ပြခဲ့ပါသည်။**

**အဆိုပါဟောပြောတင်ပြချက်အပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**




**ချစ်ခင်လေးစားအပ်ပါသော မဲဆန္ဒရှင်လူထုကြီးခင်ဗျား-**

ကျွန်တော်ကတော့ ခေတ်သစ်ပြည်ထောင်စုပါတီ ဗဟိုအလုပ်အမှုဆောင်ကော်မတီဥက္ကဋ္ဌ ဦးအောင်သန်းဖြစ်ပါတယ်။ ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီသည် ဖက်ဒရယ်ဒီမိုကရေစီ မဟာမိတ် ၁၄ ပါတီ၏ ပါတီတစ်ပါတီဖြစ်ပါသည်။ မိဘပြည်သူများအားလုံးရင်ထဲမှာရှိနေတဲ့၊ ကိန်းအောင်းနေတဲ့ ဒီမိုကရေစီရေးပြင်းပြဆန္ဒပြည့်ဝကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါသည်။

မဲဆန္ဒရှင်လူထုကြီးခင်ဗျား ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီရဲ့ မူဝါဒလုပ်ငန်းစဉ်တွေ မတင်ပြမီ အရေးကြီးတဲ့ အကြောင်းနှစ်ချက်တင်ပြပါမယ်။

**ပထမအချက်**

လာမည့် ၈-၁၁-၂၀၁၅ ရက်နေ့မှာကျင်းပမယ့် ရွေးကောက်ပွဲကြီးဟာ ၁၉၄၈ မှ ၁၉၆၂ အတွင်း ကျင်းပခဲ့တဲ့ ရွေးကောက်ပွဲမျိုးတွေနဲ့လည်း မတူပါဘူး။ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ ခုနှစ်အတွင်း ရွေးကောက်ပွဲမျိုးတွေလည်း မဟုတ်ပါဘူး။ ယခုရွေးကောက်ပွဲဟာ ပါတီစုံစနစ်သို့ အမှန်အကန်ကူးပြောင်းရောက်ရှိရေး၊ စနစ်ပြောင်း၊ ခေတ်ပြောင်း ရွေးကောက်ပွဲကြီးဖြစ်ဖို့ ထူးခြားအရေးပါလှတဲ့ရွေးကောက်ပွဲကြီးပဲလို့ ဆိုပါရစေ။ ယခုရွေးကောက်ပွဲသည် လွတ်လပ်ခွင့်နှင့် ဒီမိုကရေစီအတွက် သေရေးရှင်ရေးတမျှအရေးကြီးသော ပြည်သူ့ဆန္ဒပြုပွဲကြီးဖြစ်ပါသည်။

၁၉၆၂ ခုနှစ် ဒီမိုကရေစီစနစ်ပျက်သုဉ်းသွားပြီး ၂၀၀၈ ခုနှစ် ဒီမိုကရေစီစနစ်ပြန်လည်အစပျိုးခဲ့တဲ့အချိန် ၂၀၁၀ပါတီစုံ ဒီမိုကရေစီရွေးကောက်ပွဲကျင်းပခဲ့တဲ့အချိန်ထိ ဖြတ်သန်းလာခဲ့ရတဲ့အချိန်မှာ ပြည်သူလူထုတစ်ရပ်လုံး ရင်နင့်အောင် မည်သို့ခံစားခဲ့ရတယ်ဆိုတာ မြန်မာနိုင်ငံသားအားလုံး သိရှိခံစားရတဲ့ဘဝက လွတ်မြောက်အောင် လုပ်ဆောင်မယ့်အချိန်၊ ကြိုးစားရမယ့်အချိန် ယနေ့ရောက်ရှိလာပါပြီ။ ရင်နင့်အောင်ခံစားခဲ့ရလို့ ဖြစ်ချင်တဲ့ဆန္ဒ နိုင်ငံသားအားလုံးရဲ့ ရင်ထဲမှာ ကိန်းအောင်းနေပါတယ်။ အဲဒီ hidden desire ဆိုတဲ့ ရင်ထဲကဆန္ဒကြီးကို ထုတ်ဖော်ပြသကြဖို့ အချိန် Turning Point တစ်ဆစ်ချိုးအကွေ့ရောက်နေပါပြီ။

တပ်မတော်အပိုင်းကို ပြောချင်ပါတယ်။ လူမှုရေး၊ ဘာသာရေး၊ သာသနာရေး၊ နိုင်ငံတော်ရဲ့ အကျိုးစီးပွားဆောင်ရွက်ကြတဲ့ အသက်စွန့်ပြီးတော့ နိုင်ငံအတွက်အလုပ်လုပ်ကြတဲ့ စစ်ခေါင်းဆောင်တွေ၊ တပ်မတော်သားတွေ အသက်စွန့်ပြီး ရှေ့တန်းတိုက်ပွဲ ဆင်နွှဲနေကြတဲ့ တပ်မတော်သားတွေ၊ တပ်မတော်ခေါင်းဆောင်တွေ သူတို့က ဟိုမှာတိုက်ပွဲ ဆင်နွှဲနေတုန်း ဒီက တစ်ခါတစ်ခါ ဘာဖြစ်သွားမှန်းကို မသိဘူး။ စွန့်လွှတ်လိုက်ရတာတွေ ပြန်လာတော့မရှိတော့ဘူး။ အဲဒါမျိုးတွေ အများကြီးပါ။ သူတို့ကိုယ်တိုင်လည်း အသက်စွန့်သွားလို့ ဒီကမုဆိုးမဖြစ်သွားပြီး ကျန်ရစ်တာတွေ ခြေထောက်တွေပြတ်၊ လက်တွေပြတ်၊ မျက်လုံးတွေကန်း နိုင်ငံအတွက် စွန့်လိုက်ရတာတွေ အားလုံးမြင်ကြသိကြပါတယ်။

ပြည်ထောင်စုကြီးကို ကာကွယ်နိုင်ရေးအတွက် ရှိသင့်ရှိထိုက်တဲ့ အင်္ဂါရပ်တွေနဲ့ပြည့်စုံတဲ့ ကမ္ဘာ့အဆင့်အတန်းမီ တပ်မတော်၊ မြန်မာ့တပ်မတော်တစ်ခု မရှိမဖြစ်လိုအပ်တယ်လို့ ခေတ်သစ်ပြည်ထောင်စုပါတီမှ ခံယူပါတယ်။

**(An Army with profe standards)**

ယနေ့ တပ်မတော်သည် မိဘပြည်သူများ၏ ရင်နှစ်သည်းချာသားသမီးများနှင့် ဖွဲ့စည်းထားတဲ့တပ်မတော် (An Army with national pride) အမျိုးဂုဏ်ကို ချစ်မြတ်နိုးတဲ့ဂုဏ်၊ မာန်မာနရှိတဲ့ တပ်မတော်၊ မြန်မာနိုင်ငံသားအားလုံးထဲက မြန်မာနိုင်ငံသားများဖြစ်တယ်။ မြန်မာနိုင်ငံရဲ့ အနာဂတ် ငြိမ်းချမ်းသော၊ လုံခြုံသော၊ ညီညွတ်သောနိုင်ငံဖြစ်ရေး၊ ဒီမိုကရေစီမြန်မာနိုင်ငံတော်ဖြစ်ရေး၊ ဒီမိုကရေစီစနစ်ဆီသို့ ချီတက်ကြရာမှာ ပြည်သူလူထု နိုင်ငံသားအားလုံးနဲ့အတူ ညီညီညွတ်ညွတ်အတူချီတက်ပြီး မြန်မာနိုင်ငံရဲ့ အနာဂတ် ငြိမ်းချမ်းသော၊ လုံခြုံသော၊ ညီညွတ်သော (Peace, Security and Unity) မြန်မာနိုင်ငံတော်ကြီး တည်ဆောက်ကြဖို့ရာမှာ မြန်မာတပ်မတော်ကျန်နေလို့မဖြစ်၊ ချန်ထားလို့မရ မိဘပြည်သူနဲ့ တစ်သားတည်း၊ တစ်စိတ်တည်း၊ တစ်ဝမ်းတည်း လက်ရေတစ်ပြင်တည်း လက်တွဲလုပ်ဆောင်ကြဖို့လိုပါတယ်။

ခရိုနီလို့ အမည်တပ်ခံရသူများအနေဖြင့် ကိုယ်က ဘီလျံ(Billion)၊ မီလျံ (Million) လောက်ချမ်းသာနေမယ်၊ ကျောင်းမနေနိုင်တဲ့ ကလေးတွေ၊ ဆေးမကုနိုင်တဲ့ ပုဂ္ဂိုလ်တွေကို ဆေးလေး၊ ပညာရေးလေးတွေဝေပေးပါ။ Share our position with the poor people poverty. နိုင်ငံသားတွေ အများကြီး poor ဖြစ်နေကြတယ်။ Poverty ဖြစ်နေတဲ့ပုဂ္ဂိုလ်တွေများနေကြပါတယ်။ The possersor တွေဝေနိုင်မှ Tension တွေ လျော့လာမယ်။ fighting, confiction တွေလျော့သွားမယ်။ နာနာလုပ်ပေးနိုင်ရင် အရာရာကို အောင်မြင်ပါတယ်။ Learning the beauty of giving ပေးကမ်းစွန့်ကြဲခြင်းနဲ့ ပတ်သက်တဲ့အလှအပတွေကို သင်ယူလေ့လာကြပါ။ လက်တွေ့ဆောင်ရွက်ကြပါ။ We Should pity on millions of pepole who are living under poverty line ဆင်းရဲမွဲတေနေကြတဲ့ နိုင်ငံသားတွေ လူတွေကို များများကြည့်ပြီးတော့ မီလျံနာတွေ၊ ဘီလျံနာတွေက ဝေငှနိုင်တဲ့စိတ်ဓာတ်တွေမွေးကြပါ။ And Suffering from diseases and ignorance ရလာတဲ့ mental disease ရောဂါအမျိုးမျိုးကြောင့်ရလာတဲ့ Physical disease၊ အဲဒီ Disease နှစ်ပါးကိုခံနေရတဲ့ ပုဂ္ဂိုလ်တွေကိုကြည့်ပြီး သနားပြီး၊ မေတ္တာထားပြီး များများကြီးဝေတဲ့ အလုပ်လက်တွေ့လုပ်ကြပါ။ ချစ်သောမျက်လုံးနဲ့ကြည့်ပြီးတော့ မေတ္တာရှေ့ထားလုပ်ကြပါလို့ တိုက်တွန်းပါတယ်။

**ဒုတိယအချက်**

ဒုတိယအချက်ကတော့ ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီ မူလတည်ထောင်စဉ်က ပါတီဖွဲ့စည်းရေးဆိုတာထက် အမျိုးသားရေးအသွင်ဆောင်တဲ့ အဖွဲ့အဖြစ် တည်ထောင်ခဲ့ခြင်းဖြစ်ပါတယ်။

လက်ငင်းဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို အစွမ်းရှိသမျှဖြေရှင်းပေးခဲ့ပါတယ်။ ပါတီစုံဒီမိုကရေစီစနစ်သို့ ငြိမ်းချမ်းစွာပြောင်းလဲသွားနိုင်ရေးအတွက် လွတ်လပ်တရားမျှတတဲ့ ရွေးကောက်ပွဲသာလျှင် တစ်ခုတည်းသော ထွက်ရပ်လမ်းဖြစ်တယ်လို့ ယုံကြည်ပါတယ်။ ယုံကြည်သည့်အတိုင်း ကြိုးပမ်းဆောင်ရွက်သွားမှာဖြစ်ပါတယ်။

ဒီမိုကရေစီကမဲပေးတာ၊ အခြေခံဥပဒေရှိရုံနဲ့ မလုံလောက်ပါဘူး။ လူတစ်ယောက်ရဲ့ အခြေခံအခွင့်အရေးတို့ကို အကာအကွယ်ပေးဖို့လိုပါတယ်။ ပုဂ္ဂလိက လွတ်လပ်ခွင့်မရှိသရွေ့ ဒီမိုကရေစီရှိတယ်လို့မမြင်ပါဘူး။ ဒီမိုကရေစီတိုးတက်ဖို့ လူမှုအဖွဲ့အစည်းအမြင်ပြောင်းဖို့လိုပါတယ်။

လူထုကို အာဏာကိုဘယ်လိုပေးမလဲ၊ အစိုးရနဲ့ဘယ်လိုဆက်ဆံမလဲ။ မြန်မာ့ဒီမိုကရေစီ ပြောင်းလဲရေးအတွက် မူဝါဒပြောင်းလဲမှုနဲ့ လူမှုအဖွဲ့အစည်းအမြင်ပြောင်းလဲခြင်းပါ။ မူဝါဒက လက်ရှိစပြီးပြောင်းလဲလာပြီ။ အဲဒါကို ကြိုဆိုပါတယ်။ လူမှုအဖွဲ့အစည်းပြောင်းလဲဖို့ ဆက်ကြိုးစားကြရမှာဖြစ်ပါတယ်။

ဗိုလ်ချုပ်အောင်ဆန်းလို စစ်ရေးနဲ့ နိုင်ငံရေးတွဲပြီး ကျင့်ဝတ်ပိုင်းအားကောင်းတဲ့ လူထုခေါင်းဆောင် နိုင်ငံရေးသမားမျိုး မြန်မာနိုင်ငံမှာ လိုအပ်နေပါတယ်။

နိုင်ငံသားတိုင်းရဲ့ အတွင်းနှလုံးသားမှာ ပြင်းပြတဲ့ဆန္ဒ (hidden desire) ရှိပါတယ်။ အဲဒီဆန္ဒကို ယနေ့ ရဲရဲဝံ့ဝံ့ထုတ်ဖော်ကြပါ။

**မဲဆန္ဒရှင် လူထုကြီးခင်ဗျား**

မဲဆန္ဒရှင်လူထုကြီးကို အပိုင်း (၅)ပိုင်းခွဲပြီး ရှင်းလင်းတင်ဆက်ပါမယ်။

၁။ ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီ ပေါ်ပေါက်လာပုံ၊
၂။ ကျွန်တော်တို့ ပါတီကိုင်စွဲထားတဲ့ ယုံကြည်ခံယူချက်၊ လမ်းစဉ်နဲ့ လုပ်ငန်းစဉ်၊
၃။ ကျွန်တော်တို့ပါတီရဲ့ ရွေးကောက်ပွဲအပေါ် သဘောထားနှင့် ရွေးကောက်ပွဲတွင် ပါဝင်မှု၊
၄။ မဲဆန္ဒရှင် လူထုကြီးရဲ့ပိုင်ခွင့်၊
၅။ ခေတ်သစ်ပြည်ထောင်စုပါတီ ကိုယ်စားလှယ်လောင်းများအတွက် မေတ္တာမဲပန်ကြားတောင်းခံခြင်းတို့ ဖြစ်ပါတယ်။

ခေတ်သစ်ပြည်ထောင်စုပါတီ ယခင်ရှိခဲ့တဲ့ ပြည်ထောင်စုပါတီ (ပ. ထ. စ) အဖွဲ့ကြီးရဲ့သဘောထားခံယူချက်များ ဆက်လက်၍ ခေတ်နှင့်အညီ ဆောင်ရွက်သွားရန် ဖွဲ့စည်းလိုက်တဲ့ပါတီဖြစ်ပါတယ်။

**မိဘပြည်သူများခင်ဗျား-**


ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီခံယူထားတဲ့ ဝါဒက မေတ္တာဝါဒဖြစ်ပါတယ်။

ကမ္ဘာ့လူသားတို့ အကြိုက်တူဝါဒတစ်ခုကို စတင်တည်ထောင်ခဲ့ကြရာမှာ ကိုယ်ချင်းစာ မေတ္တာဝါဒ၊ ကမ္ဘာဦးဝါဒ၊ ကမ္ဘာသစ်တည်ထောင်သောဝါဒ ဖြစ်ပါတယ်။ မေတ္တာဝါဒကိုစွဲကိုင်ပြီး ကျင့်သုံးကြမယ်ဆိုရင် အရာရာအောင်မြင်မယ်လို့ ယုံကြည်ပါတယ်။

**ပြည်သူလူထုကြီးခင်ဗျား-**

ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီရဲ့ လုပ်ငန်းစဉ်တွေကို အောက်ပါအတိုင်း ချမှတ်ထားပါတယ်။

လက်ငင်းဖြစ်ပေါ်နေတဲ့ ပြဿနာတွေကို အစွမ်းရှိသမျှဖြေရှင်းပေးရန်၊ ဒီနေ့ ကျွန်တော်တို့ပြည်ထောင်စုမှာ မဖြေရှင်းရင် မဖြစ်တဲ့ပြဿနာဟာ ပြည်တွင်းငြိမ်းချမ်းရေးပြဿနာပါ။ ငြိမ်းချမ်းရေးရှိမှသာ ဒီမိုကရေစီရဲ့ အဓိပ္ပာယ်ပြည့်စုံပြီး ဝပြောသာယာတဲ့ ပြည်ထောင်စုကြီးကို တည်ထောင်နိုင်မှာပါ။ ဒါကြောင့် ပြည်တွင်းလက်နက်ကိုင်အဖွဲ့မှာ ပါဝင်နေတဲ့အင်အားစုများအားလုံး ကြိုတင်စည်းကမ်းချက်များမထားဘဲ တွေ့ဆုံဆွေးနွေးပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖြေရှင်းကြမှသာ ရေရှည်တည်တံ့ကျယ်ပြန့်ခိုင်မာတဲ့ ပြည်တွင်းငြိမ်းချမ်းရေးကို တည်ဆောက်နိုင်မယ်လို့ ကျွန်တော်တို့ ခေတ်သစ်ပြည်ထောင်စုပါတီက မဝိုတ်မသုန်ယုံကြည်ပါတယ်။ ယနေ့ ငြိမ်းချမ်းရေးဆွေးနွေးပွဲတွေမှ တစ်ဆင့် ငြိမ်းချမ်းသောလုံခြုံရေး၊ ညီညွတ်သော (Peace, Security and Unity) မြန်မာနိုင်ငံတော်ကြီး အဖြစ် ရပ်တည်နိုင်အောင် ကြိုးပမ်းကြဖို့ ဖြစ်ပါတယ်။




**မိဘပြည်သူများခင်ဗျား-**

နိုင်ငံ့ဝန်ထမ်းများနဲ့ စတင်ဝင်ရောက်တဲ့အဆင့်မှ အမြင့်ဆုံးအဆင့်ထိ ရောက်ရှိခံစားခွင့်နဲ့ အငြိမ်းစားဝန်ထမ်းများအတွက် ခေတ်နဲ့လျော်ညီသော လစာရိက္ခာများရရှိအောင် ဆောင်ရွက်ပါမယ်။

**စီးပွားရေး**

မှန်ကန်သော ကမ္ဘာ့အဆင့်မီ ကမ္ဘာနဲ့ ရင်ပေါင်တန်းနိုင်တဲ့ စီးပွားရေးစနစ် "Free and competative Trade policy" စနစ်ကို ချမှတ်ဆောင်ရွက်ရန် ဖြစ်ပါတယ်။ နိုင်ငံတော်က စွက်ဖက်ကြိုးကိုင်မှုကင်းသော လွတ်လပ်စွာယှဉ်ပြိုင်ထုတ်လုပ်ရောင်းချသည့် စီးပွားရေးစနစ်တစ်ရပ်ကို တည်ထောင်အကောင်အထည်ဖော်ခြင်းဖြင့် ဖွံ့ဖြိုးမှုအနိမ့်ဆုံးနိုင်ငံ (LDC) တစ်နိုင်ငံဘဝမှလွတ်မြောက်စေပါမည်။ ဒီစနစ်ဖြင့် ကုန်ပစ္စည်းပေါများရေး၊ ကုန်ဈေးနှုန်းကျဆင်းရေးပြုလုပ်ရန် ရည်ရွယ်ပါသည်။ မြန်မာငွေရဲ့တန်ဖိုးကို နိုင်ငံခြားငွေများနဲ့ ကွာဟချက်နည်းနိုင်သမျှနည်းအောင် စီမံမှုတွေချမှတ်ထားပါမယ်။ပြည်တွင်းသုံးငွေကိုလည်း အာမခံချက်ရရှိရေးအတွက် ဥပဒေရေးဆွဲပြဋ္ဌာန်းပေးမည်။

**လူထုကျန်းမာရေး**

လက်ရှိ ကျန်းမာရေးစနစ်သည် ၇၀ ရာခိုင်နှုန်းသော ပြည်သူများနေထိုင်သည့် ကျေးရွာနှင့်ဝေးလံခေါင်းပါးသော ဒေသရှိ ပြည်သူများအတွက် လက်လှမ်းမီနိုင်မှု အနေအထားများ များစွာလိုအပ်ဆဲဖြစ်ပါတယ်။

ဤကိစ္စကို အဖြေရှာနိုင်ရန် ပြည်သူတစ်ရပ်လုံး လွှမ်းခြုံသော သာမျှညီကျန်းမာရေးစောင့်ရှောက်မှုစနစ် (Universal Health Coverage) ကို တစိုက်မတ်မတ် အားထည့်ဆောင်ရွက်မည်ဖြစ်သည်။

**ပညာရေး**

အနာဂတ်မြန်မာနိုင်ငံတော် ကလေးသူငယ်များအရေး၊ ကျန်းမာရေး၊ ပညာရေးအပိုင်းတွင် နိုင်ငံတော်ဘတ်ဂျက်မှ သီးခြားခေါင်းစဉ်ဖြင့် ခွင့်ပြုသုံးစွဲနိုင်ရေး ဆောင်ရွက်မယ်။

ကမ္ဘာ့အဆင့်မီ ပညာရေးစနစ်ကို အကောင်အထည်ဖော်သွားပါမယ်။ ကျောင်းသားသမဂ္ဂ၊ ဆရာများ သမဂ္ဂမှာဖွဲ့စည်းခွင့် ရရှိရေးဆောင်ရွက်မယ်။ အမျိုးသားပညာရေးဥပဒေရေးဆွဲပြဋ္ဌာန်းရာ၌ အနာဂတ်အတွက်နဲ့ ယနေ့ဖြစ်ပေါ်နေသောအခြေအနေ အရပ်ရပ်ကို ပြုပြင်ပြောင်းလဲပြီး နိုင်ငံတကာစံချိန်မီအောင် ပညာရေးစနစ်ဖြစ်ပေါ်ရေး ဆောင်ရွက်မယ်။

**အလုပ်သမား**

အလုပ်သမားတွေနဲ့ ပတ်သက်ရင် အလုပ်သမားတွေ၊ အရာထမ်း၊ အမှုထမ်းတွေ မနစ်နာရအောင် အဖြစ်ဘဝ ကာကွယ်ပေးမယ့် စည်းမျဉ်းဥပဒေတွေ ပြဋ္ဌာန်းပေးသွားမယ်။

**လယ်သမား**

လယ်သမားများနဲ့ပတ်သက်ပြီး လယ်ရှင်မြေရှင်ကြီးများပေါ်ပေါက်စေတဲ့ ဥပဒေဖျက်သိမ်းရေးဆောင်ရွက်မယ်။

**နိုင်ငံခြားရေး**

လွတ်လပ်ပြီး ဘက်မလိုက်တဲ့ နိုင်ငံခြားရေးဝါဒကို ကျင့်သုံးမှာဖြစ်ပါတယ်။

**တရားစီရင်ရေး**

ဥပဒေနှင့်အညီ တရားစီရင်သော တရားစီရင်ရေးဆိုင်ရာ ဥပဒေအသစ်များ ရေးဆွဲပြဋ္ဌာန်းပြီး လူထုအားလုံး အားကိုးလေးစားသော တရားစီရင်ရေးပေါ်ပေါက်အောင်ဆောင်ရွက်မယ်။

**အလံနှင့် တံဆိပ်**

ခေတ်သစ်ပြည်ထောင်စုပါတီ၏ အလံနှင့်တံဆိပ်အဓိပ္ပာယ်ဖော်ညွှန်းမှုမှာ ပါတီအလံ၏ နောက်ခံအပြာရောင်မှာ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးစုများအားလုံး အေးအတူပူအမျှ ဥမကွဲသိုက်မပျက်အတူတကွ နေမယ်ဆိုတဲ့ အဓိပ္ပာယ် ဖြစ်ပါတယ်။

အဖြူရောင်ကြယ် ၁၄ ခု စက်ဝိုင်းတည်ဆောက်ထားခြင်းမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၄ ခုတို့နဲ့ တိုင်းရင်းသားလူမျိုးစုများအားလုံးတို့ရဲ့ သဘော သဘာဝကို ဖော်ညွှန်းထားပါတယ်။

ခေတ်သစ်ပြည်ထောင်စုပါတီစာလုံး အဝါရောင်မှာ "သီလ၊ သမာဓိနှင့် နည်းပညာ" တို့ကို ဖော်ညွှန်းပါတယ်။

NEU မှာ New Era Union Party ၏ အတိုကောက်စာလုံးဖြစ်ပြီး အစိမ်းရောင်မှာ ပြည်တွင်းငြိမ်းချမ်းရေးကို ဖော်ညွှန်းပါတယ်။

ယနေ့ ရွေးကောက်ပွဲဟာ လူ့လွတ်လပ်ခွင့်နဲ့ဒီမိုကရေစီအတွက် သေရေးရှင်ရေးတမျှ အရေးကြီးသော ပြည်သူ့ဆန္ဒပြုပွဲကြီး ဖြစ်ပါတယ်။ လွှတ်တော်တွင် ဥပဒေရေးရာ ဆွေးနွေးအကြံပြုနိုင်သူများ များများရောက်ရှိအောင် ဆောင်ရွက်ကြပါလို့ တိုက်တွန်းရင်း နိဂုံးချုပ်အပ်ပါတယ်ခင်ဗျာ---

လူသစ်စိတ်သစ်ဖြင့် နိုင်ငံတော်သစ်တည်ဆောက်ကြပါစို့။